# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် ၂၀၂၁ ခုနှစ်၊ မတ် ၁၉ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၁၇၀)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ မတ်လ ၁၉ ရက်

**ချစ်ခင်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကို မောင်နှမများ ခင်ဗျား -**

ယနေ့ မတ်လ (၁၉) ရက်နေ့တွင် ကျရောက်သည့် (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့ခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပြောကြားလိုပါသည်။ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်သူပြည်နယ်သားများ၊ မွန်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မွန်ပြည်နယ်သည် ယခင်တနင်္သာရီတိုင်းအမှတ် (၁) အတွင်း ပါဝင်ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၀၊ ပုဒ်မခွဲ (ဂ) တွင် တနင်္သာရီတိုင်းအမှတ် (၁)ကို မွန်ပြည်နယ်ဟု ကမ္ပည်းတင်ရေးသားခဲ့သည့် မတ်လ (၁၉) ရက်နေ့ကို **"မွန်ပြည်နယ်နေ့"** အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၄၇) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

မွန်တိုင်းရင်းသားတို့သည် အခြားညီနောင်ဘွား တိုင်းရင်းသားမျိုးနွယ်စုတို့နှင့်အတူ ပြည်ထောင်စုအတွင်း အေးအတူ ပူအမျှ နေထိုင်ခဲ့ကြပါသည်။ ထိုသို့နေထိုင်ခဲ့ကြရင်း နယ်ချဲ့လက်အောက်ကို ကျရောက်သွားခဲ့ချိန်တွင်လည်း အခြားတိုင်းရင်းသားများနှင့်အတူ ဆုံးရှုံးထားသော လွတ်လပ်ရေးကို ပြန်လည်ရယူရာတွင်လည်းကောင်း၊ ရရှိပြီးသောလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ရေးတို့တွင်လည်းကောင်း စုပေါင်းလက်တွဲပါဝင်ခဲ့ကြပြီး ဥမကွဲသိုက်မပျက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နေထိုင်လာခဲ့ကြပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသား မျိုးနွယ်စုများကဲ့သို့ပင် မွန်တိုင်းရင်းသားတို့သည် ရှည်လျားလှသောသမိုင်းစဉ်နှင့် အဆင့်မြင့်သော ယဉ်ကျေးမှုတို့ကို ပိုင်ဆိုင်သည့် လူမျိုးများဖြစ်ပါသည်။ ထိုကဲ့သို့ ကောင်းမြတ်သည့် သမိုင်းအစဉ်အလာကို ဆက်လက်ထိန်းသိမ်း၍ *စာမျက်နှာ ၃ ကော်လံ ၁* ✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Video Conferencing စနစ်ဖြင့် ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM-18) သို့ တက်ရောက်စဉ်။ သတင်းစဉ်

# (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM-18) ကို Video Conferencing စနစ်ဖြင့်ကျင်းပ

**နေပြည်တော် မတ် ၁၈**

(၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 18th ASEAN Chiefs of Defence Forces Meeting (ACDFM-18) အစည်းအဝေးကို Online Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး တို့တက်ရောက်ကြပြီး ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlawan Haji Hamzah Bin Haji Sahat နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ အင်ဒိုနီးရှားအမျိုးသားတပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieu-tenant General Ganip Warsito နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာနယာယီအကြီးအကဲ Major General Chanthong Soataath နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato Hj Affendi bin Buang နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဖိလစ်ပိုင်တပ်မတော်မှ ဒုတိယတပ်မတော်ဦးစီးချုပ်

*စာမျက်နှာ ၄ ကော်လံ ၁* ❍

မြန်မာ့အလင်း

# နိုင်ငံ၏ အနာဂတ်အင်အား လူငယ်များ ဖွံ့ဖြိုးရေး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိနိုင်ငံတွင် ရှိနေသည့် ငွေကြေးအင်အား၊ ရုပ်ဝတ္ထုအင်အားနှင့် လူအင်အားဟူသော အရင်းအမြစ်သုံးခုကို ထိထိရောက်ရောက် စုစည်းအသုံးပြုကြရသည်။ အဆိုပါ အရင်းအမြစ်သုံးခုတွင် အဓိကအကျဆုံးမှာ လူ့စွမ်းအားအရင်းအမြစ် ဖြစ်သည်။ ကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်က ကျန်သည့် ငွေကြေးနှင့် ရုပ်ဝတ္ထုအရင်းအမြစ်တို့ကို အသုံးပြုကာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိရောက်စွာ အသုံးမပြုနိုင်ဆုံးသော အရင်းအမြစ်မှာ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သလို လေလွင့်ပြုန်းတီးမှု အများဆုံးသော အရင်းအမြစ်လည်း ဖြစ်သည်ဟူ၍ သုတေသီများက ဆိုကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်သည့်အရွယ်ဟူ၍ အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိအရွယ် တစ်နည်းအားဖြင့် အလုပ်လုပ်ကိုင်နိုင်သည့်အရွယ်ကို သတ်မှတ်ထားခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်းရှိ အလုပ်လုပ်နိုင်သည့် လူဦးရေအချိုးအစားမှာ ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိနေရာ ယင်းသို့ အများအပြားရှိနေခြင်းသည် နိုင်ငံအတွက် “လူဦးရေဆိုင်ရာ ဆုလာဘ်”ဖြစ်ပြီး နှစ်ပေါင်း ၂၀ အတွင်း ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း လူဦးရေဆိုင်ရာ ပညာရှင်များက ထောက်ပြထားသည်။ မိမိတို့တွင် ရှိနေသည့် လူဦးရေဆိုင်ရာဆုလာဘ် သို့မဟုတ် လူသားအရင်းအမြစ်ကို တန်ဖိုးမြှင့်တင်နိုင်ရန် လိုအပ်သည့်အလျောက် ကျန်းမာသန်စွမ်းသူများဖြစ်အောင် အတတ်ပညာ၊ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်သူများဖြစ်အောင် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရာတွင် လူငယ်ဖွံ့ဖြိုးရေးက အဓိကကျသည်။ လူငယ်ကို အသက်အပိုင်းခြားအားဖြင့် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိသူများကို သတ်မှတ်ထားခြင်းဖြစ်သည်။ ယင်း အသက်အပိုင်းအခြားသည် ပညာသင်ယူသည့်အရွယ်နှင့် လုပ်ငန်းခွင်ဝင်ရောက်သည့် အရွယ်တို့ ဆက်စပ်ပါဝင်နေခြင်းဖြစ်ရာ လူငယ်များကျန်းမာကြံ့ခိုင်ရေး၊ အသိပညာ အတတ်ပညာများ တတ်မြောက်ကျွမ်းကျင်ရေး၊ အကျင့်စာရိတ္တကောင်းမွန်မြင့်မားရေး၊ လူမှုပေါင်းသင်းဆက်ဆံမှုတို့ ကျွမ်းဝင်ရေး၊ ဥစ္စာစီးပွားတို့ ပြည့်စုံရေးဟူသော ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ တောင်ပေါ် မြေပြန့်နှင့် နယ်စပ်ဒေသများပါမကျန် လူငယ်များဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် နယ်ပယ်များတွင် လူငယ်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်နိုင်ရန် လက်တွေ့ကျကျ ဆောင်ရွက်ပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန်နှင့် နိုင်ငံရေးအတွက် အသုံးချခံရသူများ ဖြစ်မသွားစေရန် ဦးတည်ထားရန် လိုအပ်သည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးတုံ့ဆိုင်းကျဆင်းမှုနှင့်အတူ ကပ်ရောဂါကာလအတွင်း ကန့်သတ်တားဆီးထားရသည်များအတွက် လူငယ်များ၏ ပညာသင်ကြားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ ဆုံးရှုံးနစ်နာလျက်ရှိကြသည်။ မြို့ပြ၊ ကျေးလက်နှင့် လူမှုအဆင့်အတန်းအသီးသီးတွင် ရှိနေသည့် လူငယ်များအားလုံးမှာ လတ်တလော အနာဂတ် ပျောက်ဆုံးနေကြသည့်အချိန်တွင် နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်ခဲ့ရာ လူငယ်အများအပြားတို့မှာ နိုင်ငံရေးသမားတို့၏ အသုံးချခံဖြစ်ခဲ့ရသည်။ မည်သို့ပင်ဆိုစေ နိုင်ငံ၏ အနာဂတ်ကို ပိုင်စိုးသူများမှာ လူငယ်များသာဖြစ်သည့် အလျောက် လူငယ်များဖွံ့ဖြိုးရေးကို မပျက်မကွက် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်ကို တည်ဆောက်နိုင်ပါစေကြောင်း။ ။

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သံအမတ်ကြီး ဦးတင်ယု ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၉

ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ်၊ မတ် ၁၇ ရက်တွင် ရီယာဒ်မြို့၌ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် ဆယ်လမန်ဘင် အဗ္ဗဒူ(လ်) အာဇစ် အယ်လ် ဆာအု(ဒ်)ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်

## ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်တွင် Wave Pay ၊ MPT Pay တို့ဖြင့် ပင်စင်လစာထုတ်ယူနေသော မိဘပင်စင်စားများအနေဖြင့် လတ်တလောအခြေအနေအရ ၂၀၂၂ ခုနှစ် မတ်လအတွက် အငြိမ်းစားလစာငွေများကို Mobile Agents များတွင် ထုတ်ယူခြင်းအစား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် E-Pension ကတ်အသုံးပြု၍ ထုတ်ယူနိုင်ပါရန်နှင့် COVID-19 ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် ၂၂-၃-၂၀၂၂ ရက်နေ့ တစ်ရက်တည်း ထုတ်ယူခြင်းအစား ယင်းနေ့နောက်ပိုင်း ဘဏ်ဖွင့်ရက်များတွင် ဘဏ်လုပ်ငန်းချိန်အတွင်း လွယ်ကူစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

# အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လို

**CDM လှုပ်ရှားဆောင်ရွက်ထားသည့် ဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ထမ်းဆောင်မှုမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လစာထုတ်နေကြသည်များကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအလိုက် စနစ်တကျစစ်ဆေးအရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်မညီသည့် အကြောင်းအရာများနှင့် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုနှင့် မလျော်ညီစွာ ဝတ်စားဆင်ထားသည့် ဓာတ်ပုံများ အထူးသဖြင့် လူမှုကွန်ရက်မျက်နှာစာများတွင် အရှက်တရား၊ အကြောက်တရားမရှိ ဓာတ်ပုံများ ဖော်ပြနေမှုများရှိကြောင်း၊ ယင်းလုပ်ရပ်မှာ အများပြည်သူကို စိတ်ဓာတ်ပျက်စီးအောင် ဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၁-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

* **တိုင်းရင်းသားလူမျိုးများအလိုက် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများထွန်းကားရာ ပြည်နယ်တစ်ခုလည်းဖြစ်**
* **ဤကဲ့သို့ ရရှိပြီးသော အခြေအနေကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူများအားလုံးက စည်းလုံးချစ်ခင်စွာဖြင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လို**

✻ *ရှေ့ဖုံးမှ*

တိုင်းရင်းသားများအချင်းချင်း ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ရေးသည် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့အတွက် အလွန်ပင် အရေးကြီးလှပါသည်။

မွန်ပြည်နယ်တွင် မွန်နှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရခိုင်၊ ရှမ်းနှင့်ပအိုဝ့် စသည့်တိုင်းရင်းသားများလည်း အတူတကွ ချစ်ကြည်အေးချမ်းစွာ နေထိုင်လျက်ရှိပါသည်။ မွန်ပြည်နယ်သည် ရာသီဥတုကောင်းမွန်မျှတ၍ စိမ်းလန်းစိုပြည်သည့် သစ်တော၊ မြစ်ချောင်း၊ ပြန့်ပြူးသာယာသည့် ပင်လယ်ကမ်းခြေ အလှတို့နှင့် ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးများအလိုက် အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများ ထွန်းကားရာ ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ဤကဲ့သို့ရရှိပြီးသော အခြေအနေကောင်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူများအားလုံးက စည်းလုံးချစ်ခင်စွာဖြင့် အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ သို့မှသာ မိမိတို့ ဦးတည်ရည်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို အောင်မြင်ချောမောစွာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း ကြုံတွေ့ခဲ့ရသော နိုင်ငံရေးပဋိပက္ခများကို အခြေခံသည့် ရိုက်ခတ်မှုကြောင့် ခါးသီးသော အတွေ့အကြုံများကို ခံစားခဲ့ရပြီးဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို အချင်းချင်းကြား နိုင်ငံရေးအယူဝါဒ မတူညီမှုများနှင့် သံသယများကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းခြင်း မပြုနိုင်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ ညီရင်းအစ်ကိုမောင်နှမများကဲ့သို့သော တိုင်းရင်းသားများအကြား ဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် အစိုးရအဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ကြသော်လည်း အရင်းခံပြဿနာဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် ယနေ့ထိတိုင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းမှုမရှိသေးခြင်းဖြစ်ပါသည်။

ပဋိပက္ခများ ဆယ်စုနှစ်များစွာ ဖြစ်ပေါ်ခဲ့သည့်အတွက် မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်တွင် အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါသည်။ ယနေ့အချိန်အခါကာလတွင် ထိုခါးသီးသော အတွေ့အကြုံများကို သင်ခန်းစာရယူပြီး ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားများအားလုံး အေးအတူပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်နိုင်ရန် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် လက်တွဲဖော်ဆောင်ရမည့် အချိန်အခါ ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေးအတွက် အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ဤကဲ့သို့ကြိုးပမ်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဖော်ဆောင်လျက်ရှိပါသည်။

အဆိုပါဦးတည်ချက်များတွင် တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည် တစ်ချက်အပါအဝင်ဖြစ်ပြီး နိုင်ငံတော်အစိုးရသည် အထူးအလေးထား လုပ်ဆောင်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် မွန်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော မွန်၊ ဗမာ၊ ကရင်၊ ပအိုဝ့်နှင့် ကျန်တိုင်းရင်းသားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် ပြည်ထောင်စု တိုင်းရင်းသားသွေးချင်းများ ပီပီ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုးတို့ကို တက်ညီလက်ညီဝိုင်းဝန်းသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း (၄၇) နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။




ဘရူနိုင်းနိုင်ငံ ဘုရင့်တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌ တာဝန်များအား လွှဲပြောင်းပေးအပ်စဉ်။ သတင်းစဉ်

❍ ရှေ့ဖုံးမှ

Lieutenant General Erickson R. Gloria နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ စင်ကာပူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Melvyn Ong နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Phuong Nam နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

### အဖွင့်မိန့်ခွန်း ပြောကြား

ဦးစွာ (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM–18) ဥက္ကဋ္ဌ ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ထို့နောက် (၁၈) ကြိမ်မြောက် အာဆီယံတပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (AMIM–18) ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင့်တပ်မတော်မှ Colonel Haji Mohammad Muluddin Bin Awang Haji Latif နှင့် (၁၁) ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး (11th AMOM) ဥက္ကဋ္ဌ ဘရူနိုင်း ဘုရင့်တပ်မတော်မှ Brigadier General Haji Abdul Razak bin Haji Abdul Kadir တို့က အစည်းအဝေးကျင်းပခဲ့မှု အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံ၊ တပ်မတော်များမှ ကိုယ်စားလှယ်များက " ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper) " ခေါင်းစဉ်အပေါ် အမြင်များအား နိုင်ငံအကွာရာစဉ်အလိုက် အလှည့်ကျ ဆွေးနွေးကြသည်။

### စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးရာတွင် အစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသူများအားလုံး ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID–19 ဖြစ်ပွားနေသည့် အကျပ်အတည်းကာလတွင် ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးကြပါစေကြောင်း၊ မိမိတို့ အာဆီယံဒေသကြီးသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ အင်အားပြိုင်ဆိုင်မှု၊ ပထဝီအနေအထားအရ အချက်အချာကျမှုတို့ကြောင့် လက်ရှိကာလတွင် သမားရိုးကျလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် ရာသီဥတုပြောင်းလဲမှု၊ အရင်းအမြစ်ရှားပါးလာမှု၊ သဘာဝဘေးအန္တရာယ်၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်း အလုပ်သမားကိစ္စ၊ အစာရေစာရှားပါးမှု၊ လူမှောင်ခိုကုန်ကူးမှု၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု၊ သတင်းအချက်အလက်လုံခြုံရေး၊ ပင်လယ်ဓားပြမှု၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများအပါအဝင် အကြမ်းဖက်မှုနှင့် ကပ်ရောဂါကူးစက်ပြန့်ပွားမှုကဲ့သို့သော သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရလျက်ရှိပါကြောင်း။

### အဓိကအတားအဆီး ဖြစ်နေ

သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအနက် အကြမ်းဖက်ဝါဒနှင့် COVID–19 ကမ္ဘာ့ကပ်ရောဂါသည် အာဆီယံဒေသကြီးတစ်ခုလုံးကို အဓိကကြီးမားစွာ ခြိမ်းခြောက်နေသည့် ကိစ္စရပ်များဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် ဖြေရှင်းခြင်းထက် နိုင်ငံအများစည်းလုံးညီညွတ်စွာ ပေါင်းစပ်ညှိနှိုင်း၍ ဖြေရှင်းခြင်းက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အားနည်းချက်များနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များရှိနေမှု၊ ငွေကြေးဆိုင်ရာ စီးဆင်းမှုများကို စောင့်ကြည့်ကြပ်မတ်မှုများ အပြည့်အဝ မလုပ်ဆောင်နိုင်မှု၊ အကြမ်းဖက်သမားများ၏ အဓိက ငွေဝင်လမ်းကြောင်းဖြစ်သည့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများ ဒေသအတွင်း ကျယ်ပြန့်စွာဖြစ်ပေါ်နေမှု၊ မိမိတို့ အာဆီယံဒေသအတွင်း၌ အခြားသောဒေသများမှ လက်နက်အထောက်အပံ့များကို အများအပြားရရှိနိုင်မှုစသည့် အချက်များသည် အာဆီယံဒေသတွင်း၌ အကြမ်းဖက်ဝါဒကို ဆန့်ကျင်တွန်းလှန်ရာတွင် ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အဓိကအတားအဆီး ဖြစ်နေသည့် အချက်များပင်ဖြစ်ပါကြောင်း။

လက်ရှိဖြစ်ပွားနေသော COVID–19 ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါသည် ကမ္ဘာ့လူဦးရေ ၈ ဘီလီယံခန့်၏ ဘဝကို ပြောင်းလဲမှုများစွာ ဖြစ်ပေါ်စေခဲ့ပြီး သက်ဆိုင်ရာအစိုးရများနှင့် နိုင်ငံသားများအနေဖြင့် ဘဝနေထိုင်မှုပုံစံအသစ် New normal နှင့် ပတ်သက်၍ များစွာထည့်သွင်းစဉ်းစားလာရလျက်ရှိပါကြောင်း၊ COVID–19 ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ဆင်းရဲမွဲတေမှုနှုန်းမြင့်တက်လာခြင်း၊ အမျိုးသမီးများအပေါ် ရိုက်ခတ်မှုကြီးမားခြင်း၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ နှောင့်နှေးကြန့်ကြာရခြင်း၊ လူမှုဘဝလုံခြုံစိတ်ချရမှုကို ထိခိုက်ခြင်း၊ IDP စခန်းများရှိ ဒုက္ခသည်များအတွက် ဘေးအန္တရာယ် ထူပြောလာခြင်း၊ ဆင်ခြေဖုံးဒေသများတွင် နေထိုင်သူများအကြား ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားလာခြင်း၊ ဝင်ငွေနည်းပါးလာခြင်းနှင့် အလုပ်အကိုင်များ လက်လွတ်ဆုံးရှုံးရခြင်း၊ ကမ္ဘာ့ကုန်ကူးသန်းရောင်းဝယ်မှု ကျဆင်းလာခြင်း၊ စားသောက်ကုန်များ ရှားပါးလာခြင်းနှင့် ခရီးသွားလုပ်ငန်းများ အလွန်အမင်း ကျဆင်းလာခြင်း အစရှိသည့် လူမှုစီးပွားကဏ္ဍများတွင် သက်ရောက်မှုကြီးမားစွာဖြစ်ပေါ်လျက်ရှိပါကြောင်း။

### ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်

မိမိတို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် COVID–19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် နောက်ဆက်တွဲရိုက်ခတ်မှုများကို လျှော့ချရန်နှင့် တားဆီးကာကွယ်နိုင်ရေးအတွက် မိမိတို့အနေဖြင့် နိုင်ငံအလိုက် ကျင့်သုံးလျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ရန်၊ လူမှု–စီးပွားကဏ္ဍတွင် ထိခိုက်ခံစားရသူများ၏ လိုအပ်ချက်နှင့် ရပိုင်ခွင့်များကို ထိရောက်စွာ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အဆိုပါ ထိခိုက်ခံစားခဲ့ရသည်ကို ရေရှည်တွင် ပြန်လည်ကုစားကူညီပေးနိုင်ရေးအတွက် အစီအမံများနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ထားရန် သက်ဆိုင်ရာနိုင်ငံများက COVID–19 ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ အရေးပေါ်တုံ့ပြန်ရေး အဖွဲ့များ၊ ကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မိမိတို့တပ်မတော်အသီးသီးကလည်း ထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

" ဂရုပြု၊ ပြင်ဆင်၊ အောင်ပွဲဝင် (We Care, We Prepare, We Prosper)" ဟူသည့် ယခုနှစ်အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏ ဆောင်ပုဒ်အတိုင်း မိမိတို့အနေဖြင့် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအားလုံး၏ အန္တရာယ်ကို ကြိုတင်မျှော်တွေး၍ ဂရုတစိုက် လေ့လာဆန်းစစ်ခြင်း၊ စိန်ခေါ်မှုများကို မိမိတို့အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ရရှိလာသောရလဒ်များကို အဖွဲ့ဝင်နိုင်ငံများအချင်းချင်း မျှဝေခံစားခြင်းတို့ကို မလွဲမသွေ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

### Joint Statement ကို အတည်ပြု

ဆက်လက်ပြီး အာဆီယံစစ်ဘက်ဆိုင်ရာ လေ့ကျင့်ခန်း (ASEAN Military Exercise –AMX) လုပ်ငန်းစာတမ်းအား ဆွေးနွေးခြင်း၊ အာဆီယံတပ်မတော်များ၏ ၂ နှစ် လုပ်ငန်းစီမံချက်(၂၀၂၁–၂၀၂၃) Two Year Working Plan (2021–2023) အား အတည်ပြုခြင်း၊ ACDFM–18 ၏ ပူးတွဲထုတ်ပြန်ကြေညာချက် Joint Statement အား အပြီးသတ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး Joint Statement ကို အတည်ပြုကြသည်။

ယင်းနောက် 18th ASEAN Chiefs of Defence Forces Meeting (ACDFM–18) ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံဘုရင့်တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အပိတ်မိန့်ခွန်းပြောကြားပြီး 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) ဥက္ကဋ္ဌကို အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌ တာဝန်များအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကမ္ဘောဒီးယား ဘုရင့်တပ်မတော်မှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှဲပြောင်းလက်ခံမှုမိန့်ခွန်းပြောကြားပြီး အစည်းအဝေး အောင်မြင်စွာပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**"မိမိတို့ အာဆီယံဒေသကြီးသည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ အင်အားပြိုင်ဆိုင်မှု၊ ပထဝီအနေအထားအရ အချက်အချာကျမှုတို့ကြောင့် လက်ရှိကာလတွင် သမားရိုးကျလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအပြင် ရာသီဥတု ပြောင်းလဲမှု၊ အရင်းအမြစ်ရှားပါးလာမှု၊ သဘာဝဘေးအန္တရာယ်၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းအလုပ်သမားကိစ္စ၊ အစာရေစာရှားပါးမှု၊ လူမှောင်ခိုကုန်ကူးမှု၊ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု၊ သတင်းအချက်အလက်လုံခြုံရေး၊ ပင်လယ်ဓားပြမှု၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများအပါအဝင် အကြမ်းဖက်မှုနှင့် ကပ်ရောဂါကူးစက်ပြန့်ပွားမှုကဲ့သို့သော သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်နေရလျက်ရှိ"**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးကျင်းပ



**ရန်ကုန် မတ် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

### တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဓမ္မာစာရ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

### အောင်မြင်ကြောင်း ကြေညာ

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

**(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို စာမျက်နှာ - ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

### အဆုံးအမဩဝါဒများကို ခံယူ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် တပည့်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ အဆုံးအမဩဝါဒများကို ခံယူလျက် ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမာမယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲ လက်တွဲကြပြီး သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး မြင့်သည်ထက်မြင့်အောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ထွန်းလင်းတောက်ပနေဦးမည်

မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် မူလကပင် သန့်ရှင်းစင်ကြယ်ပြီးဖြစ်ရာ ထိုသို့သန့်ရှင်းစင်ကြယ်ပြီးသော သာသနာတော်မြတ်ကြီး အတွင်းသို့ မြတ်စွာဘုရားရှင်၏ ဓမ္မဝိနယနှင့် မလျော်သော အယူဝါဒများ၊ ထေရဝါဒပိဋကတ်တော်တွင် ပါဝင်မှုမရှိဘဲ မှားယွင်းစွာ တွေးထွင်ကြံဆထားသည့် အယူဝါဒအမှားများကို ရေးသားဟောပြောနေသော အဓမ္မဝါဒီများ ရောနှောဝင်ရောက်နေခြင်း၊ သန့်ရှင်းစင်ကြယ်သော သံဃာတော်များ အတွင်းသို့ မသန့်ရှင်းသော အလဇ္ဇီ၊ ဒုဿီလပုဂ္ဂိုလ်များ ရောနှောဝင်ရောက်နေခြင်းတို့ကြောင့် သာသနာတော် သန့်ရှင်းစင်ကြယ်စေရေးအတွက် အဓမ္မဝါဒီ၊ အလဇ္ဇီ၊ ဒုဿီလပုဂ္ဂိုလ်များ ရှင်းလင်းသန့်စင်သွားရန် သက်ဆိုင်ရာ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့တို့ကို လိုအပ်သလို ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဒေသအာဏာပိုင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ပေါင်းစပ်ညှိနှိုင်းကာ ဓမ္မစက်နှင့် အာဏာစက် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းစင်ကြယ်ပြီး ထွန်းလင်းတောက်ပနေဦးမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ) ၏ တတိယအကြိမ် တာဝန်ကျရာကာလတွင် ကိုကိုးကျွန်းမြို့နယ်မှအပ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိ အချို့သော မြို့နယ်များကို Stay at Home သတ်မှတ်ကြေညာခဲ့သော်လည်း ဆရာတော်ကြီးများက သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာလုပ်ငန်းများကို နှောင့်နှေးမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်တော်မူနိုင်ခဲ့သဖြင့် ကြည်ညိုဝမ်းမြောက်ရပါကြောင်း။

### ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့

တပည့်တော်တို့ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် နေ့မှစတင်၍ ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားပုထိုး၊ စေတီတော်များအား ရဟန်း၊ ရှင်၊ လူ ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ခွင့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော်သုံးရပ်အနက် **"သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝပမာဏံ"** ဟူသော ကျမ်းဂန်စကားအရ **" စာပေကျမ်းဂန် သင်ယူပို့ချခြင်း ပရိယတ္တိသာသနာတော်သည်သာ မြတ်စွာဘုရားရှင်၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ့ တည်တံ့ခြင်း၏ အဓိကပဓာနဖြစ်ပြီး သာသနာတော်၏ အသက်သွေးကြောသဖွယ်ဖြစ်ကြောင်း"** ဆရာတော်ကြီးများ ဟောကြားတော်မူသည်ကို နာယူမှတ်သားရပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ဦးဆောင်သည့် ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့ဝန်ဆောင် သံဃာတော် အရှင်သူမြတ်တို့က သင်ယူပို့ချ ဟောပြောကျင့်ကြံခြင်း၊ တရားတော်ဖြင့် ချီးမြှောက်ခြင်း ဓမ္မာနုဂ္ဂဟဖြင့် စွမ်းစွမ်းတမံ အားသွန်ကြိုးပမ်း ချီးမြှင့်တော်မူကြပြီး တပည့်တော်တို့ နိုင်ငံတော်အစိုးရနှင့် အလှူရှင်ပြည်သူများကလည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး တို့ဖြင့် ထောက်ပံ့အားပေးလှူဒါန်းကြခြင်းဖြင့် ဆရာဒကာ ညီညွတ်စွာ လက်တွဲ၍ ဆောင်ရွက်နိုင်ပါလျှင် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး ဆက်လက်တည်တံ့ထွန်းလင်းဝေစည်နေဦးမည် ဖြစ်ပါကြောင်း။

### မေတ္တာတရားများ ပွားများကျင့်ကြံ

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်၏ အမြင့်မြတ်ဆုံး ဗုဒ္ဓဘာသာ အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ တပည့်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ ဦးဆောင်သော နိုင်ငံသူ နိုင်ငံသားများအနေဖြင့် ဘုရားရှင်အလိုတော်ကျ ကျင့်ကြံနေထိုင်ကြလျက် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားများ ပွားများကျင့်ကြံနိုင်ကြပြီး အေးချမ်းသာယာနိုင်ကြပါစေ၊ ဆရာတော် သံဃာတော် အရှင်သူမြတ်များလည်း သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြပါစေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည်လည်း ကပ်ရောဂါနှင့် အနှောင့်အယှက်များ ကင်းရှင်းပြီး ငြိမ်းချမ်းသာယာနိုင်ပါစေ၊ ကမ္ဘာသူ ကမ္ဘာသားများအားလုံး ကပ်ရောဂါဘေးမှ ကင်းဝေးချမ်းသာနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်း လျှောက်ထားသည်။

အစည်းအဝေးကို အစီအစဉ် (၈) ရပ်ဖြင့် ဆောင်ရွက်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျအဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များကို ပထမအဖွဲ့ခွဲသို့ သံဃာ့အဖွဲ့အစည်းအခြေခံ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်လွှဲပြောင်းပေးအပ်လက်ခံတော်မူခဲ့ကြသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာ မူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ် ခေါ်ဆိုကာ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါး စုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား တစ်နေ့တာ အလှူရှင်အဖြစ် ဦးထင်အောင် + ဒေါ်သီတာအောင် မိသားစုက ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးများ၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်၏ သာရဏီယ ဩဝါဒကထာ

[ ၁၃၈၂-ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၂၁-ခုနှစ်၊ မတ်လ ၁၈ ရက်၊ ကြာသပတေးနေ့ ]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဆဋ္ဌအစည်းအဝေးနှင့် သတ္တမအစည်းအဝေးများသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံတော်မူကြ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

မြတ်စွာဘုရားက-

**ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇန အဟိတာယ ပဋိပန္နာ ဗဟုဇန အသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိ တာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဥ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ တိ။**

ရဟန်းတို့ အကြင်ရဟန်းတို့သည် တရားစစ် တရားမှန်မဟုတ်သော အဓမ္မ ကို တရားစစ် တရားမှန်ဖြစ်သော ဓမ္မဟုလည်းကောင်း

တရားစစ် တရားမှန်ဖြစ်သော ဓမ္မကို တရားစစ် တရားမှန်မဟုတ်သော အဓမ္မဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယကို ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယဟုလည်းကောင်း၊

ဝိနည်းစစ် ဝိနည်းမှန်ဖြစ်သော ဝိနယကို ဝိနည်းစစ် ဝိနည်းမှန်မဟုတ်သော အဝိနယဟုလည်းကောင်း၊

မြတ်စွာဘုရား မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား ဟောအပ် ပြောအပ်၏ဟုလည်းကောင်း၊

မြတ်စွာဘုရားဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်မပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်၏ ဟုလည်းကောင်း၊

မြတ်စွာဘုရား အလေ့အကျင့်ပြုအပ်သည်ကို မြတ်စွာဘုရား အလေ့အကျင့် မပြုအပ်ဟုလည်းကောင်း၊

မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်၏ဟု လည်းကောင်း၊

မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု လည်းကောင်း ပြုကြကုန်၏။

ရဟန်းတို့ ထိုရဟန်းတို့သည် လူအများ စီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်သည် မည်ကုန်၏။ ရဟန်းတို့ ထိုရဟန်းတို့သည် များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည်မည်ကုန်၏။ ထိုရဟန်းတို့သည် ဤသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည်မည်ကုန်၏ ဟု ဟောတော်မူပါသည်ဘုရား။

(အံ၊ ၁၊ ၁၈ - ၁၉)

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

ယခုသာသနာတော် နောက်ပိုင်းအချိန်အခါ၌ အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် လူအများစီးပွားချမ်းသာမဲ့ခြင်း၊ အကျိုးမဲ့ခြင်း၊ နတ်လူတို့ အစီးအပွားမဲ့ခြင်း၊ ဆင်းရဲခြင်းငှာ ကျင့်ကြကုန်သည်ဖြစ်၍ များစွာသော အကုသိုလ်ကို ဖြစ်ပွားစေကြကာ သာသနာတော်ကြီး ကွယ်ပျောက်အောင် ပြုလုပ်နေကြသည့် ရဟန်းသာမဏေများ ပေါ်ပေါက်နေကြသည်ကို ကြားသိနေရပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

ဆိုခဲ့ပြီးသော အဓမ္မကို ဓမ္မဟုပြခြင်းစသည်ဖြင့် နတ်လူအများ စီးပွားချမ်းသာမဲ့အောင် ဆင်းရဲအောင် သာသနာတော်ကိုလည်း ကွယ်ပျောက်အောင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်ဖြစ်သော



အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ကျောင်းတိုက် ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ။

ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ ကာကွယ်ကြရန် လိုအပ်နေပြီဖြစ်ကြောင်းကို လျှောက်ထားပါသည်ဘုရား။

ထို့ပြင် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များက အဓမ္မဟုဆုံးဖြတ်ခဲ့သော ဝါဒများကို ပြန်လည်ဟောပြောနေကြသည်ကို လည်းကောင်း၊ အဓမ္မဝါဒဟု ဆုံးဖြတ်ပြီးသော စာအုပ်စာတမ်းများကို ပြန်လည်ရိုက်နှိပ်ဖြန့်ချိနေကြသည်ကိုလည်းကောင်း ကြားသိ တွေ့မြင်နေကြရပါသည်ဘုရား။

ထိုအဓမ္မဝါဒကို ပြန်လည်ဟောပြောနေမှု၊ အဓမ္မဝါဒစာအုပ်စာတမ်းများကို ပြန်လည်ရိုက်နှိပ်ဖြန့်ချိနေမှု စသည်တို့ကို သက်ဆိုင်ရာမှ စုံစမ်းစိစစ်၍ ဖော်ထုတ်အရေးယူသင့်ပါကြောင်းကိုလည်း လျှောက်ထားအပ်ပါသည်ဘုရား။

ယင်းသို့ တိတိကျကျ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်မှုများကို မပြုလုပ်ဘဲ လျစ်လျူရှုနေပါက ယင်းအဓမ္မဝါဒများ ပြန်လည်ခေါင်းထောင်လာမည်ကို လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်များ ဆုံးဖြတ်အပ်သော ဝိနိစ္ဆယများ အချည်းနှီး အလဟဿ ဖြစ်သွားမည်ကိုလည်းကောင်း စိုးရိမ်ပါသည်ဘုရား။ ဤကိစ္စကို လေးလေးနက်နက် ဆင်ခြင်စဉ်းစားနှလုံးထားတော်မူကြပါဘုရား။

သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၁) အပိုဒ်(၂) အပိုဒ်ခွဲ (က) ၌ "သာသနာဆိုသည်မှာ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတော်ကို ဆိုသည်" ဟုလည်းကောင်း၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေ အခန်း (၁) ပုဒ်မ(၂)ပုဒ်မခွဲ(ဃ)၌ "ထေရ ဝါဒဆိုသည်မှာ ပဌမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာခြောက်တန် တင်ထားသော ပါဠိတော် အဋ္ဌကထာ၊ ဋီကာအစရှိသော ပိဋကကိုဆိုသည် " ဟု လည်းကောင်း၊ ထို့အပြင် အခြေခံစည်းမျဉ်းအခန်း (၂) အပိုဒ် (၁၂) သံဃာ့အဖွဲ့အစည်းဖွဲ့စည်းမှု၏ ရည်ရွယ်ချက်များအပိုဒ်ခွဲ (ဂ ) ၌ " ပရိယတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန်နှင့် ပိဋကတ်တော်နှင့်မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို တားဆီးကာကွယ်ရန်ဖြစ်သည်" ဟု လည်းကောင်း၊ အပိုဒ် (၁၃) " သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ဆောင်ရွက်ချက်ကို ဖော်ပြပါ အခြေခံမှုများ၊ ရည်ရွယ်ချက်များနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခွင့်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်ဘုရား။

ဤပြဋ္ဌာန်းချက်များကို ပေါင်းရုံးသုံးသပ်ပါက မြတ်စွာဘုရား၏အဆုံးအမ သာသနာတော်ဖြစ်သော ပဌမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာ ခြောက်တန်တင်ထားသော ထေရဝါဒပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အစရှိသော ပိဋကတ်တော်နှင့် မညီသော

**"ဆိုခဲ့ပြီးသော အဓမ္မကို ဓမ္မဟုပြခြင်း စသည်ဖြင့် နတ်လူအများ စီးပွားချမ်းသာမဲ့အောင် ဆင်းရဲအောင် သာသနာတော်ကိုလည်း ကွယ်ပျောက်အောင် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားနေသည့် မြန်မာနိုင်ငံတော်၌ သာသနပစ္စတ္ထိက သာသနာ့ရန်စွယ်ဖြစ်သော ရဟန်းသာမဏေများ အင်အားမကောင်းမီ ကြိုတင်၍ ကာကွယ်ကြရန် လိုအပ်နေပြီဖြစ်"**

ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်နိုင်သည်ဟု အဓိပ္ပာယ်ရရှိပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်း၊ ပြသခြင်း၊ ပြုလုပ်ခြင်းများကို အရေးယူတားဆီးကာကွယ်ရန် ဆောင်ရွက်ခွင့်ရှိသည်ကို သိတော်မူကြစေရန် လျှောက်ထားပါသည်ဘုရား။

ထိုသို့တားဆီးကာကွယ်နိုင်ရေး နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသော ဝိနည်းဓမ္မကံ အဓိကရုဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေအခန်း (၂) ပုဒ်မ (၆) ၌ " သီးခြားဝိနည်းဓိုရ်အဖွဲ့၏ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ပါ အဓမ္မဝါဒ မပြန့်ပွားစေရန် သာသနာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားရာ အဆိုပါဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိကြစေပြီး တိတိကျကျလိုက်နာရေးကိုလည်း ဆောင်ရွက်သင့်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား-**

မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်အခါက မဟာပါလအမည်ရှိသော သာဝတ္ထိပြည်သားသူကြွယ်တစ်ဦးသည် မြတ်စွာဘုရားသာသနာတော်ကို လွန်စွာကြည်ညိုသောစိတ်ဖြင့် ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းပြီး ရဟန်းအဖြစ်ကို ရရှိခဲ့ပါသည်။ ငါးဝါခန့်နေပြီး ဝါကျွတ်ကာလ ပဝါရဏာပြုပြီးသောအခါ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုး၍ -

**" ဘန္တေ ဣမသ္မိံ သာသနေ ကတိ ဓုရာနိ၊ အရှင်ဘုရား ဤသာသနာတော်၌ မချွတ်ထမ်းဆောင်ရမည့် တာဝန်များသည် အဘယ်မျှရှိပါသနည်း "** ဟု လျှောက်ထားမေးမြန်းရာ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူသည်မှာ -

"ဂန္ထဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခု၊ ရဟန်း ဤသာသနာတော်၌ စာပေကျမ်းဂန်သင်အံခြင်း ဂန္ထဓုရတာဝန်၊ ဝိပဿနာ ကမ္မဋ္ဌာန်းပွားများခြင်း ဝိပဿနာ ဓုရတာဝန်ဟု တာဝန်နှစ်ပါးရှိကြောင်း " မိန့်ကြားတော်မူခဲ့ပါသည် ဘုရား။

(ဓမ္မ၊ ဋ္ဌ၊ ၁၅)

*စာမျက်နှာ ၉ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်များအား ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညို

**ရန်ကုန် မတ် ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူလျက်ရှိကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသတို့အား လာရောက်ဖူးမြော် ကြည်ညိုကြသည်။

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက လာမည့် တပေါင်းလပြည့်နေ့ မတ် ၂၇ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲအခမ်းအနားသို့ ဆရာတော်ကြီးများ စိတ်အေးချမ်းသာစွာ ကြွရောက်တော်မူနိုင်ရန် အထူးလေယာဉ်ဖြင့် ပင့်ဆောင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း လျှောက်ထားပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ (ရန်ကုန်၊ မန္တလေး)တို့ကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဩဝါဒါစရိယ၊ နိုင်ငံတော် သံဃမဟာနာယကနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များမှ ဆရာတော် သံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ဆရာတော်ကြီးများ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရွှေတိဂုံစေတီတော် (၂၆၀၉ )နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၁၈**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော် (၂၆၀၉ ) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။**(အောက်ပုံ)**




ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး မဟာပဋ္ဌာန်းရောင်ခြည်တော်ဘုရားရှိခိုးဖြင့် ဘုရားပင့်ခြင်းအား ညောင်တုန်းကျောင်းတိုက်မှ ပဋ္ဌာန်းဘဏ္ဍာကဆရာတော် ဦးကေလာသက လည်းကောင်း၊ ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ကုသိုလ်တော်အတူပြုရန် နတ်ဖြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ခြင်းကို ညောင်တုန်းကျောင်းတိုက် ပဋ္ဌာန်းဘဏ္ဍာကဆရာတော် ဘဒ္ဒန္တနန္ဒမဉ္ဇူလင်္ကာရက လည်းကောင်း ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော် မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကရေ တိပိဋကဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာ ဘိဝံသ ဆရာတော်ထံမှ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် (၂၆၀၉ )နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ အလှည့်ကျ သဘာပတိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက မင်္ဂလာစကားဖတ်ကြား လျှောက်ထားကာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ရွာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များက ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရွှေတိဂုံဩဝါဒါစရိယဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ်များအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုး၊ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ ဒေသနာတော်များကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဗဟိုမဏ္ဍပ်အတွင်းရှိ ဩဇ္ဈာ်သည်တော်များက ရွတ်ဖတ်ပူဇော်ကြပြီး ရတနာဃရစံအိမ်တော်အတွင်း အသင့်နေရာယူထားသည့် သံဃာတော်က အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ ရွှေတိဂုံစေတီတော် (၂၆၀၉ )နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းကို ယနေ့မှ မတ် ၂၇ ရက်အထိ ၁၀ ရက်တိုင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်သည်။

**သတင်း၊ ဓာတ်ပုံ - လင်းလတ်ဖော်**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း)အား ရှင်းလင်းတင်ပြသည့် အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၈**

လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ ဆက်စပ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ရေးဆွဲထားရှိသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ(မူကြမ်း) ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ (ယာပုံ)

**တင်ပြချက်များပြန်လည်သုံးသပ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး Focal ဌာနဖြစ်သည့်အတွက် ရှိသင့်ရှိထိုက်သည့် ဥပဒေများရှိရန်လိုကြောင်း၊ ယခုဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသည်ကိုလည်း သိရှိရကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဆွေးနွေးရမည့် အဖွဲ့အစည်းများနှင့်ဆွေးနွေးပြီး အဆင်သင့်ဖြစ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစီမံချက်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေပြဋ္ဌာန်းရန် ပါဝင်ပါကြောင်း၊ ယခုရေးဆွဲထားသည့် အခြေအနေအပေါ် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက ပေးပို့လာသည့် တင်ပြချက်များကို ပြန်လည်သုံးသပ်ရန် လိုကြောင်း၊ ယင်းသို့ ပြန်လည်သုံးသပ်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးကော်မတီ အစည်းအဝေးများ ခေါ်ယူဆွေးနွေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ယခုဥပဒေဖြစ်ပေါ်လာရခြင်းသည် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ဆန်းစစ်မှုများ ပြုလုပ်ရာတွင် အမျိုးသမီးငယ်ရွယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပြုလုပ်သည့် ဖြစ်ရပ်များ ရာခိုင်နှုန်းများလာသည်ကို တွေ့ရှိရပြီး လူသားမဆန်သည့်ပုံစံများ တွေ့ရှိလာကြောင်း၊ အဆိုပါ အမှုအခင်းများနှင့် ပတ်သက်၍ ရာဇသတ်ကြီး ရှိထားသော်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအတွက် လုံလောက်သည့် အကာအကွယ်ပေးနိုင်ရေးအတွက် ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းဆိုင်ရာ မြန်မာနိုင်ငံ၏ အစီရင်ခံစာ ဖြေကြားမှုအပေါ် အကြံပြုချက်ပေးပို့လာရာတွင် အမျိုးသမီးများအတွက် ဥပဒေတစ်ခုရှိရန် အကြံပြုချက်များရှိထားသည့်အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများနှင့်ဆွေးနွေးပြီး ရေးဆွဲရခြင်းဖြစ်ကြောင်း၊ အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများစွာ လုပ်ခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရှင်းပြမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လည်း ဖော်ပြထားပြီးဖြစ်ကြောင်း၊ ပြဋ္ဌာန်းရန် အဆင်သင့်ပြင်ဆင်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေမူကြမ်း ရေးဆွဲဆောင်ရွက်မှုများနှင့် သက်ဆိုင်ရာ တာဝန်ခံများက ဥပဒေပါအချက်များအား ပုဒ်မတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**ဆက်လက်ဆွေးနွေးသွားမည်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေးခေါ်ယူ၍ ဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဥပဒေ(မူကြမ်း)အပေါ် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အကြံပြုချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားမည် ဖြစ်ကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လူ့စွမ်းအားအရင်းအမြစ် ပိုမိုတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်





**နေပြည်တော် မတ် ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သုတေသနစာတမ်းဖတ်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။ (ယာပုံ)

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါ်တင်မိုးမိုး၊ ဦးဝင်းမြင့်နှင့် ဦးမျိုးမင်း၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် စွမ်းဆောင်ရည်ပြည့်ဝရန် လိုအပ်ကြောင်း၊ စွမ်းဆောင်ရည်ပြည့်ဝမှုရှိရန်အတွက် အသိပညာနှင့် အတတ်ပညာများကို အမြဲလေ့လာဆည်းပူးရန် လိုအပ်ပါကြောင်း၊ မိမိတို့ရယူခဲ့ကြသော တက္ကသိုလ်အသီးသီးမှ ပညာရပ်များပေါ် အခြေခံပြီး ပြောင်းလဲတိုးတက်နေသော ခေတ်ကာလနှင့်အညီ ပညာရပ်များကို အစဉ်တစိုက် ဆက်လက်လေ့လာဆည်းပူးရန် လိုအပ်ကြောင်း၊ သုတေသနလုပ်ငန်း ဆောင်ရွက်မှုသည် အဖွဲ့အစည်းတိုင်းတွင် အရေးကြီးသော လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများ ပြုလုပ်ခြင်းဖြင့် အသိပညာနှင့် နားလည်မှုများ ပိုမိုတိုးပွားလာမည်ဖြစ်ပြီး အသိအမြင်များ အချင်းချင်း အပြန်အလှန်ဖလှယ်နိုင်မည် ဖြစ်ကြောင်း၊ အဆိုပါရလဒ်ကောင်းများကို အခြေခံ၍ လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးချရန်ဖြစ်ကြောင်း၊ ယုံကြည်စိတ်ချရသော ခေါင်းဆောင်ကောင်းများဖြစ်စေရန် အဘက်ဘက်မှ ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သုတေသနစာတမ်းဖတ်ပွဲများ ပြုလုပ်ခြင်းမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လူ့စွမ်းအားအရင်းအမြစ် ပိုမိုတိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သုတေသနစာတမ်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုများကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး ထူးချွန်သည့်စာတမ်းရှင်များကို ရွေးချယ်၍ ဆုချီးမြှင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သုတေသနဌာနအနေဖြင့် သုတေသနစာတမ်းဖတ်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရန် ဆက်လက်လုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးမူဝါဒရေးရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သစ်သစ်မျိုးက "A Link Between Financial Development and International Trade" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဥက္ကဋ္ဌရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောစောထွေးနှင့် စာရင်းဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိမင်းတို့က "Risk and Return in the Banking and Financial Markets" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများ ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသော ဒုတိယဥက္ကဋ္ဌများနှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*ကျောဖုံးမှ

အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နယ်၊ ပင်းတယမြို့နယ်၊ ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ မိုးဗြဲမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ လင်းခေးမြို့၊ လွိုင်လင်မြို့၊ မိုးနဲမြို့နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဘောလခဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့နှင့် မိုင်းဆတ်မြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဌာနဆိုင်ရာဝန်ထမ်းများအား သတ်မှတ်နေရာအသီးသီး၌လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင်ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

မြတ်စွာဘုရားရှင်၏ ဒေသနာနှင့် လျော်ညီစွာ တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း အဆိုပါခုရ နှစ်ပါးကိုသာ အားထုတ်ဆောင်ရွက်ကြရေး ညွှန်ကြားလွှာအမှတ် (၉၁)(၉၃)(၉၄)တို့ဖြင့် ညွှန်ကြားသကဲ့သို့ အခါအားလျော်စွာ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

ခုရနှစ်ပါးကို အားထုတ်ပါလျှင် လာဘ်ပူဇော်သက္ကာရများ ပြားလာပါမည်။ လာဘ်ပူဇော်သက္ကာရ များပြားလာပါက **“ဒါရုဏော ဘိက္ခဝေ လာဘသက္ကာရ သိလောကော ကဋုကော ဖရုသော အန္တရာယိကော အနုတ္တရဿ ယောဂက္ခေမဿ အဓိဂမာယ”** ဟူသော နိဒါနဝဂ္ဂ လာဘသက္ကာရသံယုတ်၊ ဒါရုဏ သုတ်တော် လာသည့်အတိုင်း လာဘ် ပူဇော်သက္ကာရများခြင်း၊ ဂုဏ်သတင်း ကျော်ကြားခြင်းသည် ခက်ထန်လှ၏။ ခါးစပ်လှ၏။ ကြမ်းတမ်းလှစွာ၏။ ယောဂလေးတန်ကုန်ရာ မှန်သော အမြတ်ဆုံးဖြစ်သည့် အရဟတ္တဖိုလ်ကို ရရန်အတွက် အနှောင့်အယှက် အန္တရာယ် ဖြစ်၏။ အစရှိသဖြင့် နှလုံးသွင်းတော်မူကြလျက် ပရိယတ္တိ ပဋိပတ္တိ လမ်းခရီးတွင် ဆုံးခန်းတိုင်မြောက် မရောက်သေးဘဲ တစ်ဝက်တစ်ပျက်နှင့် ပြီးဆုံးလိုက်ရသော (အန္တရာဝေါသာန)အခြေအနေမျိုးမဖြစ်အောင် သတိပြုရမည်ဖြစ်ပါသည် ဘုရား။

**ဆရာတော်အရှင်သူမြတ်တို့ဘုရား-**

ယခုအခါတွင် တပည့်တော်များ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ၊ ထေရဝါဒဗုဒ္ဓသာသနာတော်၌ ရဟန်းသံဃာအရေအတွက် ယုတ်လျော့လာသည်ဟု ကြားသိနေရပါသည် ဘုရား။ မြတ်စွာဘုရားရှင်က သာသနာတော်ကွယ်ခြင်း အကြောင်းတရားငါးပါးကို ဟောတော်မူခဲ့ပါသည်။ ယင်း(၅)ပါးတို့မှ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမတို့က-

(၁) ဘုရား၌ မရိုသေ မကိုင်းညွတ်ခြင်း၊
(၂) တရားတော်၌ မရိုသေ မကိုင်းညွတ်ခြင်း၊
(၃) သံဃာတော်၌ မရိုသေ မကိုင်းညွတ်ခြင်း၊
(၄) ကျင့်ဝတ်သိက္ခာ၌ မရိုသေ မလေးစားခြင်း၊
(၅) သမာဓိ၌ မရိုသေ မလေးစားခြင်း တို့ဖြစ်ပါသည်။

ထို့ကြောင့် သာသနာတော်အရှည်တည်တံ့ရေးကို လိုလားကုန်ကြသော ရဟန်းတော် အရှင်သူမြတ်အပေါင်းနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဥပါသကာ၊ ဥပါသိကာမအပေါင်းတို့သည် ဘုရား တရား သံဃာနှင့် မိမိဆိုင်ရာ ကျင့်ဝတ်သိက္ခာ သမာဓိတရားတို့ကို ရိုသေလေးစားကာ မန္တလေးသကျသီဟ အသင်းကြီး မတည်ထောင်မီ နှိုးဆော်ခဲ့သော “ကမ္ဘသကာ၊ လူဗိုလ်ပါတို့၊ ငါနှင့်မဆိုင်၊ မတတ်နိုင်ဟု၊ မပြိုင်ခင်ရှူး၊ စိတ်နှလုံးကို၊ ဒုန်းဒုန်းကြီးချ၊ ရှိချေကမူ၊ ဗုဒ္ဓသာသနာကွယ်ပျောက်ရာ၏။ ” ဟူသော နှိုးဆော်သံကို အာရုံပြု၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားတော်မူသင့်ပါကြောင်း လျှောက်ထားလိုပါသည် ဘုရား။

သို့ဖြစ်ပါ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့်တကွ သံဃာ့အဖွဲ့အစည်း အသီးသီး၌ပါဝင်သော အရှင်မြတ်များသည် လည်းကောင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၌မပါဝင်သော အရှင်မြတ်တို့သည် လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ရဟန်းသာမဏေအားလုံးတို့သည် လူအများ၏ စီးပွားချမ်းသာ ဖြစ်ခြင်း၊ အကျိုးဖြစ်ခြင်းငှာ နတ်လူတို့၏ အစီးအပွားဖြစ်ခြင်း၊ ချမ်းသာခြင်းငှာ ကျင့်သောပုဂ္ဂိုလ်၊ များစွာသော ကုသိုလ်တရားကိုလည်းဖြစ်စေသော ပုဂ္ဂိုလ်၊ ဤသာသနာတော်ကိုလည်း တည်တံ့စေသောပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ရေး ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော-

သဒ္ဓါယ သီလေန ဝီရိယေန စ၊ သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊ ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

**သဒ္ဓါယ၊** ရတနာသုံးပါး ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းရှိသော သဒ္ဓါတရားဖြင့်လည်းကောင်း။ **သီလေန စ၊** စတုပါရိသုဒ္ဓိသီလဖြင့် လည်းကောင်း။ **ဝီရိယေန စ၊** လုံ့လဝီရိယဖြင့်လည်းကောင်း။ **သမာဓိနာ စ၊** သမာဓိဖြင့်လည်းကောင်း၊ **ဓမ္မဝိနိစ္ဆယေန စ၊** တရားကို ဆုံးဖြတ်ကြောင်းဖြစ်သော ဉာဏ်ဖြင့် လည်းကောင်း။ **သမ္ပန္နဝိဇ္ဇာစရဏာ၊** ပြည့်စုံသော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့် ငါးပါးရှိကုန်သည်ဖြစ်၍။ **ပတိဿတာ၊** ထင်သော သတိရှိကုန်သည်ဖြစ်၍။ **အနပ္ပကံ၊** အတိုင်းအရှည်မသိရ အလွန်ပင် ရှည်လျားလှသော။ **ဣဒံ ဒုက္ခံ** ၊ ဤသံသရာဝဋ္ဋ ဆင်းရဲကို။ **ဇဟိဿထ၊** စွန့်ကုန်ရာသတည်း ဟူသော ဒေသနာ တော်ကို ရွတ်ဆို ပူဇော်ရင်း တပည့်တော်၏ သာရဏီယ ဩဝါဒ ကထာကို နိဂုံးချုပ်အပ်ပါသည် ဘုရား။



# ဝန်ကြီးဌာန၏ တာဝန်မှာ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ဖြစ်

နေပြည်တော် မတ် ၁၈

**ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အတွင်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်းခွဲစိတ် ရောဂါ အထူးကုဆေးရုံကြီး ပုဗ္ဗသီရိမြို့ ပြည်သူ့ဆေးရုံနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) သို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။ (အပေါ်ပုံ)**

**လိုအပ်ချက်များ မေးမြန်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်းခွဲစိတ်ရောဂါ အထူးကုဆေးရုံကြီး-နေပြည်တော်၊ ပြင်ပလူနာဌာနသို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီးနှင့်အတူ မျက်စိရောဂါ ကုသမှုလာရောက်ခံယူလျက်ရှိသော လူနာများအား လှည့်လည်ကြည့်ရှု၍ လိုအပ်ချက်များကို မေးမြန်းကာ အားပေးစကားပြောကြားသည်။

မျက်စိပြင်ပ လူနာဌာနကို ရုံးဖွင့်ရက်များတွင် နေ့စဉ်ဖွင့်လှစ်ထားရှိကာ အင်္ဂါ၊ ကြာသာပတေး မွန်းလွဲပိုင်းတွင် နား/နှာခေါင်း လူနာများနှင့်အတူ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နား/နှာခေါင်း လူနာများအတွက် ပြင်ပလူနာဌာနကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

**လုပ်ငန်းခွင် ဝင်ရောက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ထမ်းဆောင်လျက်ရှိသော အထူးကုဆရာဝန်ကြီးများ၊ သူနာပြု/ ကျွမ်းကျင်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လူနာများအား ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ တာဝန်မှာ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ မိမိတို့ ကျန်းမာရေးဝန်ထမ်းများသည် ရောဂါဝေဒနာ ခံစားနေရသည့် ပြည်သူများကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်က ခွင့်ပြုထားပြီးဖြစ်သည့် ရန်ပုံငွေကို လက်ရှိအခြေအနေအရ အမှန်လိုအပ်နေသည့် နေရာများတွင် ပံ့ပိုးပေးမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူလူထု ထည့်ဝင်သုံးစွဲနေရသည့် ကျန်းမာရေးအသုံးစရိတ်များ လျော့နည်းစေမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ရရှိသည့် ဘွဲ့/ဒီဂရီနှင့်အညီ ချီးမြှင့်ငွေ၊ ညဂျူတီ တာဝန်ကျသူများအတွက် စားစရိတ် စသည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်ကြရန် ကြိုဆိုလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစီအစဉ်ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ခေါင်းဆောင်သောအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် အသက် ၆၀ နှင့်အထက် မိဘပြည်သူများအား COVID-19 ကာကွယ်ဆေးထိုး လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက COVID-19 ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားရာတွင် COVID-19 ကာကွယ်ဆေး (၂)ကြိမ် ထိုးနှံပြီးသူ ပြည်သူများအနေဖြင့် ခရီးသွားလာမည်ဆိုပါကလည်း ရောက်ရှိသည့် နေရာတွင် အသွားအလာကန့်သတ်ခြင်း ကင်းလွတ်ခွင့်ပြုရန် စီစဉ်လျက်ရှိပါကြောင်း၊ ယခင်လို ပုံမှန်လူနေမှုဘဝကို ကာကွယ်ဆေး ထိုးနှံပြီးမှသာ ရရှိနေထိုင်နိုင်မည် ဖြစ်သဖြင့် ကာကွယ်ဆေးထိုး လုပ်ငန်း အောင်မြင်ရေး အားလုံးပူးပေါင်းပါဝင်ကြစေလိုပါကြောင်း၊ နိုင်ငံတော် ရန်ပုံငွေဖြင့် ဝယ်ယူထားပြီးဖြစ်သည့် ကာကွယ်ဆေးများကို ပြည်သူများအား ထိုးနှံပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ကာကွယ်ဆေး ထိုးနှံပြီးနောက် ဖြစ်ပွားတတ်သည့် အန္တရာယ်အတွက် လိုအပ်မည့် ဆေး/ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) အရေးပေါ်လူနာဌာနသို့ ရောက်ရှိပြီး အရေးပေါ်ကုသမှုခံယူလျက်ရှိသည့် လူနာများအား လှည့်လည်ကြည့်ရှုသည်။

**အားပေးစကား ပြောကြား**

ယင်းနောက် ခွဲစိတ်ခွဲဌာန/ သွေးလှူဘဏ်သို့ သွားရောက်ကာ သွေးလှူရှင်များ လှူဒါန်းထားသည့် သွေးများစနစ်တကျ အသုံးပြုနိုင်ရေးအတွက် မှာကြားပြီး အထူးကြပ်မတ်ကုသဆောင်တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီး၊ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြု/ ကျွမ်းကျင်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မိမိတို့တာဝန်သည် ဆေးကုသမှု လိုအပ်နေသည့် ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပုဂ္ဂိုလ်များသည် မိမိတို့၏လုပ်ငန်းတာဝန်များနှင့် လူနာများအား စွန့်ခွာ၍ သွားရောက်နေခြင်းအား သင့်လျော်မှု ရှိ/မရှိ စဉ်းစားသင့်ပါကြောင်း၊ ဆရာဝန်များသည် စဉ်းစားချင့်ချိန်နိုင်စွမ်း ရှိသူများဖြစ်သဖြင့် ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုပေးရမည့် မိမိတို့၏ ကျင့်ဝတ်များကို လေးစားရန် လိုအပ်ပါကြောင်းနှင့် တာဝန်ကျရာ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်သင့်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ မိမိအဆင့်နှင့် လိုက်လျောညီထွေရှိသည့် ခံစားခွင့်များ ရရှိရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဗဟန်းမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် မှော်ဘီမြို့နယ်များ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၅ မြို့နယ်တွင် မဲရုံပေါင်း ၈၇၂ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၇၄၃၈၅ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၇၂၃၇၃ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၂၀၁၂ ၊ မြေပြင်လက်ကျန် ၂၆၇၅၀၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက်လျော့နည်း သော မဲလက်မှတ်အရေအတွက် ၄၈၇၅၂ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ် အရေအတွက်မှာ ၁၄၂၄၆ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်း တို့ကိုတွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပို တွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲခဲ့ကြောင်း တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်း အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သာကေတမြို့နယ် | ၂၁၁ | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |
| ၂ | ဗဟန်းမြို့နယ် | ၆၅ | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |
| ၃ | သန်လျင်မြို့နယ် | ၂၂၉ | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |
| ၄ | ကျောက်တန်းမြို့နယ် | ၁၉၂ | ၁၅၁၄၆၈ | ၁၀၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |
| ၅ | မှော်ဘီမြို့နယ် | ၁၇၅ | ၂၁၁၉၀၃ | ၁၄၉၅၀၀ | ၆၂၄၀၃ | ၆၁၅၀၉ | ၅၆၄၉ | ၄၇၅၅ |
| | စုစုပေါင်း | ၈၇၂ | ၈၇၄၃၈၅ | ၅၇၂၃၇၃ | ၃၀၂၀၁၂ | ၂၆၇၅၀၆ | ၄၈၇၅၂ | ၁၄၂၄၆ |

### သာကေတမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်၊ မဲရုံပေါင်း ၂၁၁ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၆၁၇၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၀၁၃၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်အလိုက် မဲလက်မှတ် အပို/ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၁၉၅၃၉ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်း မရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် အရေအတွက် ၆၁၈၂ တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၈၆၇၈၆ | ၁၁၈၀၇၇ | ၆၈၇၀၉ | ၅၂၃၀၂ | ၁၉၅၃၉ | ၃၁၃၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၄၉၂ | ၂၀၅၃ | -၅၆၁ | ၄၁၂ | | ၉၇၃ |
| ၃ | မြို့နယ်လက်ကျန် | ၇၉၀၀ | | ၇၉၀၀ | ၉၉၇၇ | | ၂၀၇၇ |
| | စုစုပေါင်း | ၁၉၆၁၇၈ | ၁၂၀၁၃၀ | ၇၆၀၄၈ | ၆၂၆၉၁ | ၁၉၅၃၉ | ၆၁၈၂ |

၆။ သာကေတမြို့နယ်တွင် မဲရုံပေါင်း ၂၁၁ ရုံ ရှိသည့်အနက် မဲရုံ ၃၁ ရုံ၊ မြို့နယ်ကြိုတင်မဲနှင့် မြို့နယ်အရန်တို့တွင် မဲလက်မှတ်များကို ပိုမိုတွေ့ရှိရသဖြင့် ထိုမဲလက်မှတ်များသည် ပိုမိုရိုက်နှိပ် သုံးစွဲကြောင်း တွေ့ရှိရပါသည်။ မဲရုံပေါင်း ၁၄၂ ရုံတွင် မဲလက်မှတ်များ ပျောက်ဆုံးနေကြောင်းတွေ့ရှိ ရပါသည်။ ရပ်ကွက်အလိုက် ဆန္ဒမဲလက်မှတ် အပို/ပျောက်ဆုံးမှု စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်အမည် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | စက်မှုလက်မှု | ၂ | ၃၁၀၀ | ၂၀၄၀ | ၁၀၆၀ | ၈၈၇ | ၁၇၃ | |
| ၂ | အမှတ်(၁) အနော်မာ | ၁၄ | ၁၆၀၅၀ | ၉၀၉၆ | ၆၉၅၄ | ၅၀၅၀ | ၁၉၀၄ | |
| ၃ | အမှတ်(၁) ထူပါရုံ | ၁၁ | ၁၀၈၅၀ | ၆၄၂၈ | ၄၄၂၂ | ၂၆၆၂ | ၁၇၆၀ | |
| ၄ | အမှတ်(၂) ရပ်ကွက် (တောင်) | ၅ | ၄၉၅၀ | ၃၄၇၉ | ၁၄၇၁ | ၂၀၄၇ | ၁၈၅ | ၇၆၁ |
| ၅ | အမှတ်(၂) ရပ်ကွက် (မြောက်) | ၁၁ | ၁၁၁၅၀ | ၆၉၀၀ | ၄၂၅၀ | ၂၉၀၃ | ၁၃၄၇ | |
| ၆ | အမှတ်(၃) ရန်ပြေ | ၈ | ၈၆၅၀ | ၆၄၂၇ | ၂၂၂၃ | ၂၇၇၃ | ၂၅၀ | ၈၀၀ |
| ၇ | အမှတ်(၃) မာန်ပြေ | ၁၂ | ၁၁၀၃၆ | ၅၉၂၃ | ၅၁၁၃ | ၂၁၇၁ | ၂၉၄၂ | |
| ၈ | အမှတ်(၄) ရပ်ကွက် (တောင်) | ၇ | ၅၆၅၀ | ၄၁၀၅ | ၁၅၄၅ | ၂၀၃၅ | ၁၀၀ | ၅၉၀ |
| ၉ | အမှတ်(၄) ရပ်ကွက် (မြောက်) | ၈ | ၅၂၅၀ | ၃၆၄၁ | ၁၆၀၉ | ၄၇၉ | ၁၁၃၀ | |
| ၁၀ | အမှတ်(၅)ရပ်ကွက် | ၃ | ၂၈၅၀ | ၂၂၂၄ | ၆၂၆ | ၃၈၄ | ၂၄၂ | |
| ၁၁ | အမှတ်(၆) ရပ်ကွက်(အရှေ့) | ၈ | ၅၁၀၀ | ၃၄၄၇ | ၁၆၅၃ | ၈၃၀ | ၈၇၃ | ၅၀ |
| ၁၂ | အမှတ်(၆)ရပ်ကွက် (အနောက်) | ၉ | ၇၃၀၀ | ၄၅၅၁ | ၂၇၄၉ | ၁၉၁၉ | ၈၃၀ | |
| ၁၃ | အမှတ်(၇) ရပ်ကွက်(အရှေ့) | ၁၃ | ၁၂၉၀၀ | ၇၉၇၃ | ၄၉၂၇ | ၂၃၉၉ | ၂၅၇၂ | ၄၄ |
| ၁၄ | အမှတ်(၇)ရပ်ကွက် (အနောက်) | ၄ | ၄၃၅၀ | ၂၄၆၃ | ၁၈၈၇ | ၆၃၉ | ၁၂၄၈ | |
| ၁၅ | အမှတ်(၈)ရပ်ကွက် | ၁၆ | ၁၃၅၅၀ | ၇၆၆၈ | ၅၈၈၂ | ၃၆၄၅ | ၂၂၃၇ | |
| ၁၆ | အမှတ်(၉)ရပ်ကွက် | ၈ | ၇၁၅၀ | ၄၉၄၉ | ၂၂၀၁ | ၂၄၁၁ | ၇၆ | ၂၈၆ |
| ၁၇ | အမှတ်(၁၀)ရပ်ကွက် (တောင်) | ၂၂ | ၁၅၀၅၀ | ၈၈၃၂ | ၆၂၁၈ | ၄၈၅၉ | ၁၄၁၀ | ၅၁ |
| ၁၈ | အမှတ်(၁၀)ရပ်ကွက် (မြောက်) | ၇ | ၅၆၀၀ | ၃၉၀၅ | ၁၆၉၅ | ၁၈၂၃ | ၁၂၂ | ၂၅၀ |
| ၁၉ | ရှခင်းသာရပ်ကွက် | ၅ | ၆၀၀၀ | ၃၅၅၄ | ၂၄၄၆ | ၂၆၀၈ | ၁၃၈ | ၃၀၀ |
| | စုစုပေါင်း | ၁၇၃ | ၁၅၆၅၃၆ | ၉၇၆၀၅ | ၅၈၉၃၁ | ၄၂၅၂၄ | ၁၉၅၃၉ | ၃၁၃၂ |
| ၂၀ | မြို့နယ်ကြိုတင်မဲ | | ၁၄၉၂ | ၂၀၅၃ | -၅၆၁ | ၄၁၂ | | ၉၇၃ |
| ၂၁ | မြို့နယ်အရန် | | ၇၉၀၀ | | ၇၉၀၀ | ၉၉၇၇ | | ၂၀၇၇ |
| | စုစုပေါင်း | | ၁၆၅၉၂၈ | ၉၉၆၅၈ | ၆၆၂၇၀ | ၅၂၉၁၃ | ၁၉၅၃၉ | ၆၁၈၂ |

### ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၇။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် ရပ်ကွက် ၂၂ ရပ်ကွက်၊ မဲရုံပေါင်း ၆၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၇၂၄၄၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၂၆၃၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၉၈၁၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၁၇၄၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၆၆၉၅၀ | ၄၁၄၇၆ | ၂၅၄၇၄ | ၁၇၄၀၄ | ၉၀၂၁ | ၉၅၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၆၀ | ၁၁၆၀ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၃၇ | - | ၄၃၃၇ | ၄၃၃၇ | - | - |
| | စုစုပေါင်း | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |

၈။ ဗဟန်းမြို့နယ်၊ ရပ်ကွက် ၂၂ ရပ်ကွက်ရှိ မဲရုံ ၆၅ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၀၂၁ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၉၅၁ အပိုတွေ့ရှိရပါသည်။ ဗဟန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေး တွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်အမည် | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဆရာစံမြောက်အရှေ့ | ၅၀၅၀ | ၃၄၁၃ | ၁၆၃၇ | ၉၈၄ | ၇၀၂ | ၄၉ |
| ၂ | ဆရာစံမြောက်အနောက် | ၅၁၀၀ | ၃၆၂၁ | ၁၄၇၉ | ၁၁၄၀ | ၄၆၇ | ၁၂၈ |
| ၃ | ကျိုက္ကဆံ | ၅၉၀၀ | ၃၃၀၁ | ၂၅၉၉ | ၁၄၉၉ | ၁၁၅၀ | ၅၀ |
| ၄ | ဆရာစံ | ၃၈၅၀ | ၂၅၀၉ | ၁၃၄၁ | ၁၄၉၁ | | ၁၅၀ |
| ၅ | ဆရာစံတောင် | ၆၂၀၀ | ၄၂၇၃ | ၁၉၂၇ | ၂၁၃၄ | ၁၁ | ၂၁၈ |
| ၆ | ဗိုလ်စိန်မှန် | ၃၂၅၀ | ၁၇၃၉ | ၁၅၁၁ | ၄၆၂ | ၁၀၄၉ | |
| ၇ | အလယ်ရွှေဂုံတိုင် | ၁၆၀၀ | ၁၁၇၀ | ၄၃၀ | ၂၈၀ | ၁၅၀ | |
| ၈ | သာသနာ့ရိပ်သာ | ၁၆၀၀ | ၁၁၇၁ | ၄၂၉ | ၄၂၉ | ၁၃ | ၁၃ |
| ၉ | ရွှေတောင်ကြား (၁) | ၃၀၀၀ | ၂၀၃၆ | ၉၆၄ | ၂၁၄ | ၈၀၇ | ၅၇ |
| ၁၀ | ရွှေတောင်ကြား (၂) | ၃၈၀၀ | ၁၉၀၃ | ၁၈၉၇ | ၆၀၂ | ၁၂၉၅ | |
| ၁၁ | အရှေ့ရွှေဂုံတိုင် | ၁၇၀၀ | ၁၀၄၁ | ၆၅၉ | ၆၅၉ | ၅၀ | ၅၀ |
| ၁၂ | အနောက်ရွှေဂုံတိုင် | ၂၀၅၀ | ၉၈၉ | ၁၀၆၁ | ၉၃၀ | ၁၃၁ | |
| ၁၃ | ကြားတောရ | ၇၅၀ | ၁၀၀ | ၆၅၀ | - | ၆၅၀ | |
| ၁၄ | ရေတာရှည် | ၄၅၀၀ | ၂၇၆၁ | ၁၇၃၉ | ၁၅၈၅ | ၁၅၄ | |
| ၁၅ | ငါးထပ်ကြီးတောင် | ၃၇၅၀ | ၂၀၉၀ | ၁၆၆၀ | ၇၄၀ | ၉၄၆ | ၂၆ |
| ၁၆ | ငါးထပ်ကြီးအနောက် | ၁၁၅၀ | ၇၆၈ | ၃၈၂ | ၃၂ | ၃၅၀ | |
| ၁၇ | ငါးထပ်ကြီးမြောက် | ၆၀၀ | ၃၈၇ | ၂၁၃ | ၂၂၃ | | ၁၀ |
| ၁၈ | ဗိုလ်ချို (၁) | ၂၁၀၀ | ၁၂၈၀ | ၈၂၀ | ၈၇၄ | ၄၆ | ၁၀၀ |
| ၁၉ | ဗိုလ်ချို (၂) | ၃၂၀၀ | ၁၈၇၀ | ၁၃၃၀ | ၁၁၃၀ | ၂၀၀ | |
| ၂၀ | မြို့မ | ၂၄၀၀ | ၁၆၃၂ | ၇၆၈ | ၇၆၈ | ၅၀ | ၅၀ |
| ၂၁ | ရွှေနံ့သာ | ၂၂၅၀ | ၁၇၃၈ | ၅၁၂ | ၅၆၂ | | ၅၀ |
| ၂၂ | ကိုယ့်မင်းကိုယ့်ချင်း | ၃၁၅၀ | ၁၆၈၄ | ၁၄၆၆ | ၆၆၆ | ၈၀၀ | |
| | ရပ်/ကျေး စုစုပေါင်း | ၆၆၉၅၀ | ၄၁၄၇၆ | ၂၅၄၇၄ | ၁၇၄၀၄ | ၉၀၂၁ | ၉၅၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၁၆၀ | ၁၁၆၀ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၄၃၃၇ | | ၄၃၃၇ | ၄၃၃၇ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၂၄၄၇ | ၄၂၆၃၆ | ၂၉၈၁၁ | ၂၁၇၄၁ | ၉၀၂၁ | ၉၅၁ |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

## သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်တွင် ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ မဲရုံပေါင်း ၄၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၄၂၃၈၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၇၈၈၆၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၄၅၀၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၇၄၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၃၀၁၀၀ | ၁၅၅၀၅၂ | ၇၅၀၄၈ | ၆၇၉၉၂ | ၈၀၃၂ | ၉၇၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၂၂၈၉ | ၂၈၃၄ | ၉၄၅၅ | ၉၄၅၅ | - | - |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | - | - | - | - | - | - |
| စုစုပေါင်း | | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |

၁၀။ သန်လျင်မြို့နယ်၊ ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စုရှိ မဲရုံ ၄၅ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၈၀၃၂ ပျောက်ဆုံးနေပြီး ၉၇၆ ပိုသုံးထားကြောင်းတွေ့ရှိရသည်။ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်အလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စုအမည် | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့ဟောင်းအနောက်ရပ်ကွက် | ၄၂၅၀ | ၂၈၁၅ | ၁၄၃၅ | ၁၄၃၅ | | |
| ၂ | မြို့ဟောင်းအလယ်ရပ်ကွက် | ၂၇၅၀ | ၁၉၇၉ | ၇၇၁ | ၆၇၅ | ၉၆ | |
| ၃ | မြို့ဟောင်းအရှေ့ရပ်ကွက် | ၁၀၆၅၀ | ၇၀၄၉ | ၃၆၀၁ | ၂၂၀၉ | ၁၃၉၂ | |
| ၄ | သောက်တော်ကွင်းရပ်ကွက် | ၄၇၅၀ | ၂၈၁၄ | ၁၉၃၆ | ၁၇၄၁ | ၁၉၅ | |
| ၅ | အုပ်ဖိုစုရပ်ကွက် | ၄၄၀၀ | ၂၇၉၄ | ၁၆၀၆ | ၁၁၆၅ | ၄၄၁ | |
| ၆ | အမှုထမ်းရပ်ကွက် | ၇၈၅၀ | ၅၀၄၅ | ၂၈၀၅ | ၂၁၀၀ | ၇၀၅ | |
| ၇ | ပဲခူးစုရပ်ကွက် | ၄၁၅၀ | ၃၁၀၀ | ၁၀၅၀ | ၉၀၀ | ၁၅၀ | |
| ၈ | ထန်းပင်ကုန်းရပ်ကွက် | ၂၉၅၀ | ၂၁၇၅ | ၇၇၅ | ၆၇၈ | ၉၇ | |
| ၉ | မြို့သစ်အရှေ့ရပ်ကွက် | ၁၁၀၀ | ၈၁၂ | ၂၈၈ | ၁၈၈ | ၁၀၀ | |
| ၁၀ | မြို့သစ်အလယ်ရပ်ကွက် | ၇၀၀ | ၄၈၂ | ၂၁၈ | ၂၁၈ | | |
| ၁၁ | မြို့သစ်အနောက်ရပ်ကွက် | ၄၅၀ | ၃၄၆ | ၁၀၄ | ၁၀၄ | | |
| ၁၂ | မြို့မတောင်ရပ်ကွက် | ၄၄၀၀ | ၃၂၃၉ | ၁၁၆၁ | ၈၃၄ | ၃၂၇ | |
| ၁၃ | မြို့မမြောက်ရပ်ကွက် | ၁၁၅၀ | ၈၄၄ | ၃၀၆ | ၃၁၆ | | ၁၀ |
| ၁၄ | အောင်မင်္ဂလာရပ်ကွက် | ၂၀၀၀ | ၁၄၃၀ | ၅၇၀ | ၅၆၄ | ၆ | |
| ၁၅ | ဒါရိုက်ရပ်ကွက် | ၅၂၅၀ | ၃၆၈၂ | ၁၅၆၈ | ၁၄၄၈ | ၁၂၀ | |
| ၁၆ | ရေနံ့ရပ်ကွက် | ၂၀၀၀ | ၁၆၁၄ | ၃၈၆ | ၃၈၅ | ၁ | |
| ၁၇ | အောင်ချမ်းသာရပ်ကွက် | ၉၄၅၀ | ၆၃၃၉ | ၃၁၁၁ | ၃၃၇၇ | | ၂၆၆ |
| ၁၈ | ဝင်းခနီးကျေးရွာအုပ်စု | ၉၅၀ | ၈၂၄ | ၁၂၆ | ၁၂၆ | | |
| ၁၉ | ဖားကူး (အရှေ့)ကျေးရွာအုပ်စု | ၃၆၀၀ | ၂၆၇၇ | ၉၂၃ | ၈၂၃ | ၁၀၀ | |
| ၂၀ | ဖားကူး (အနောက်) ကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၆၃ | ၃၃၇ | ၂၃၇ | ၁၀၀ | |
| ၂၁ | ဒေးဇတ်ကျေးရွာအုပ်စု | ၂၁၀၀ | ၁၅၃၄ | ၅၆၆ | ၅၆၄ | ၂ | |
| ၂၂ | ရုံးသပြေကန်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၇၁၁ | ၇၃၉ | ၆၃၉ | ၁၀၀ | |
| ၂၃ | မင်္ဂလွန်းကျေးရွာအုပ်စု | ၃၄၀၀ | ၂၅၂၇ | ၈၇၃ | ၄၈၁ | ၃၉၂ | |
| ၂၄ | ဘောသပြေကန်ကျေးရွာအုပ်စု | ၃၅၅၀ | ၂၅၂၈ | ၁၀၂၂ | ၁၀၂၂ | | |
| ၂၅ | ကရင်ဆိပ်ကျေးရွာအုပ်စု | ၃၂၀၀ | ၂၂၈၄ | ၉၁၆ | ၈၇၆ | ၄၀ | |
| ၂၆ | သပြေကုန်းကျေးရွာအုပ်စု | ၂၀၅၀ | ၁၈၄၇ | ၂၀၃ | ၂၅၂ | | ၄၉ |
| ၂၇ | ပုဂံတောင်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၉၆၆ | ၄၈၄ | ၄၈၄ | | |
| ၂၈ | အလွန်းဆုတ်ကျေးရွာအုပ်စု | ၇၂၅၀ | ၄၆၉၅ | ၂၅၅၅ | ၂၄၅၄ | ၁၀၁ | |
| ၂၉ | ကျောင်းကုန်းဆိပ်ကြီး (ခ) ဂျမားကျေးရွာအုပ်စု | ၁၁၁၀၀ | ၉၁၆၅ | ၁၉၃၅ | ၁၇၃၃ | ၂၀၂ | |
| ၃၀ | လက်ယက်စမ်းကျေးရွာအုပ်စု | ၁၈၅၀၀ | ၁၃၂၅၇ | ၅၂၄၃ | ၃၃၆၂ | ၁၈၈၁ | |
| ၃၁ | သူဌေးကွင်းကျေးရွာအုပ်စု | ၂၃၅၀ | ၁၈၃၇ | ၅၁၃ | ၅၂၃ | | ၁၀ |
| ၃၂ | စစ်ပင်ကွင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၇၁၀ | ၃၉၀ | ၃၈၆ | ၄ | |
| ၃၃ | ဘယက်ကျေးရွာအုပ်စု | ၁၃၀၀ | ၁၁၁၄ | ၁၈၆ | ၁၈၇ | | ၁ |
| ၃၄ | ငါးမြေမကျေးရွာအုပ်စု | ၁၆၀၀ | ၁၃၀၉ | ၂၉၁ | ၂၉၁ | | |
| ၃၅ | င/ပကျေးရွာအုပ်စု | ၃၁၀၀ | ၂၄၄၀ | ၆၆၀ | ၇၁၆ | | ၅၆ |
| ၃၆ | သနပ်ပင်ကျေးရွာအုပ်စု | ၆၅၀ | ၅၂၀ | ၁၃၀ | ၁၃၀ | | |
| ၃၇ | ဗိုလ်ချုပ်ကျေးရွာအုပ်စု | ၂၀၁၅၀ | ၁၃၄၆၀ | ၆၆၉၀ | ၇၂၄၇ | | ၅၅၇ |
| ၃၈ | ညောင်သုံးပင်ကျေးရွာအုပ်စု | ၆၉၀၀ | ၄၀၀၂ | ၂၈၉၈ | ၂၃၈၈ | ၅၁၀ | |
| ၃၉ | ဘုရားကုန်းကျေးရွာအုပ်စု | ၅၁၂၀၀ | ၂၇၇၃၈ | ၂၃၄၆၂ | ၂၂၆၂၂ | ၈၄၀ | |
| ၄၀ | လဟာယက်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၂၈၈ | ၃၆၂ | ၃၈၉ | | ၂၇ |
| ၄၁ | ကဒတ်ဖျာကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၃၃ | ၃၆၇ | ၂၇၇ | ၉၀ | |
| ၄၂ | ညောင်လေးပင်ကျေးရွာအုပ်စု | ၁၇၅၀ | ၁၄၂၅ | ၃၂၅ | ၃၂၅ | | |
| ၄၃ | ကုလားဝဲကျေးရွာအုပ်စု | ၃၂၀၀ | ၂၃၆၇ | ၈၃၃ | ၇၉၃ | ၄၀ | |
| ၄၄ | ဆေးလုံးကြီးကျေးရွာအုပ်စု | ၁၀၅၀ | ၉၁၀ | ၁၄၀ | ၁၄၀ | | |
| ၄၅ | ချောင်းစောက်ကျေးရွာအုပ်စု | ၁၁၅၀ | ၉၆၂ | ၁၈၈ | ၁၈၈ | | |
| ရပ်ကျေးမဲရုံစုစုပေါင်း | | ၂၃၀၁၀၀ | ၁၅၅၀၅၂ | ၇၅၀၄၈ | ၆၇၉၉၂ | ၈၀၃၂ | ၉၇၆ |
| မြို့နယ်ကြိုတင်မဲ | | ၁၂၂၈၉ | ၂၈၃၄ | ၉၄၅၅ | ၉၄၅၅ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၄၂၃၈၉ | ၁၅၇၈၈၆ | ၈၄၅၀၃ | ၇၇၄၄၇ | ၈၀၃၂ | ၉၇၆ |

## ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၁။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင် ရပ်ကွက် ၅၈ ရပ်ကွက်၊ မဲရုံပေါင်း ၁၉၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၅၁၄၆၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၂၂၁ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၉၂၄၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၄၁၁၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၈၇၅၀ | ၁၀၁၆၃၆ | ၄၇၁၁၄ | ၄၁၉၈၅ | ၆၅၁၁ | ၁၃၈၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၈၅ | ၅၈၅ | - | - | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၂၁၃၃ | - | ၂၁၃၃ | ၂၁၃၃ | - | - |
| စုစုပေါင်း | | ၁၅၁၄၆၈ | ၁၀၂၂၂၁ | ၄၉၂၄၇ | ၄၄၁၁၈ | ၆၅၁၁ | ၁၃၈၂ |

၁၂။ ကျောက်တန်းမြို့နယ်၊ ရပ်ကွက် ၃၈ ရပ်ကွက်ရှိ မဲရုံ ၁၉၂ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၆၅၁၁ ပျောက်ဆုံးနေပြီး ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ထုတ်ပေးထားခြင်းထက် ၁၃၈၂ ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၃။ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရှိရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အရှေ့ပိုင်းရပ်ကွက် | ၃ | ၂၈၀၀ | ၂၀၃၉ | ၇၆၁ | ၆၁၃ | ၁၄၈ | |
| ၂ | အလယ်ပိုင်းရပ်ကွက် | ၂ | ၁၂၅၀ | ၉၄၃ | ၃၀၇ | ၄၅၇ | | ၁၅၀ |
| ၃ | အနောက်ပိုင်းရပ်ကွက် | ၅ | ၄၀၀၀ | ၂၉၅၁ | ၁၀၄၉ | ၁၂၅၄ | | ၂၀၅ |
| ၄ | ဆင်ကန်ရပ်ကွက် | ၆ | ၅၈၅၀ | ၄၁၆၉ | ၁၆၈၁ | ၁၇၃၁ | | ၅၀ |
| ၅ | ရွှေကုန်းရပ်ကွက် | ၇ | ၈၃၀၀ | ၅၇၆၃ | ၂၅၃၇ | ၁၈၂၅ | ၇၁၂ | |
| ၆ | စံချိန်မီရပ်ကွက် | ၆ | ၆၅၅၀ | ၄၃၉၄ | ၂၁၅၆ | ၂၀၃၃ | ၁၂၃ | |
| ၇ | သီတာမြိုင်ရပ်ကွက် | ၃ | ၃၂၀၀ | ၂၀၇၅ | ၁၁၂၅ | ၁၀၀၅ | ၁၂၀ | |
| ၈ | ရွှေပြည်သာယာရပ်ကွက် | ၄ | ၃၉၅၀ | ၂၄၃၁ | ၁၅၁၉ | ၁၁၁၉ | ၄၀၀ | |
| ၉ | အေးမြသီတာရပ်ကွက် | ၂ | ၁၅၅၀ | ၁၁၃၁ | ၄၁၉ | ၂၆၆ | ၁၅၃ | |
| ၁၀ | ကန်ပြောင်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၂၁၄ | ၅၈၆ | ၅၉၀ | | ၄ |
| ၁၁ | ပီလခတ်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၄၃ | ၆၅၇ | ၅၅၄ | ၁၀၃ | |
| ၁၂ | ကျုံကန်ကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၄၄ | ၅၀၆ | ၅၅၆ | | ၅၀ |
| ၁၃ | ဝဲကြီးကျေးရွာအုပ်စု | ၄ | ၂၄၀၀ | ၁၇၉၀ | ၆၁၀ | ၅၆၀ | ၅၀ | |
| ၁၄ | ရွာသစ်ကြီးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၇၃၆ | ၆၁၄ | ၄၁၄ | ၂၀၀ | |
| ၁၅ | ကြံပင်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၃၄ | ၄၆၆ | ၄၆၆ | | |
| ၁၆ | သောင်ကြီးကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၆၈ | ၁၃၂ | ၁၃၂ | | |
| ၁၇ | အစဲကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၅၈၇ | ၇၁၃ | ၄၉၃ | ၂၂၀ | |
| ၁၈ | သနပ္ပင်ချင်းကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၅၉ | ၃၉၁ | ၅၄၁ | | ၁၅၀ |
| ၁၉ | ဘော်ဂလွတ်ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၉၄၃ | ၄၅၇ | ၆၀၇ | | ၁၅၀ |
| ၂၀ | ချောင်းဝကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၃၄၆ | ၅၅၄ | ၃၀၅ | ၂၄၉ | |
| ၂၁ | ညောင်ဝိုင်းကျေးရွာအုပ်စု | ၇ | ၈၄၀၀ | ၅၅၇၁ | ၂၈၂၉ | ၂၆၂၉ | ၂၀၀ | |
| ၂၂ | ရေကျော်ကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၈၁၈ | ၇၃၂ | ၅၃၁ | ၂၀၁ | |
| ၂၃ | ကြာကန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၉၈ | ၄၅၂ | ၃၀၂ | ၁၅၀ | |
| ၂၄ | ပါဒကြီးကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၁၈၉ | ၇၁၁ | ၅၆၁ | ၁၅၀ | |
| ၂၅ | ဥယျာဉ်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၁၁၀ | ၃၄၀ | ၂၉၀ | ၅၀ | |
| ၂၆ | ရွှေပျောက်ကျေးရွာအုပ်စု | ၆ | ၆၃၅၀ | ၄၄၇၉ | ၁၈၇၁ | ၁၃၇၉ | ၄၉၂ | |
| ၂၇ | ပန်းတောကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၄၇၀ | ၉၃၀ | ၉၃၄ | | ၄ |
| ၂၈ | အမှတ်(၁)ရပ်ကွက် | ၃ | ၁၈၅၀ | ၁၃၀၃ | ၅၄၇ | ၅၃၉ | ၈ | |
| ၂၉ | အမှတ်(၂)ရပ်ကွက် | ၄ | ၂၆၅၀ | ၁၇၃၁ | ၉၁၉ | ၅၇၅ | ၃၄၄ | |
| ၃၀ | အမှတ်(၃)ရပ်ကွက် | ၂ | ၁၅၅၀ | ၁၁၉၅ | ၃၅၅ | ၄၀၇ | | ၅၂ |
| ၃၁ | အမှတ်(၄)ရပ်ကွက် | ၃ | ၂၀၅၀ | ၁၅၂၁ | ၅၂၉ | ၃၈၉ | ၁၄၀ | |
| ၃၂ | ကရင်ချောင်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၇၄ | ၄၇၆ | ၅၂၆ | | ၅၀ |
| ၃၃ | ဖွဲကနာကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၅၂၀ | ၁၀၃၀ | ၆၈၀ | ၃၅၀ | |
| ၃၄ | မင်္ဂလွန်းကျေးရွာအုပ်စု | ၆ | ၅၁၀၀ | ၃၄၇၃ | ၁၆၂၇ | ၁၄၂၈ | ၁၉၉ | |
| ၃၅ | နရွဲချောင်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၃၀ | ၅၂၀ | ၄၇၀ | ၅၀ | |
| ၃၆ | စစ်တပင်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၈၅ | ၁၁၅ | ၁၁၅ | | |
| ၃၇ | မြကိုင်းကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၁၇၇၀ | ၉၃၀ | ၇၃၀ | ၂၀၀ | |
| ၃၈ | ဘိုးဘကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၂၁ | ၄၂၉ | ၂၂၉ | ၂၀၀ | |

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု အမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၉ | ကွန်းကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၄၂၁ | ၆၂၉ | ၆၈၅ | | ၅၆ |
| ၄၀ | ဗွဲတာကုန်းတန်းကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၄၅၃ | ၆၉၇ | ၈၅၉ | | ၁၆၂ |
| ၄၁ | ရွာသစ်ကလေးကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၆၁၇ | ၆၃၃ | ၅၈၃ | ၅၀ | |
| ၄၂ | မီးပြကျေးရွာအုပ်စု | ၆ | ၄၉၀၀ | ၂၉၆၇ | ၁၉၃၃ | ၂၁၃၃ | | ၂၀၀ |
| ၄၃ | ကမာကလုပ်ကျေးရွာအုပ်စု | ၅ | ၄၂၅၀ | ၂၉၉၇ | ၁၂၅၃ | ၁၀၅၁ | ၂၀၂ | |
| ၄၄ | ကုလားတန်းကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၁၈၅၆ | ၁၁၉၄ | ၁၀၉၄ | ၁၀၀ | |
| ၄၅ | ခနောင်ကျေးရွာအုပ်စု | ၅ | ၃၁၅၀ | ၂၂၉၇ | ၈၅၃ | ၆၅၃ | ၂၀၀ | |
| ၄၆ | စင်မကော်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၃ | ၃၁၇ | ၃၁၄ | ၃ | |
| ၄၇ | ပန်းချောင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၉၅ | ၂၀၅ | ၂၅၄ | | ၄၉ |
| ၄၈ | တာပတ်ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၉၉၅ | ၄၀၅ | ၄၅၅ | | ၅၀ |
| ၄၉ | ဇီးဖြူပင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၆၀ | ၁၄၀ | ၁၄၀ | | |
| ၅၀ | ကဒပ္ပနကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၈၆ | ၄၆၄ | ၄၁၄ | ၅၀ | |
| ၅၁ | ဝင်းကြီးကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၂၉ | ၄၇၁ | ၃၇၁ | ၁၀၀ | |
| ၅၂ | စစ်တန်းကျေးရွာအုပ်စု | ၅ | ၂၈၅၀ | ၁၈၈၁ | ၉၆၉ | ၉၁၇ | ၅၂ | |
| ၅၃ | ပုတ္တလုပ်ကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၂၁၀၁ | ၁၂၄၉ | ၁၁၆၁ | ၈၈ | |
| ၅၄ | မရမ်းဘေးကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၃၇၉ | ၈၂၁ | ၇၁၉ | ၁၀၂ | |
| ၅၅ | ရှမ်းချောင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၆၅၇ | ၇၉၃ | ၅၉၃ | ၂၀၀ | |
| ၅၆ | တူးမြောင်းကျေးရွာအုပ်စု | ၂ | ၉၅၀ | ၆၂၉ | ၃၂၁ | ၃၂၁ | | |
| ၅၇ | တမံကြီးကုန်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၁၃၇ | ၈၁၃ | ၇၁၁ | ၁၀၂ | |
| ၅၈ | အောင်ချမ်းသာကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၇၈ | ၃၇၂ | ၃၂၂ | ၅၀ | |
| | **ရပ်ကွက်ချုပ်စုစုပေါင်း** | **၁၉၂** | **၁၄၈၇၅၀** | **၁၀၁၆၃၆** | **၄၇၁၁၄** | **၄၁၉၈၅** | **၆၅၁၁** | **၁၃၈၂** |
| | **မြို့နယ်ကြိုတင်မဲလက်မှတ်** | | **၅၈၅** | **၅၈၅** | **-** | **-** | **-** | **-** |
| | **မြို့နယ်လက်ကျန်မဲလက်မှတ်** | | **၂၁၃၃** | **-** | **၂၁၃၃** | **၂၁၃၃** | **-** | **-** |
| | **မြို့နယ်ချုပ်စုစုပေါင်း** | | **၁၅၁၄၆၈** | **၁၀၂၂၂၁** | **၄၉၂၄၇** | **၄၄၁၁၈** | **၆၅၁၁** | **၁၃၈၂** |

## မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၄။ မြေပြင်စစ်ဆေးချက်များအရ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စု၊ မဲရုံပေါင်း ၁၇၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၁၁၉၀၃ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၉၅၀၀ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၂၄၀၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၁၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၃၇၀၀ | ၁၄၇၂၂၀ | ၅၆၄၈၀ | ၅၂၃၃၂ | ၅၆၄၉ | ၁၅၀၁ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၂၀၃ | ၂၂၈၀ | ၅၉၂၃ | ၉၁၇၇ | - | ၃၂၅၄ |
| | **စုစုပေါင်း** | **၂၁၁၉၀၃** | **၁၄၉၅၀၀** | **၆၂၄၀၃** | **၆၁၅၀၉** | **၅၆၄၉** | **၄၇၅၅** |

၁၅။ မှော်ဘီမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၉ အုပ်စုရှိ မဲရုံ ၁၇၅ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၅၆၄၉ ပျောက်ဆုံးနေပြီး ၁၅၀၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၅၉၂၃ ဖြစ်သော်လည်း မြေပြင်တွင် ၉၁၇၇ ကျန်ရှိနေသဖြင့် ၃၂၅၄ အပိုတွေ့ရှိရပါသည်။

၁၆။ မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စုအမည် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၄ | ၃၉၅၀ | ၃၀၄၁ | ၉၀၉ | ၉၆၅ | | ၅၆ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၅ | ၇၆၅၀ | ၅၂၃၈ | ၂၄၁၂ | ၂၄၁၂ | ၁၀၀ | ၁၀၀ |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၂၂၀၀ | ၁၆၁၀ | ၅၉၀ | ၅၉၀ | | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၇ | ၇၉၅၀ | ၆၁၂၅ | ၁၈၂၅ | ၁၈၅၃ | ၂၄ | ၅၂ |
| ၅ | လှပဒါးကျေးရွာအုပ်စု | ၃ | ၃၄၅၀ | ၂၈၁၁ | ၆၃၉ | ၆၈၉ | | ၅၀ |
| ၆ | မင်းကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၂၆၄ | ၅၈၆ | ၅၈၆ | | |
| ၇ | ပက်တန်းကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၇၇၀ | ၃၃၀ | ၄၃၀ | | ၁၀၀ |
| ၈ | ရွှေလှေကြီးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၀၈ | ၁၉၂ | ၁၄၂ | ၅၀ | |
| ၉ | ပသီကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၉၁၀ | ၂၄၀ | ၂၄၅ | | ၅ |
| ၁၀ | ချောင်းဝကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၈၄၇ | ၂၅၃ | ၂၀၃ | ၅၀ | |
| ၁၁ | မှော်ဘီချောင်းဝကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၂၂၅၈ | ၄၄၂ | ၄၄၃ | ၇ | ၈ |
| ၁၂ | နှောကုန်းကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၃၆၆ | ၇၈၄ | ၇၈၄ | | |
| ၁၃ | ဘန့်ဘွေးကုန်းကျေးရွာအုပ်စု | ၂ | ၃၂၅၀ | ၂၆၄၂ | ၆၀၈ | ၆၀၈ | | |
| ၁၄ | လည်းငုတ်ချောင်းကျေးရွာအုပ်စု | ၈ | ၆၈၅၀ | ၅၂၈၉ | ၁၅၆၁ | ၁၅၆၂ | | ၁ |
| ၁၅ | ဖူးကြီးကျေးရွာအုပ်စု | ၇ | ၆၁၀၀ | ၄၇၃၅ | ၁၃၆၅ | ၁၄၆၅ | ၁၅၀ | ၂၅၀ |
| ၁၆ | လက်ပံတန်းစုကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၅၃၈ | ၁၀၁၂ | ၉၆၆ | ၅၀ | ၄ |
| ၁၇ | ဝါးပတောကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၂၉၁ | ၁၅၉ | ၁၅၉ | | |
| ၁၈ | အင်ကြင်းကုန်းကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၃၇၅ | ၅၂၅ | ၅၂၅ | ၂ | ၂ |
| ၁၉ | ကုလားကုန်း(ဦးထွန်းလှအစု) ကျေးရွာအုပ်စု | ၆ | ၉၃၅၀ | ၅၀၇၇ | ၄၂၇၃ | ၄၂၃၉ | ၃၄ | |
| ၂၀ | မြို့ချောင်းကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၄၄၄ | ၆၅၆ | ၆၅၆ | | |
| ၂၁ | ကံကလေး(အမ်)ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၅၆၃ | ၃၃၇ | ၃၃၇ | | |
| ၂၂ | မြောင်းတကာကျေးရွာအုပ်စု | ၈ | ၁၀၉၀၀ | ၈၃၄၄ | ၂၅၅၆ | ၁၄၅၃ | ၁၂၀၃ | ၁၀၀ |
| ၂၃ | ညောင်ကုန်းကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၂၉၁၆ | ၁၀၃၄ | ၉၃၄ | ၁၅၀ | ၅၀ |
| ၂၄ | မြစ်ကျိုးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၆၂၀ | ၁၃၀ | ၁၃၀ | | |
| ၂၅ | ရွှေမြယာကုန်းကျေးရွာအုပ်စု | ၅ | ၆၆၅၀ | ၄၉၆၂ | ၁၆၈၈ | ၁၉၃၈ | ၃ | ၂၅၃ |
| ၂၆ | တပ်ကြီးကုန်းကျေးရွာအုပ်စု | ၈ | ၁၁၁၀၀ | ၇၆၇၆ | ၃၄၂၄ | ၃၂၁၆ | ၂၁၇ | ၉ |
| ၂၇ | ဝါးနက်ချောင်းဘူတာကျေးရွာအုပ်စု | ၆ | ၇၃၅၀ | ၅၆၈၂ | ၁၆၆၈ | ၉၈၇ | ၆၈၁ | |
| ၂၈ | အောက်ဝါးနက်ချောင်း ကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၇၈၇ | ၁၃၁၃ | ၁၂၁၃ | ၁၀၀ | |
| ၂၉ | ပေါက်ကုန်းကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၄၉ | ၁၅၁ | ၁၅၁ | | |
| ၃၀ | သနွှေပင်ကျေးရွာအုပ်စု | ၁၆ | ၂၂၅၅၀ | ၁၄၁၅၇ | ၈၃၉၃ | ၇၀၉၅ | ၁၃၄၈ | ၅၀ |
| ၃၁ | ဘွက်ကြီးကျေးရွာအုပ်စု | ၈ | ၁၀၄၀၀ | ၆၇၁၃ | ၃၆၈၇ | ၃၆၂၉ | ၁၀၀ | ၄၂ |
| ၃၂ | ဘိုးဒေါနကုန်းကျေးရွာအုပ်စု | ၄ | ၄၂၀၀ | ၃၃၁၉ | ၈၈၁ | ၈၇၁ | ၁၀ | |
| ၃၃ | ညောင်နှစ်ပင်ကျေးရွာအုပ်စု | ၃ | ၄၈၀၀ | ၃၄၆၅ | ၁၃၃၅ | ၁၃၄၅ | | ၁၀ |
| ၃၄ | ရိုးကြီးကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၁၂ | ၈၈ | ၈၈ | | |
| ၃၅ | မိုးကြိုးပစ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၆၄၂ | ၁၀၈ | ၁၀၈ | | |
| ၃၆ | ရေပေါ်သဲ့ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၇၀ | ၂၃၀ | ၂၃၀ | | |
| ၃၇ | ယင်းတိုက်ပင်ကျေးရွာအုပ်စု | ၅ | ၄၉၀၀ | ၃၆၃၃ | ၁၂၆၇ | ၁၂၇၃ | | ၆ |
| ၃၈ | သာယာကုန်းကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၇၀ | ၄၃၀ | ၄၃၃ | | ၃ |
| ၃၉ | သဲကုန်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၄၉၂ | ၃၅၈ | ၄၅၈ | | ၁၀၀ |
| ၄၀ | လိပ်ပွတ်တောရွာကြီး ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၆၃၂ | ၁၀၁၈ | ၁၀၆၈ | ၂၀၀ | ၂၅၀ |
| ၄၁ | အထယုကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၀၉ | ၁၄၁ | ၁၄၁ | | |
| ၄၂ | အင်လျက်ကျေးရွာအုပ်စု | ၃ | ၄၅၀၀ | ၃၇၃၃ | ၇၆၇ | ၇၁၇ | ၅၀ | |
| ၄၃ | ဆတ်သွားတောကျေးရွာအုပ်စု | ၁၁ | ၁၈၂၅၀ | ၁၂၁၃၅ | ၆၁၁၅ | ၄၉၉၅ | ၁၁၂၀ | |
| | **ရပ်ကွက်ချုပ်စုစုပေါင်း** | **၁၇၅** | **၂၀၃၇၀၀** | **၁၄၇၂၂၀** | **၅၆၄၈၀** | **၅၂၃၃၂** | **၅၆၄၉** | **၁၅၀၁** |
| | **မြို့နယ်မဲလက်ကျန်** | | **၈၂၀၃** | **၂၂၈၀** | **၅၉၂၃** | **၉၁၇၇** | | **၃၂၅၄** |
| | **မြို့နယ်ချုပ်စုစုပေါင်း** | | **၂၁၁၉၀၃** | **၁၄၉၅၀၀** | **၆၂၄၀၃** | **၆၁၅၀၉** | **၅၆၄၉** | **၄၇၅၅** |



မဲလက်မှတ်များ မြေပြင်စစ်ဆေးစဉ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယအကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလာနိုင်မှုကို တားဆီးရန် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ကြရန်နှင့် ဒေသတွင်း တားဆီးကန့်သတ်မှုများပြုလုပ်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီတိုက်တွန်း

**နယူးဒေလီ မတ် ၁၈**

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ကြရန်နှင့် ဒုတိယအကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလာနိုင်မှုကို တားဆီးရန် ဒေသတွင်းတားဆီးကန့်သတ်မှုများပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု တတိယအများဆုံး အိန္ဒိယနိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုပေါင်း ၁၁ ဒသမ ၄ သန်းကျော် ရှိကြောင်း သိရသည်။ ဗိုင်းရပ်စ်ကူးစက်မှု ပုံမှန်ကျဆင်းမှုမရှိမီ စက်တင်ဘာလ၌ အိန္ဒိယနိုင်ငံတွင် နေ့စဉ် ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုသည် ၁၀၀၀၀၀ အောက်အမြင့်ဆုံး ဖြစ်ခဲ့သည်။

ဖေဖော်ဝါရီအစောပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ၉၀၀၀ အောက် ကျဆင်းခဲ့သည်။ သို့သော်လည်း ထိုအချိန်မှစကာ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု တဖြည်းဖြည်းပြန်လည်တိုးလာခဲ့ပြီး မတ် ၁၇ ရက်တွင် ၂၉၀၀၀ ဖြစ်ခဲ့သည်။



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းရှိ ဘူတာရုံတစ်ရုံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ခရီးသွားပြည်သူတစ်ဦးကို အပူချိန်တိုင်း စစ်ဆေးပေးနေသည်ကို တွေ့ရစဉ်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ လှိုင်းဂယက် ထပ်မံပေါ်ပေါက်လာမည့်အရေးကို လျင်လျင်မြန်မြန် တားဆီးသွားရမည်ဖြစ်ကြောင်း မိုဒီက ကိုရိုနာဗိုင်းရပ်စ်တိုးလာမှုကို ဆွေးနွေးသည့် အွန်လိုင်းအစည်းအဝေးတွင် ဒေသတွင်းခေါင်းဆောင်များကို ပြောကြားလိုက်သည်။

မကြာသေးမီ သီတင်းပတ်များအတွင်းက ဒေသပေါင်း ၇၀ တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် အရေအတွက်မြင့်တက်လာခဲ့ကြောင်းနှင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ချက်ချင်းမရပ်တန့်ပါက တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကူးစက်ဖြစ်ပွားသွားနိုင်ကြောင်း မိုဒီက ဆက်လက်ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်စစ်ဆေးမှုများကိုလည်း မြို့ရွာကျေးရွာများပါမကျန် လျင်လျင်မြန်မြန် လုပ်ဆောင်ရန် မိုဒီက တိုက်တွန်းပြောကြားလိုက်သည်။

ပြင်းထန်သော ဗိုင်းရပ်စ်ကူးစက်မှုသည် အိန္ဒိယနိုင်ငံ၏ပြည်နယ်များကို ပျံ့နှံ့ရောက်ရှိလျက်ရှိရာ စီးပွားရေးမြို့တော် မွမ်ဘိုင်းတည်ရှိရာ မဟာရက်ရှ်တရာပြည်နယ်တွင် လှုပ်ရှားဆောင်ရွက်မှုများကို လျှော့ချဖြတ်တောက်ခြင်းနှင့် ကန့်သတ်ချက်သစ်များကို ချမှတ်ကြောင်း ကြေညာခြင်းများအပါအဝင် တချို့မြို့ကြီးများနှင့် မြို့ငယ်များတွင် ပြည်သူလူထုစုဝေးခြင်းများကိုလည်း ကန့်သတ်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

## အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံသည့်အချက်အလက်များကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ မတ် ၁၈**

သွေးကြောပိတ်ခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မှုများ ကမ္ဘာတစ်ဝန်း မြင့်တက်လာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၎င်း၏ ကျွမ်းကျင်သူများသည် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံသည့် အချက်အလက်များကို ပြန်လည်သုံးသပ်လျက်ရှိကြောင်း မတ် ၁၇ ရက်က ပြောကြားလိုက်သော်လည်း ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး သန်းချီထိုးနှံပေးလျက် ရှိချိန်တွင် လူဦးရေအနည်းငယ်မျှသည် သွေးကြော ပိတ်ဆို့ခြင်းများကို ခံစားကြရကြောင်း၊ ဥရောပသမဂ္ဂ၏ နိုင်ငံကြီးသုံးနိုင်ငံဖြစ်သော ဂျာမနီ၊ ပြင်သစ်နှင့် အီတလီတို့တွင် အဆိုပါကာကွယ်ဆေးထိုးခြင်းကို ရပ်ဆိုင်းထားကြောင်း




အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို တွေ့ရစဉ်။

သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကာကွယ်ဆေး လုံခြုံရေးဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ အကြံပေးကော်မတီက နောက်ဆုံးရရှိသည့် ဘေးကင်းလုံခြုံသည့် အချက်အလက်များကို ဂရုတစိုက်စစ်ဆေးလျက်ရှိကြောင်း ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုအချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ပတ်သက်ပြီး ၎င်း၏ တွေ့ရှိသုံးသပ်ချက်ရရှိလာသည့်နှင့် တစ်ပြိုင်နက် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးစိုးရိမ်ကြောက်ရွံ့မှုများကြောင့် နိုင်ငံအတော်များများက အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုကို ရပ်ဆိုင်းထားပြီးနောက် ဥရောပသမဂ္ဂ၏ ဆေးဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က မတ် ၁၇ ရက်က အက်စ်ထရာဇနီကာ ကာကွယ်ဆေးထိုးခြင်းနှင့် သွေးကြော ပိတ်ဆို့ခြင်းကြား ဆက်စပ်မှု သက်သေတစ်စုံတစ်ရာ ရှာမတွေ့သေးကြောင်း ပြောကြားလိုက်သည်။

သွေးကြာပိတ်ဆို့ခြင်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်ချင်မှ ပတ်သက်မည် ဖြစ်သော်လည်း လေ့လာစုံစမ်း စစ်ဆေးခြင်းက အကောင်းဆုံးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်းသည် တခြားအကြောင်းခြင်းရာကြောင့် နေမကောင်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့ကို လျော့ပါး သက်သာစေလိမ့်မည် မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက် ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**

## အသွင်ပြောင်း ကိုဗစ်-၁၉ ဖြစ်ပွားသောနိုင်ငံများအတွက် ဂျေနှင့်ဂျေ ကိုဗစ်-၁၉ ကာကွယ်ဆေးက အစွမ်းထက်ထိရောက်မှုရှိ

**ဂျီနီဗာ မတ် ၁၈**

အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ဖြစ်ပွားလျက်ရှိသော နိုင်ငံများအတွက် ဂျွန်ဆင်အင်န်ဂျွန်ဆင် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အသုံးပြုရန် အကြံပြုထောက်ခံကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ကာကွယ်ဆေး ကျွမ်းကျင်အကြံပေးများက ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အတည်ပြုပေးခဲ့သည်။ အဆိုပါကာကွယ်ဆေးသည် အလွန်အေးသော အခြေအနေတွင် သိုလှောင်သိမ်းဆည်းရမည့်အစား ပုံမှန်အအေးချိန်တွင် ထားသိုသိမ်းဆည်းနိုင်ပြီး တစ်ကြိမ်သာ ထိုးနှံရန်လိုအပ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်သို့ မည်ပုံ အသုံးပြုရမည်ဆိုသည့် အချက်အလက်များကို ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မဟာဗျူဟာအကြံပေး ကျွမ်းကျင်သူများအဖွဲ့ (အက်စ်အေဂျီအီး) က ဖော်ပြလိုက်ပြီး အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်များအတွက် ထိရောက်မှုရှိကြောင်း ပြောကြားလိုက်သည်။

အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ် ကူးစက်မှုတိုးနေသော နိုင်ငံများတွင် ယခုကာကွယ်ဆေးကို အသုံးပြုပါက အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကို ကောင်းစွာထိန်းချုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဂျွန်ဆင်အင်န်ဂျွန်ဆင်ကာကွယ်ဆေးကို အသုံးပြုရန် အကြံပြုထောက်ခံကြောင်း အက်စ်အေဂျီအီးက ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**

## မလေးရှားနိုင်ငံတွင် တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စတင်ထိုးနှံပေး

**ကွာလာလမ်ပူ မတ် ၁၈**

မလေးရှားနိုင်ငံတွင် မတ် ၁၈ ရက်က တရုတ်ကာကွယ်ဆေးကုမ္ပဏီက ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို စတင်ထိုးနှံခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီး ခေရီဂျာမယ်လ်လက်ဒင်သည် ဆီနိုဗက်၏ ကိုရိုနာဗက်ကာကွယ်ဆေးကို ပထမဆုံး အထိုးခံခဲ့သူတစ်ဦး ဖြစ်သည်။

မလေးရှားနိုင်ငံ၏ အမျိုးသား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုဝန်ကြီး ခေရီသည် ကိုဗစ်-၁၉ တိုက်ဖျက်ရေး ရှေ့တန်းအလုပ်သမား ၁၀ ဦးနှင့်အတူ နီဂရီ ဆမ်ဘီလန်ပြည်နယ်ရှိ ရမ်ဘူးဆေးရုံတွင် ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

ကာကွယ်ဆေးထိုးမှုခံယူပြီးနောက် အခြေအနေကောင်းမွန်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားလိုက်သည်။

**ဆင်ဟွာ**

# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ဆေးတွေအရှိန်မြှင့်တင် ထိုးပေးနေချိန်မှာ ကိုရိုနာဗိုင်းရပ်စ်တတိယအကျော့နဲ့ ရင်ဆိုင်နေရတဲ့ အီတလီ

ထွန်းကျော်

အီတလီဝန်ကြီးချုပ် မာရီယို ဒရာဂီက ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်အသစ်တစ်ဖန် ရိုက်ခတ်မှုဖြစ်ပွားလာတဲ့အပေါ် သတိပေးလိုက်ပြီးနောက်မှာတော့ အီတလီနိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျောင်းတွေ၊ စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေနဲ့ ပြတိုက်တွေကို ပိတ်ထားလိုက်ပါတော့တယ်။ အီတလီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို အကြီးအကျယ်ရင်ဆိုင်ခဲ့ရတဲ့ ပထမဆုံး ဥရောပနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့တာ တစ်နှစ်ရှိခဲ့ပါပြီ။ အခုတစ်ခါမှာလည်း အီတလီနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်လျင်မြန်စွာကူးစက်ဖြစ်ပွားမှုကို ထပ်မံရင်ဆိုင်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာပါတယ်။ ဒီတစ်ခါကတော့ အရင်တစ်ခါနဲ့ မတူတာက အသွင်ပြောင်းကူးစက်မြန် ကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ကူးစက်ပျံ့နှံ့မှုပဲ ဖြစ်ပါတယ်။



အီတလီနိုင်ငံ ဖလော်ရန့်ရှိ ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာတစ်ခုတွင် အီတလီ ကြက်ခြေနီအဖွဲ့ဝင်တစ်ဦးက ကိုဗစ်- ၁၉ ဗိုင်းရပ်စ် စစ်ဆေးရန် ယာဉ်မောင်းထံမှ တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

**ကိုရိုနာဗိုင်းရပ်စ်အမြင့်ဆုံးဖြစ်ပွားမှုဆိုင်ရာ အနီရောင်ဇုန်များအဖြစ်ပြဋ္ဌာန်း**

ရောမနဲ့ မီလန်အပါအဝင် အီတလီနိုင်ငံဒေသအတော်များများကို ကိုရိုနာဗိုင်းရပ်စ်အမြင့်ဆုံးအန္တရာယ်ဖြစ်ပွားမှုဆိုင်ရာ အနီရောင်ဇုန်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ အဲဒီမှာရှိတဲ့ ဒေသခံတွေအားလုံးကို အလုပ်သွားတာ၊ ကျန်းမာရေးကိစ္စသွားတာ၊ မသွားမဖြစ်သွားတာကလွဲလို့ အိမ်ထဲမှာပဲနေဖို့ တိုက်တွန်းပြောကြားထားပါတယ်။

အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီရုံးက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဆောင်ရွက်ချက်အသစ်တွေကို အတည်ပြုခဲ့သော်လည်း ဘယ်ဒေသတွေကို အတိအကျ ဆောင်ရွက်သွားမလဲ ဆိုတာကိုတော့ မဖော်ပြခဲ့ပါဘူး။

ထပ်မံကန့်သတ်ချက်တွေဟာ အီစတာပွဲတော်အထိ ကြာမြင့်မှာဖြစ်တယ်လို့ အဲဒီရုံးရဲ့ ဖော်ပြချက်မှာ ဖော်ပြထားပါတယ်။ ဧပြီ ၃ ရက်နဲ့ ၅ ရက်ကြား အီစတာပိတ်ရက်အတွင်းမှာ အီတလီနိုင်ငံတစ်ခုလုံး အနီရောင်ဇုန်ဖြစ်သွားမှာ ဖြစ်ပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်သစ်ဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရ**

ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ စတင်ပြီး တစ်နှစ်ကျော်ကြာပြီးနောက် မိမိတို့ဟာ ကံမကောင်းစွာနဲ့ပဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လှိုင်းဂယက်သစ်ဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရတယ်လို့ ဝန်ကြီးချုပ်ဒရာဂီက ပြောကြားလိုက်ပါတယ်။ ပြီးတော့လည်း သူက လွန်ခဲ့တဲ့နွေဦးရာသီမှာ ဘာတွေဖြစ်ပျက်ခဲ့လဲဆိုတာ မိမိရဲ့မှတ်ဉာဏ်ထဲမှာ ထင်ရှားနေတုန်းပဲ။ နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထပ်မဖြစ်ပွားဖို့ မိမိတို့တွေအနေနဲ့ ကာကွယ်လို့ရတာ အကုန်လုပ်သွားမယ်လို့ ပြောကြားလိုက်ပါတယ်။

လွန်ခဲ့တဲ့တစ်နှစ် ယူရိုဇုန်ရဲ့ တတိယအကြီးဆုံးစီးပွားရေးနိုင်ငံကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဝင်ရောက်မွှေနှောက်သွားပြီးကတည်းက အီတလီနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူပေါင်း ၁၀၀၀၀၀ ကျော်သေဆုံးခဲ့ပါတယ်။ အဲဒီအခြေအနေကြောင့် လပေါင်းအတော်ကြာ ပိတ်ဆို့ကန့်သတ်မှုတွေလုပ်ခဲ့ရပြီး ဒုတိယကမ္ဘာစစ်ကတည်းက စကာ အဆိုးဆုံးစီးပွားပျက်ကပ်ကို ရင်ဆိုင်ခဲ့ရပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်တတိယလှိုင်း စတင်လာခြင်းကို အတည်ပြု**

ဒရာဂီက လွန်ခဲ့တဲ့သီတင်းပတ်က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၀၀၀၀ ကျော်လောက်ရှိခဲ့ကြောင်း ပြောကြားလိုက်ပါတယ်။ ကျန်းမာရေးဆိုင်ရာ ဉာဏ်ကြီးရှင်အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ဂင်ဘီက သီတင်းပတ်သုံးပတ်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ဖြစ်ပွားမှု အရေအတွက်တိုးလာတဲ့အတွက် ကိုရိုနာဗိုင်းရပ်စ်တတိယအကျော့ စတင်လာခြင်းကို အတည်ပြုကြောင်း ပြောကြားလိုက်ပါတယ်။

အီတလီနိုင်ငံရဲ့ ဒေသ ၂၀ အနက် ထက်ဝက်ကျော်လောက်မှာ ဆေးရုံတွေနဲ့ အထူးကြပ်မတ်

**"ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ စတင်ပြီး တစ်နှစ်ကျော်ကြာပြီးနောက် မိမိတို့ဟာ ကံမကောင်းစွာနဲ့ပဲ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လှိုင်းဂယက်သစ်ဖြစ်ပွားမှုနဲ့ ရင်ဆိုင်နေရတယ်လို့ ဒရာဂီက ပြောကြားလိုက်ပါတယ်။ ပြီးတော့လည်း သူက လွန်ခဲ့တဲ့နွေဦးရာသီမှာ ဘာတွေဖြစ်ပျက်ခဲ့လဲဆိုတာ မိမိရဲ့မှတ်ဉာဏ်ထဲမှာ ထင်ရှားနေတုန်းပဲ။ နောက်တစ်ကြိမ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ထပ်မဖြစ်ပွားဖို့ မိမိတို့တွေအနေနဲ့ ကာကွယ်လို့ရတာ အကုန်လုပ်သွားမယ်လို့ ပြောကြားလိုက်ပါတယ်"**

ကုသဆောင်တွေဟာ မနိုင်ဝန်ထမ်းနေရတယ်လို့ အဲဒီအဖွဲ့က သတိပေးခဲ့ပါတယ်။

**အစွမ်းကုန်စိတ်ရှည်ပေးတဲ့ ပြည်သူတွေကို ကျေးဇူးတင်**

ဒရာဂီက အစွမ်းကုန်စိတ်ရှည်သည်းခံပေးတဲ့ အီတလီပြည်သူတွေကို ကျေးဇူးတင်ကြောင်း ပြောကြားလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဆောင်ရွက်ချက်တွေကို မိသားစုဝင်တွေနဲ့ အလုပ်အကိုင်တွေအတွက် လုပ်ဆောင်သွားမယ်လို့ သူက ပြောပါတယ်။

သို့သော်လည်းကလေးတွေရဲ့ပညာရေးအတွက် အကျိုးဆက်တွေ၊ စီးပွားရေးအတွက် အကျိုးဆက်တွေ၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေအတွက် အကျိုးဆက်တွေရှိတယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

**ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဟာ ကပ်ရောဂါမှ ရုန်းထွက်နိုင်မယ့် မျှော်လင့်ချက်**

အီတလီနိုင်ငံဟာ သူ့ရဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ဆေးထိုးလှုပ်ရှားဆောင်ရွက်မှုကို ဒီဇင်ဘာနှောင်းပိုင်းက စတင်ခဲ့ပါတယ်။ ဥရောပတစ်လွှားမှာတော့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးဖြန့်ဝေမှုမှာတော့ နှောင့်နှေးလျက်ရှိပါတယ်။

ဒရာဂီက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထိုးခြင်းကို အစိုးရရဲ့ ဦးစားပေးကိစ္စတစ်ခုအနေနဲ့ အရှိန်မြှင့်လုပ်ဆောင်ခဲ့ပါတယ်။ ကာကွယ်ဆေးထိုးခြင်းကသာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါမှ ရုန်းထွက်နိုင်မယ့် မျှော်လင့်ချက်ဖြစ်ကြောင်း သူက ပြောခဲ့ပါတယ်။

**ကာကွယ်ဆေးထိုးခြင်းကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ ဆက်လက်လုပ်ဆောင်သွားမယ်**

အက်စ်ထရာဇနီကာနဲ့ပတ်သက်တဲ့ ဘေးထွက်ဆိုးကျိုးတွေရှိကြောင်း သတင်းဖော်ပြချက်နဲ့ပတ်သက်ပြီး စိုးရိမ်ပူပန်မှုတွေ ရှိလာတဲ့အတွက် ကာကွယ်ဆေး မှာယူထိုးပေးမှုကို ခဏရပ်နားခဲ့ပါတယ်။ သို့သော်လည်း သွေးကြောပိတ်ဆို့တာနဲ့ပတ်သက်တဲ့ သက်သေအထောက်အထားမျိုးဖော်ပြတဲ့ လင့်ခ်ကိုတော့ မတွေ့ရသေးပါဘူး။

ဒရာဂီက ဥရောပသမဂ္ဂဆေးဘက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ထင်မြင်ဖော်ပြချက်နဲ့ ပတ်သက်ပြီး ရလဒ်ကဘာပဲဖြစ်ဖြစ် ကာကွယ်ဆေးထိုးလုပ်ငန်းတွေကို မလျှော့သော ဇွဲ၊ လုံ့လနဲ့ ပြုလုပ်သွားမှာဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

**တကယ့်ရည်မှန်းချက်ကို ရောက်ဖို့ ပိုကြိုးစားရမယ်**

ဒရာဂီက ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းဆိုင်ရာ တာဝန်ခံ အဆင့်မြင့်စစ်ဘက်ဆိုင်ရာအရာရှိကြီးတစ်ဦးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ဖရန်ဆက်စကို ပေါ်လိုဖီလီယိုလိုကို နိုင်ငံရဲ့ ဘယ်နေရာမှာမဆိုဖြစ်နိုင်တဲ့နေရာတွေမှာ ကာကွယ်ဆေးထိုးနှံနိုင်ရေး စင်တာများဖွင့်ပေးဖို့တိုက်တွန်းပြောကြားခဲ့ပါတယ်။

လတ်တလောမှာ တစ်နေ့ကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ၁၇၀၀၀၀ ခန့် ထိုးပေးလျက်ရှိပါတယ်။ သို့သော်လည်း တကယ့် ရည်မှန်းချက်ကိုရောက်ဖို့ သုံးဆပိုလုပ်ဆောင်ဖို့ လိုတယ်လို့ သူက ပြောကြားလိုက်ပါတယ်။ ။

**အေအက်ဖ်ပီ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၁၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၇-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၃၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၁၈,၄၉၇) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၂၁၂) ဦး ရှိပြီဖြစ်ပါ သည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၁၃၁,၇၅၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID- 19 ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၈-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၂၉၅၅၀၁ | ၂၂၄၄၇၈၀၃ | ၅၅၀၆၇၁ |
| ၂။ | ဘရာဇီး | ၁၁၇၀၀၄၃၁ | ၁၀၂၈၇၀၅၇ | ၂၈၅၁၃၆ |
| ၃။ | အိန္ဒိယ | ၁၁၄၇၄၆၀၅ | ၁၁၀၆၃၀၂၅ | ၁၅၉၂၅၀ |
| ၄။ | ရုရှား | ၄၄၂၈၂၃၉ | ၄၀၃၇၀၃၆ | ၉၃၈၂၄ |
| ၅။ | ဗြိတိန် | ၄၂၇၄၅၇၉ | ၃၅၆၈၂၇၁ | ၁၂၅၈၃၁ |
| ၆။ | ပြင်သစ် | ၄၁၄၆၆၀၉ | ၂၇၅၃၆၀ | ၉၁၄၃၇ |
| ၇။ | အီတလီ | ၃၂၈၁၈၀၀ | ၂၆၃၉၃၇၀ | ၁၀၃၄၃၂ |
| ၈။ | စပိန် | ၃၂၀၆၁၁၆ | ၂၈၅၇၇၁၄ | ၇၂၇၉၃ |
| ၉။ | တူရကီ | ၂၉၃၀၅၅၄ | ၂၇၅၂၀၂၃ | ၂၉၆၉၆ |
| ၁၀။ | ဂျာမနီ | ၂၆၁၀၇၆၉ | ၂၃၈၃၆၀၀ | ၇၄၆၇၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၈ – ၃ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၄၃၈၅၃ | ၁၂၇၂၉၅၈ | ၃၉၁၄၂ |
| ဖိလစ်ပိုင် | ၆၄၀၉၈၄ | ၅၆၁၅၃၀ | ၁၂၈၈၇ |
| မလေးရှား | ၃၂၈၄၆၆ | ၃၁၂၄၆၁ | ၁၂၂၃ |
| မြန်မာ | ၁၄၂၂၁၂ | ၁၃၁၇၅၄ | ၃၂၀၄ |
| စင်ကာပူ | ၆၀၁၅၂ | ၆၀၀၀၁ | ၃၀ |
| ထိုင်း | ၂၇၄၉၄ | ၂၆၃၇၇ | ၈၉ |
| ဗီယက်နမ် | ၂၅၇၀ | ၂၁၉၈ | ၃၅ |
| ကမ္ဘောဒီးယား | ၁၅၄၁ | ၈၉၈ | ၁ |
| ဘရူနိုင်း | ၂၀၃ | ၁၈၆ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများ၌ ယာဉ်မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် ယာဉ်စစ်ဆေးကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၁၈**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)၏ နှစ်လဲသက်တမ်းတိုး ယာဉ်မှတ်ပုံတင် လုပ်ငန်းများကို လာမည့် (၂၂.၃.၂၀၂၁)ရက်(တနင်္လာနေ့)မှစတင်၍ ကညနရုံးများ၌ ပြန်လည်စတင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အများပြည်သူသယ်ယူပို့ဆောင်ရေး ခရီးသည်တင်ယာဉ်များမှအပ အခြားယာဉ်များအားလုံးကို ယာဉ်စစ်ဆေးခြင်းကင်းလွတ်ဖြင့် သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ကညနရုံးများ၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်အသစ်များ ကနဦးမှတ်ပုံတင်ခြင်းကို (၁.၁၂.၂၀၂၀)ရက်နေ့ ကတည်းက စတင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ယခုအခါ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ ဒုတိယအဆင့်အဖြစ် မော်တော်ယာဉ်နှစ်လဲ သက်တမ်းတိုးလုပ်ငန်းကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ၏ မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့် လအလိုက် မပျက်မကွက် သက်တမ်းတိုးဆောင်ရွက်ရမည့် သတ်မှတ်ကာလများကို ကညနက အသိပေး ကြေညာထားပြီး ၎င်းသတ်မှတ်ကာလအတွင်း အချိန်မီသက်တမ်းတိုးမှသာ ဒဏ်ကြေးကင်းလွတ်ခွင့် ရရှိမည်ဖြစ်သည်။ အလားတူ သက်တမ်းတိုးရန် တစ်ဆက်တည်း(၅)နှစ်ကျော် ပျက်ကွက်ခြင်းကြောင့် မှတ်ပုံတင်ဖျက်သိမ်းခြင်း မခံရစေရေးအတွက် အချိန်မီ သက်တမ်းတိုးရမည့် သတ်မှတ်ကာလများကိုလည်း အသိပေးကြေညာထားကြောင်း တွေ့ရှိရသည်။

COVID-19 ကြောင့် ဒုတိယအကြိမ် လုပ်ငန်းရပ်ဆိုင်းထားခဲ့ရသည့် ကာလ(၆)လကျော်ရှိသည့်အတွက် ၎င်းလုပ်ငန်းအကြွေးများကို အချိန်မီပြန်ဆပ်နိုင်ရန်အတွက် ယာဉ်စစ်ဆေးခြင်းမပြုဘဲ သက်တမ်းတိုးပေးရခြင်းဖြစ်ကြောင်း၊ သို့သော် Road Safety ဖြစ်စေရေး အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်သည့် ခရီးသည်တင်ယာဉ်များကိုမူ ယာဉ်စစ်ဆေး ကင်းလွတ်ခြင်းမပြုဘဲ ယာဉ်စစ်ဆေးပြီး Road Safety ဖြစ်မှသာ သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း၊ ရုံးပြန်လည်ဖွင့်လှစ်သည့် (၂၂.၃.၂၀၂၁)ရက်မှ (၃၀.၉.၂၀၂၁)ရက်အထိ ဖြေလျှော့ကာလအတွင်း ၉/၂၀၂၁ လအထိ သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးလာရောက်ဆောင်ရွက်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအပြင် နယ်ဝင်/ နယ်ထွက်နှင့် အမည်ပြောင်းဆောင်ရွက်မည့် ယာဉ်များကိုပါ ယာဉ်စစ်ဆေးခြင်းမပြုဘဲ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သို့ပါ၍ ရုံးများသို့ ယာဉ်ယူဆောင်လာရန်မလိုဘဲ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့်သာ လုပ်ငန်းဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

ထို့ပြင် ကညန၌ နှစ်လဲသက်တမ်းတိုးပြီး၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၌ လုပ်ငန်းလိုင်စင် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးယာဉ်များ အဆင်ပြေစွာ လုပ်ငန်းလိုင်စင်သက်တမ်းတိုးနိုင်စေရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရုံးများကိုလည်း (၂၂.၃.၂၀၂၁)ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တပြိုင်တည်း ဖွင့်လှစ်ဝန်ဆောင်မှု ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငြိမ်းချမ်းစွာ ဆန္ဒပြကြပါတယ် ဆိုသူများသို့

မောင်ဖြူလေး

မီဒီယာတွေကလည်း ပြောကြရေးကြတယ်၊ ငြိမ်းချမ်းစွာဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်နှိမ်နင်းတယ်တဲ့။ အနောက်နိုင်ငံကြီးတချို့ကလည်း ဒီမိုကရေစီပြန်လည်ရရှိရေးတောင်းဆိုဆန္ဒပြသူတွေကို လုံခြုံရေးအဖွဲ့တွေက အကြမ်းဖက်တုံ့ပြန်တာဟာ စာရိတ္တပျက်ပြား၊ ကျင့်ဝတ်ချိုးဖောက်မှုလို့ စွပ်စွဲကြတယ်။ ပြည်တွင်းမှာလည်း အပြစ်မဲ့တဲ့ပြည်သူတွေကို ရက်ရက်စက်စက် နှိပ်စက်ဖြိုခွင်းတယ်လို့ အော်ဟစ်နေကြတယ်။

အဲဒီတော့ ငြိမ်းချမ်းစွာ ဆန္ဒပြတယ်ဆိုတာ ဟုတ်၊ မဟုတ် ကိုယ့်ကိုယ်ကိုယ် သေချာပြန်ဆန်းစစ်ကြဖို့ လိုလာပြီထင်တယ်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြပါတယ်ဆိုတဲ့သူတွေ ပြန်စဉ်းစားကြရအောင်ပါ။

လူစုလူဝေးနဲ့ လမ်းတွေပိတ်၊ တာယာကွင်းတွေမီးရှို့၊ အတားအဆီးတွေနဲ့ကာ၊ လေးခွ၊ ဂျင်ကလိ၊ ဓာတ်ဆီပုလင်း၊ လက်လုပ်မိုင်း၊ လုပ်သေနတ်စတဲ့ အန္တရာယ်ရှိတဲ့ ပစ္စည်းတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အခက်အခဲတွေ့အောင်လုပ်၊ ဒုက္ခပေးနေ၊ စိုးရိမ်ကြောင့်ကြ မလုံမခြုံ ကြောက်လန့်အောင်လုပ်နေကြတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။



## ပိတ်ဆို့တားဆီးထင်တိုင်းကြဲနေတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား

ရဲစခန်းတွေကို လူအုပ်နဲ့စီးနင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အသက်သေသည်အထိ ခုတ်ထစ်ပစ်ခတ်ရန်မူ၊ အစိုးရရုံးအဆောက်အအုံတွေ၊ ပြည်သူပိုင်စီးပွားရေးလုပ်ငန်းတွေ၊ ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံတွေ မီးရှို့ဖျက်ဆီးနေကြတာ၊ မီးလောင်ရာကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ မီးသတ်ကားတွေမဝင်နိုင်အောင် အထပ်ထပ်ပိတ်ဆို့တားဆီးပြီး အုပ်စုနဲ့ ထင်တိုင်းကြဲနေကြတာ ငြိမ်းချမ်းစွာဆန္ဒပြတာလား။

CDM ဆိုပြီး ငါနဲ့မတူ ငါ့ရန်သူလုပ်၊ ဆန္ဒမပြလိုသူတွေကို ခြိမ်းခြောက်အကျပ်ကိုင်၊ တာဝန်သိပြည်သူလူထုကို Social Punishment ဆိုပြီး အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်၊ နောက်ဆုံးအဆင့် လူသတ်အကြမ်းဖက်၊ ကမ်းကုန်အောင် မိုက်ရိုင်းစော်ကားအကျင့်ပျက်နေကြတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။

ဘဏ်တွေမဖွင့်နိုင်အောင်လုပ်၊ နိုင်ငံ့ဝန်ထမ်းတွေကို ရုံးတွေအထိလာပြီး အော်ဟစ်ဆဲဆို၊ ရုံးတွေကို ဖျက်ဆီး၊ တံခါးပိတ်မီးရှို့၊ CDM အောင်မြင်ရင် အစိုးရယန္တရားပျက်ပြီး ထွက်ပြေးစေရမယ် ကြွေးကြော်အကြမ်းဖက်နေတာတွေ၊ မသိနားမလည်တဲ့ ကျောင်းသားအရွယ်လူငယ်တွေ လမ်းပေါ်တက်ပြီး ရှေ့ကတင်ပေးနေတာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလား။

ပြောရရင် အများကြီးပါ၊ ပြောမဆုံးပေါင် တောသုံးထောင်ဆိုသလိုပေါ့။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို နည်းမျိုးစုံ ဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး ပျက်ပြားအောင်၊ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင်၊ ပြည်သူလူထုကို ကြီးလန့်စာစား အထိတ်တလန့် မလုံမခြုံဖြစ်အောင် လုပ်နေကြတာ အများကြီးပါ။ ဒါတွေဟာ ငြိမ်းချမ်းစွာ ဆန္ဒပြတာလားဗျာ။

ငြိမ်းချမ်းစွာ ဆန္ဒပြနေကြပါတယ်ဆိုတဲ့သူတွေ တစ်ခုလောက် ထပ်စဉ်းစားကြရအောင်ပါ။

ဒီအကြမ်းဖက်ဆန္ဒပြ ဆူပူမှုဖြစ်အောင်လုပ်နေသူတွေ ခင်ဗျားတို့ရှေ့မှာ မားမားမတ်မတ် ရပ်နေသလား၊ လူလုံးပြခေါင်းဆောင်နေပါသလား၊ ဟိုလို လုပ်ပါလား၊ ဒီလိုလုပ်ပါလားလို့ နောက်ကွယ်က ညွှန်ကြားနေသူတွေကို မြင်ဖူးကြပါရဲ့လား၊ ဘာရည်ရွယ်ချက်၊ ဘာမျှော်လင့်ချက်၊ ဘာယုံကြည်ချက်နဲ့ ဒီလိုဆူပူအကြမ်းဖက်မှုတွေဖြစ်အောင် စည်းရုံးလှုံ့ဆော် မြှောက်ပင့်ပေးနေတယ်ဆိုတာကိုရော တွေးမိကြပါသလား၊ နောက်ကွယ်မှာ ပါဝင်ပတ်သက်သူတွေ၊ တရားမဝင် အထောက်အပံ့ပေးနေတာတွေကို သတိထားမိကြပါရဲ့လား၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်နားနေရမှန်းမသိတဲ့ ဥပဒေကို ဖောက်ဖျက်ကျူးလွန်တဲ့ တရားမဝင်အဖွဲ့တွေကို ယုံကြည်နေကြပါသလား။

ဒီနေ့ တကယ်ဒုက္ခရောက်နေတာက ပြည်သူလူထုပါ။ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေတာ ပြည်သူလူထုပါ။ ကြောက်ကြောက်လန့်လန့် ရောယောင်ပြီး ပါမိရာက ထိခိုက်ဒဏ်ရာရ သေဆုံးကြတာ ပြည်သူလူထုပါ။ အပြစ်မဲ့တဲ့ ကျောင်းသား ကျောင်းသူလူငယ်တွေပါ။ ပြည်သူတွေ ဘက်ပေါင်းစုံက ဆင်းရဲဒုက္ခရောက်နေပါပြီ။

## အဓိပ္ပာယ်မဲ့လုပ်ရပ်တွေ မရှိသင့်တော့ပါ

ဒါကြောင့် မကောင်းတဲ့အနိဋ္ဌာရုံတွေ အဆုံးသတ်သင့်ပါပြီ။ နိုင်ငံနဲ့ ပြည်သူလူထု ဆင်းရဲဒုက္ခ ရောက်အောင် အဓိပ္ပာယ်မဲ့လုပ်ရပ်တွေ မရှိသင့်တော့ပါ။ မကောင်းတဲ့အကျင့်စရိုက်နဲ့ လူငယ်တွေကို လမ်းမှားရောက်အောင်၊ စိတ်ဓာတ်ပျက်ပြား ရိုင်းစိုင်းအောင် ဖြားယောင်းသွေးဆောင်လှုံ့ဆော်မှုတွေ မလုပ်သင့်ကြတော့ပါ။

တစ်ဖက်က မြှောက်ပေးနေတာတွေကိုပဲ နားထဲဝင်နေမယ့်အစား၊ ယုံကြည်သက်ဝင်နေမယ့်အစား ယနေ့ နိုင်ငံတော်ဘာဖြစ်နေလဲ၊ အဖြစ်မှန်ကဘာလဲ၊ တာဝန်ယူထားတဲ့ အဖွဲ့အစည်းက ဘာတွေ လုပ်နေလဲ၊

*စာမျက်နှာ ၁၇ သို့*

> “ဒီအကြမ်းဖက်ဆန္ဒပြ ဆူပူမှုဖြစ်အောင်လုပ်နေသူတွေ ခင်ဗျားတို့ရှေ့မှာ မားမားမတ်မတ် ရပ်နေသလား၊ လူလုံးပြခေါင်းဆောင်နေပါသလား၊ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားလို့ နောက်ကွယ်က ညွှန်ကြားနေသူတွေကို မြင်ဖူးကြပါရဲ့လား၊ ဘာရည်ရွယ်ချက်၊ ဘာမျှော်လင့်ချက်၊ ဘာယုံကြည်ချက်နဲ့ ဒီလိုဆူပူအကြမ်းဖက်မှုတွေဖြစ်အောင် စည်းရုံးလှုံ့ဆော် မြှောက်ပင့်ပေးနေတယ်ဆိုတာကိုရော တွေးမိကြပါသလား၊ နောက်ကွယ်မှာ ပါဝင်ပတ်သက်သူတွေ၊ တရားမဝင်အထောက်အပံ့ပေးနေတာတွေကို သတိထားမိကြပါရဲ့လား၊ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်နားနေရမှန်းမသိတဲ့ ဥပဒေကိုဖောက်ဖျက်ကျူးလွန်တဲ့ တရားမဝင်အဖွဲ့တွေကို ယုံကြည်နေကြပါသလား”



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ ရဲစခန်းများအား ဓာတ်ဆီပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ရန်ကြံစည်

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုမလိုလားသည့် လူစုလူဝေးများအနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင်ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများအား မီးလောင်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် မီးကွင်းပစ်ခြင်း၊ ဓာတ်ဆီပုလင်းဖြင့် မီးရှို့၍ ပစ်ပေါက်ခြင်းတို့ကို နေရာဒေသအချို့တို့တွင် ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။



**မောင်းနှင်ထွက်ပြေး**

မတ် ၁၈ ရက် နံနက် ၁၁ နာရီတွင် အောင်မြေသာစံမြို့နယ် ဥပုတ်တော်ရပ်ကွက်ရှိ ရဲစခန်း မြောက်ဘက်ခြမ်းအား ၄ လမ်းဘက်မှ ဆိုင်ကယ် ၂ စီး၊ လူ ၆ ဦးတို့က ဓာတ်ဆီပုလင်းအား မီးရှို့ပစ်ပေါက်ခဲ့ရာ ရဲစခန်းဝင်း အတွင်းရှိ မိသားစုနေအိမ်လိုင်းခန်း၏ အနောက်ဘက်သို့ ကျရောက်ခဲ့သဖြင့် ရဲစခန်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူများမှာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက် ၂၃ x ၂၃ (B) လမ်းကြားရှိ ရဲစခန်းအား ဆိုင်ကယ် ၂ စီး၊ လူ ၄ ဦးပါအဖွဲ့က အင်ဂျင်ဝိုင်နှင့် ဓာတ်ဆီရောထားသည့်ပုလင်းအား မီးရှို့ပစ်ပေါက်ခဲ့ရာ ရဲစခန်းအဆောက်အဦ အမိုးပေါ်သို့ ကျရောက်ခဲ့သဖြင့် ရဲစခန်းရှိ တပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်ပစ်ခတ်သူများမှာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်များတွင် ဆူပူအကြမ်းဖက်သူများ၏ ဓာတ်ဆီပုလင်းဖြင့် ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီး၊ ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ရဲစခန်းများလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ကာ လုံခြုံရေးရယူ ဆောင်ရွက်ထားရှိပြီး အကြမ်းဖက်လုပ်ရပ် ကျူးလွန်သူများကို ဥပဒေနှင့်အညီ စိစစ်ဖော်ထုတ် အမှုဖွင့်လှစ်အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ လက်လုပ်ဂက်(စ်)သေနတ်များ၊ ပြုလုပ်ဆဲဒိုင်းကာများ၊ ကျည်ကာအင်္ကျီ၊ ယမ်းခဲ၊ စကားပြောစက်နှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူများနှင့်အတူဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၁၈ ရက် မွန်းလွဲ ၃ နာရီခွဲက ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုရန်အတွက် ဂက်(စ်)သေနတ်များ၊ ဒိုင်းကာများ ပြုလုပ်နေကြောင်းသတင်းအရ အဖွဲ့ခွဲ၍ ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အဖွဲ့ (၁)သည် ထားဝယ်မြို့ ဝဲကျွန်းထိန်လယ်ရပ်ကွက် သုခလမ်း အိမ်အမှတ် ၆၁၃ ရှိ "ရိုင်းစတား" သံပန်းတံခါးဆိုင်နှင့် တွဲလျက်ရှိ နေအိမ်များအား ဝင်ရောက်ရှာဖွေခဲ့ရာ ဆိုင်အတွင်းမှ ဝင်းလတ်ထွေး (ဘ) ဦးမြင့်နှင့် ကိုကိုလင်းနိုင် (ဘ)ဦးသန်းနိုင်တို့နှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိကာ လက်လုပ်ဂက်(စ်)သေနတ် ခုနစ်လက်၊ ပြုလုပ်ဆဲသံဒိုင်း ၁၀ ချပ်နှင့် ဆက်စပ်စက်ပစ္စည်းကိရိယာများအား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး အဆိုပါနေအိမ်နှင့်ဆိုင်အား ရှာဖွေနေစဉ် လူစုလူဝေးအင်အား ၈၀ ခန့်မှာ ဝိုင်းဝန်း ဆူပူအော်ဟစ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

အလားတူ တစ်ချိန်တည်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ (၂)သည် ထားဝယ်မြို့ ဝဲကျွန်းထိန်လယ်ရပ်ကွက် သုခလမ်းရှိ အောင်ဝေယံကျော်၏ နေအိမ်တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေရာ နေအိမ်၌ အောင်ဝေယံကျော် (ဘ) ဦးကြည်လွင်၊ သုတစိုး (ဘ) ဦးတင်စိုး၊ ဝေယံထက် (ဘ) ဦးမင်းအောင်၊ ဇင်မြတ်ဦး (ဘ) ဦးသိန်းတင်၊ ကျော်မင်းဦး (ဘ) ဦးလှကျော်ဦး၊ ရာဇာထွန်း (ဘ) ဦးမင်းဦး၊ ရဲထွန်း (ဘ) ဦးမင်းထွန်းသောင်းနှင့် အောင်သူရဇော် (ဘ) ဦးတင်စိန်တို့ ရှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိကာ လက်လုပ်ဂက်(စ်) သေနတ်နှစ်လက်၊ ကျည်ကာအင်္ကျီတစ်ထည်၊ လက်ကိုင်စကားပြောစက် တစ်လုံး၊ ယမ်းခဲ ၅၀ ကျပ်သား၊ ဓာတ်ငွေ့ကာမျက်နှာဖုံးခုနစ်ခု၊ ဆေးသေတ္တာအိတ်တစ်လုံး၊ လူနာသယ်ကပ်တစ်ခု၊ ရောင်စုံကော်ဦးထုပ်ငါးလုံး၊ ကွန်ပျူတာနှစ်လုံး၊ Hand Speaker နှစ်လုံး၊ Soung Box တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

**ခြောက်လှန့်ပစ်ခတ်**

လုံခြုံရေး ပူးပေါင်းအဖွဲ့များသည် အထက်ပါနေရာနှစ်ခု၌ ဖမ်းဆီးရမိသည့် တရားခံများ၊ သက်သေခံပစ္စည်းများနှင့်အတူ ညနေ ၄ နာရီ ၁၀ မိနစ်၌ ပြန်လည်ထွက်ခွာလာခဲ့ရာ ဝဲကျွန်းထိန်သစ်ရပ်ကွက် ရေးလမ်းနှင့် ၄ လမ်းဆုံအရောက်တွင် ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၇၀ ခန့်မှ လုံခြုံရေး ပူးပေါင်းအဖွဲ့အား အတားအဆီးများဖြင့် ပိတ်ဆို့ကာ ဆူပူအော်ဟစ်ခဲ့သဖြင့် အမိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသည့် တရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

ဘယ်လိုပြောနေလဲ၊ ဘယ်လိုတာဝန်ယူ တာဝန်ခံမှုတွေ လုပ်နေလဲ ဆိုတာတွေကို အဖြစ်မှန်နဲ့ယှဉ်ပြီး မစဉ်းစားကြတော့ဘူးလား။ သတိတရား၊ ဆင်ခြင်တုံတရားလေးတွေနဲ့ လုပ်သင့်တယ်လို့ရော မတွေးကြတော့ဘူးလားဗျာ။

ပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒ၊ ပြည်သူတစ်ရပ်လုံးရဲ့ သဘောထားလို့တော့ ဝါးလုံးရှည်နဲ့ ရမ်းမပြောကြပါနဲ့။ မှားပါတယ်။ မဟုတ်ပါဘူး။ ကန့်ကွက်ပါတယ်။ ဒီနေ့ဖြစ်နေတဲ့ ဆူပူအကြမ်းဖက် ဆန္ဒပြမှုတွေကို မကြိုက်တဲ့လူတွေအများကြီးပါ။ သဘောမတူသူတွေ အများကြီးပါ။ ဒီလောက်ထိ ရုပ်ပျက်ဆင်းပျက် ပြည်သူလူထုဒုက္ခရောက်အောင် လုပ်နေတာကို လက်ရှိအစိုးရ ဘာကြောင့် ထိထိရောက်ရောက် ပြတ်ပြတ်သားသား မလုပ်တာလဲလို့ ပြောနေသူတွေ တစ်ပုံတစ်ပင်ပါပဲ။ ဒါကိုလည်း သဘောပေါက်လက်ခံပါ။ နားလည်ပေးပါ။

ဒါကြောင့် နိုင်ငံနဲ့ပြည်သူလူထုအတွက် အကျိုးလုံးဝမရှိတဲ့ အလုံးစုံပျက်သုဉ်းရေး၊ ထိပ်တိုက်ရင်ဆိုင်ရေးတွေကို ရပ်ကြပါစို့ဗျာ။ အေးအေးချမ်းချမ်း၊ ငြိမ်းငြိမ်းချမ်းချမ်းနေချင်ကြတဲ့ ပြည်သူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးကြ ပါစို့ဗျာ။ လုပ်ရင်းလုပ်ရင်း မှားသည်ထက် မှားလာတာမျိုးတွေ ရှောင်ကြပါစို့လားဗျာ။ အတွေးသန့်သန့်၊ အမြင်ကြည်ကြည်နဲ့ သုံးသပ်ဆင်ခြင်ပြီး နိုင်ငံနဲ့ပြည်သူလူထု ကောင်းရာကောင်းကျိုးကို စဉ်းစားလုပ်ဆောင်ကြပါစို့လားဗျာ။

နိုင်ငံတော်ကြီး ငြိမ်းချမ်းပါစေ၊ ပြည်သူများ အေးချမ်းပါစေ။



# ညအချိန်သံပုံးမတီးသည့် အမျိုးသမီးတစ်ဦး ရက်စက်စွာသတ်ဖြတ်ခံရမှုဖြစ်ပွားခဲ့ပြီး တရားခံများအားဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မတ် ၁၈

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆူပူအကြမ်းဖက်သူများက ညအချိန် သံပုံးမတီးသည့် အမျိုးသမီးကို သူလျှို၊ ဒလန်သတင်းပေးဟု စွပ်စွဲပြီး အကြမ်းဖက်ဖမ်းဆီးခဲ့ရာမှ ရက်စက်စွာသတ်ဖြတ်မှု ဖြစ်ပွားခဲ့ကြောင်းနှင့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး နိုင်ငံအတွင်းနေရာအချို့၌ CDM မပြုလုပ်သူများအား နည်းမျိုးစုံဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ လူ့ဂုဏ်သိက္ခာကို ထိခိုက်စေရန် အရှက်ခွဲစော်ကားခြင်း၊ ညအချိန်များတွင် အဓိပ္ပာယ်မဲ့ အများပြည်သူ နားမခံသာသော သံပုံးတီးခြင်းလုပ်ရပ်များ မလုပ်ဆောင်သည့်သူများအား ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းများကို အကြမ်းဖက်လူစုလူဝေးများက ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ကျူးလွန်သူများအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း။

### စိစစ်ထိန်းသိမ်း

မတ် ၁၄ ရက် ညပိုင်းတွင် လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်၌ အိမ်ငှားနေထိုင်သူ အမျိုးသမီးတစ်ဦးကို ဆူပူအကြမ်းဖက်သူများက ဖမ်းဆီးခေါ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မသင်္ကာသူများကို စိစစ်ထိန်းသိမ်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း။

စိစစ်ချက်များအရ လှိုင်သာယာအရှေ့မြို့နယ် (၇)ရပ်ကွက်အတွင်း NLD ပါတီလိုလားသူများ၊ ဆူပူအကြမ်းဖက်အဖွဲ့များသည် ညစဉ်သံပုံးတီးကန့်ကွက်ရှုတ်ချမှုကို ပြုလုပ်ကြပြီး သံပုံးမတီးသူများကို လိုက်လံစုံစမ်းခဲ့ကြောင်း၊ ဖမ်းဆီးရမိသူ မြင့်မြင့်အေး၏ ဖော်ထုတ်ချက်အရ ပျောက်ဆုံးနေသူ အမျိုးသမီးအနေဖြင့် သံပုံးမတီးခဲ့သဖြင့် မြင့်မြင့်အေးတို့ ညီအစ်မနှင့် ၎င်းအမျိုးသမီးတို့ စကားများကြောင်း၊ မတ် ၁၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မြင့်မြင့်အေး၊ တင်တင်၊ ဆည်းဆာအောင်၊ ခင်မာဌေးနှင့် NLD ပါတီဝင်များက ပျောက်ဆုံးနေသူ အမျိုးသမီးကို "သူလျှို၊ ဒလန်သတင်းပေး"ဟု စွပ်စွဲကာ လမ်းအတွင်းသံပုံးများတီး၍ ခေါ်ထုတ်ခဲ့ကြကြောင်း၊ ထိုသို့ပြုလုပ်နေစဉ် (၇)ရပ်ကွက်၊ အောင်တံခွန်လမ်းထိပ်ရှိ ထမင်းကြော်ဆိုင် ဖွင့်လှစ်ရောင်းချသူ ဝက်ကြီးဆိုသူက မွန်းလွဲ ၂ နာရီခန့်တွင် ပျောက်ဆုံးနေသူ အမျိုးသမီး၏ နေအိမ်ရှေ့သို့ သုံးဘီးဆိုင်ကယ်ဖြင့် လာရောက်ခဲ့ပြီး ပျောက်ဆုံးနေသူ အမျိုးသမီးနှင့် အိမ်အကူအမျိုးသမီးကို သုံးဘီးဆိုင်ကယ်ပေါ်တင်၍ သောင်ကြီးဘုန်းကြီးကျောင်း အတွင်းသို့ ရပ်ကွက်အတွင်းရှိ လူများနှင့် အတူ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ပျောက်ဆုံးနေသူ အမျိုးသမီး၏ ဖုန်းကိုတောင်းပြီး ဖုန်း Password မေးရာ မပေးသောကြောင့် ဝက်ကြီးက နောက်ပြန်ကြိုးတုပ်ကာ စစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ၎င်းဘုန်းကြီးကျောင်းမှ ဆရာတော် ဦးဝဏ္ဏာသိဒ္ဓိက ကျောင်းအတွင်း ထိုသို့မလုပ်ရန် ပြောသဖြင့် ညနေ ၃ နာရီခွဲခန့်တွင် (၇) ရပ်ကွက် အောင်မေတ္တာလမ်း အောင်မေတ္တာဓမ္မာရုံသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိန်းသိမ်းထားရှိစဉ် ရပ်ကွက်အတွင်းမှ လူများ ဝိုင်းအုံလာသဖြင့် ဝက်ကြီးနှင့် ကတုံး(ဝရိန်လုပ်ငန်းလုပ်ကိုင်သူ) တို့မှ ဦးဆောင်ကာ ဓမ္မာရုံမှတစ်ဆင့် ပျောက်ဆုံးနေသူ အမျိုးသမီး၏ နေအိမ်သို့ ပြန်လည်ပို့ဆောင်ကာ အိမ်၏ပြင်ပမှ သော့ခတ်ထိန်းသိမ်းခဲ့ကြောင်း၊ ၎င်းအမျိုးသမီးထံမှ လက်ကိုင်ဖုန်းများကို ဝက်ကြီးမှ ယူဆောင်ပြီး မြင့်မြင့်အေး၏ အမျိုးသားဖြစ်သူ တင်ထွန်းအောင်ထံ ပေးအပ်ခဲ့ကြောင်း။

### ပျောက်ဆုံးနေသူကို ခေါ်ဆောင်သွား

မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်တွင် ဝက်ကြီးနှင့် ကတုံးတို့သည် Suzuki အဖြူရောင် ခွေးဘီလူးကားဖြင့် ရောက်ရှိလာပြီး တင်ထွန်းအောင်ထံတွင် ထိန်းသိမ်းထားရှိသော ပျောက်ဆုံးနေသူ အမျိုးသမီးကို ထပ်မံခေါ်ဆောင်သွားခဲ့ကြောင်း။

မတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် တွံတေးမြို့နယ် ဖျောက်ရိုးကျေးရွာအုပ်စု ဖျောက်ရိုးရွာ အဝင်လမ်းမပေါ်တွင် အမျိုးသမီးတစ်ဦး လဲကျသေဆုံးနေကြောင်း ခလောက်ချိုင့်နယ်မြေရဲစခန်းသို့ ဖုန်းဖြင့် အကြောင်းကြားမှုအရ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့နှင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အသက် (၃၀)ခန့် အမျိုးသမီးတစ်ဦးမှာ ဝဲ/ယာ နို့အုံကြားတွင် ထိုးသွင်းဒဏ်ရာ ၄ ချက်၊ ယာဘက်ရင်အုံ ထိုးသွင်းဒဏ်ရာ ၂ ချက်၊ ဝဲဘက်ဆီးစပ်ထိုးသွင်းဒဏ်ရာ ၁ ချက်၊ စုစုပေါင်း ထိုးသွင်းဒဏ်ရာ ၇ ချက်ရရှိကာ သေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း။

ထိုသို့တွေ့ရှိရသည့် အမျိုးသမီးအလောင်း၏ ဓာတ်ပုံ၊ အထောက်အထားများနှင့် လှိုင်သာယာမှ ပျောက်ဆုံးခဲ့သည့် အမျိုးသမီး၏ ဓာတ်ပုံအထောက်အထားများကို ၎င်းပျောက်ဆုံးနေသူ အမျိုးသမီး၏ ဆွေမျိုးများထံ အတည်ပြုချက်အရ သေဆုံးသူ အမျိုးသမီးမှာ ပျောက်ဆုံးခဲ့သည့် အမျိုးသမီးဖြစ်ကြောင်းကို အတည်ပြုနိုင်ခဲ့ကြောင်း။

### ထိထိရောက်ရောက်အရေးယူ

အထက်ပါဖြစ်စဉ်တွင် သံပုံးမတီးသည့် အကြောင်းအရာပေါ် အခြေတည်၍ လူသားမဆန်၊ ယုတ်မာစွာဖြင့် အကြမ်းဖက်၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သူများနှင့် ပူးပေါင်းပါဝင်၍ အားပေးကူညီသူများကို စစ်ခုံရုံးဖြင့် ထိထိရောက်ရောက် စစ်ဆေးအရေးယူသွားမည်ဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ဝက်ကြီး၊ ကတုံး၊ တင်တင်အေး၊ မပွင့်၊ အောင်နိုင်ကို၊ ဂျပန်ကြီးတို့ကို အမြန်ဆုံးဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူများကို လက်ခံထိန်းသိမ်းထားသူများ အနေဖြင့်လည်း ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိမ်းရှောင်ထွက်ပြေးနေသည့် တရားခံပြေးများ**


ဂျပန်ကြီး(ခ) ဘိုထွန်း


ဝက်ကြီး



အောင်နိုင်ကို၊ တင်တင်အေး၊ မပွင့်

**ဖမ်းဆီးရမိသည့် တရားခံများ**


လှမျိုး


ဝင်းသူစိုး


လင်းလင်း(ခ) ကိုလင်း


အောင်ထွဋ်ထွဋ်(ခ) အောင်ထွဋ်


တင်ထွန်းအောင်


မိုးသီတာ


နန်းခင်ခင်ဝင်း


အညာသူမ(ခ) ဝေဖြိုးစံ(ခ) ကုလားမ


မြင့်မြင့်အေး

# ဒီပဲယင်းမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူလူအုပ်စုက အကြောင်းမဲ့ တုတ်/ဓားများဖြင့် ထိုးခုတ်ရန်ပြု၍ တပ်ဖွဲ့ဝင်နှစ်ဦးကျဆုံး၊ တစ်ဦး ဒဏ်ရာရရှိကာ လက်နက်ခဲယမ်းများအား လုယူထွက်ပြေး

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူစုလူဝေးများသည် ဆူပူဆန္ဒပြသည့်အဆင့် မဟုတ်တော့ဘဲ အချို့သောနေရာ ဒေသ များတွင် ရပ်ရွာလူထုများအား အကြောင်းမဲ့ ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ တာဝန်ဖြင့် သွားလာနေရသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူစုလူဝေးအင်အားစုများဖြင့် အကြောင်းမဲ့ သတ်ဖြတ်ခြင်းများကို အကြမ်းဖက်အဖွဲ့အစည်းပုံစံအတိုင်း ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက် အရ ဒီပဲယင်းမြို့နယ် မူးကမ်းနယ်မြေရဲစခန်းမှ စခန်းတာဝန်ခံအရာရှိနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ၎င်းရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိသော ရဲအမှုတွဲများအား ဒီပဲယင်းမြို့နယ်တရားရုံးသို့ ဥပဒေအကြံပေးတောင်းခံရန်နှင့် စခန်းဖြုတ်သိမ်းရေး ကိစ္စရပ်အတွက် တင်ပြဆောင်ရွက်ရန် ရဲစခန်းမှ ထွက်ခွာလာခဲ့ကြောင်း။

### ဝိုင်းဝန်းရိုက်နှက်

မွန်းလွဲ ၂ နာရီခန့်တွင် ဒီပဲယင်းမှ မူးကမ်းသွားကားလမ်းပေါ်ရှိ ဒီပဲယင်းမြို့နယ် ဖုတ်ထန်းတောကျေးရွာအနီးသို့ ရောက်ရှိစဉ် လူစုလူဝေးအကြမ်းဖက်အင်အား ၁၀၀ ခန့်မှ ရဲတပ်ဖွဲ့ဝင်များ မောင်းနှင်စီးနင်းလာသည့် AD Van ယာဉ်အား ဝိုင်းရံပိတ်ဆို့တားဆီးပြီး လိုက်ပါလာသည့် တပ်ဖွဲ့ဝင်သုံးဦးအား ကားပေါ်မှ ဆွဲချကာ တုတ်၊ ဓားများဖြင့် ဝိုင်းဝန်းရိုက်နှက် ထိုးခုတ်ခဲ့ကြကြောင်း။

### အရေးယူနိုင်ရေးဆောင်ရွက်

ယင်းဖြစ်စဉ်အရ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဓားဒဏ်ရာ ပြင်းထန်စွာရရှိကာ နေရာတွင်သေဆုံးခဲ့ပြီး စခန်းတာဝန်ခံအရာရှိမှာ ဓားဒဏ်ရာ ခုနစ်ချက် ပြင်းထန်စွာရရှိခဲ့၍ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ လက်နက်ငယ်များပါရှိခဲ့ရာ ဆူပူအကြမ်းဖက်လူအုပ်စုမှပါရှိလာသော လက်နက်ငယ်သုံးလက်အား ယူဆောင်သွားခဲ့ကြောင်း၊ လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ဆောင်ရွက်ခဲ့သော အကြမ်းဖက်လူအုပ်စုအနေဖြင့် လက်နက်ကိုင်လုံခြုံရေးအဖွဲ့အား အကြောင်းမဲ့သတ်ဖြတ်ပြီး နိုင်ငံတော်ပိုင်လက်နက်ခဲယမ်းများကို ယူဆောင်သွားမှုသည် နိုင်ငံတော်ကို ဆန့်ကျင်ပုန်ကန်သည့် သောင်းကျန်းသူအဖွဲ့အစည်းအဖြစ်သို့ ရောက်ရှိဆောင်ရွက်လာသည်ကို တွေ့ရှိရသဖြင့် ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းစည်းဝေး

**မြစ်ကြီးနား မတ် ၁၈**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်အတွင်းရှိ ဝန်ထမ်းများ CDM တွင်ပါဝင်သော ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးကို မတ် ၁၆ ရက်က ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ရပ်တန့်မနေဘဲ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင်လည်း ထုတ်ပြန်ထားသည့် ဥပဒေ၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားကြရေးကို လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းများကိုလည်း ထုတ်ပြန်ထားသည့် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ လေးစားလိုက်နာ ဆောင်ရွက်ရေးကို ဌာနအကြီးအကဲများက ကြပ်မတ်ဆောင်ရွက်ရသည့် တာဝန်အရှိဆုံးပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာအသီးသီးတွင် အခြေအနေ အရပ်ရပ်ကြောင့် CDM တွင်ပါဝင်သော ဝန်ထမ်းများရှိသကဲ့သို့ ဌာနဆိုင်ရာအကြီးအကဲများ၏ တိုက်တွန်းနှိုးဆော်မှုကြောင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာသူများရှိနေသည်ကိုလည်း သိရှိရကြောင်း၊ သို့ရာတွင် CDM တွင် ပါဝင်နေသော ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အရေးယူနိုင်ရေးကိုလည်း ညွှန်ကြားထားပြီးဖြစ်သောကြောင့် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် အရေးယူ ဆောင်ရွက်နေမှုကို တင်ပြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများ CDM တွင် ပါဝင်နေသော ဌာနဆိုင်ရာ ၅၈ ခုမှ ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများ CDM ဆောင်ရွက်နေမှု အခြေအနေ၊ ဌာနဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်မှုအခြေအနေ၊ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာမှုအခြေအနေနှင့် လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်ရေး စည်းရုံးလှုံ့ဆော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီ ဥက္ကဋ္ဌက မိမိတို့ဝန်ထမ်းများအား မိမိတို့သားသမီးများကဲ့သို့ စည်းရုံးဆက်သွယ် ဆောင်ရွက်နေမှုအခြေအနေကို သိရှိရသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ သို့သော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ရသည့်အတွက် ညွှန်ကြားချက်များကို အလေးထား လိုက်နာဆောင်ရွက်ကြရေးကို ထပ်မံတိုက်တွန်းလိုကြောင်း မှာကြားသည်။

ပြည်နယ်(ပြန်/ဆက်)







အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅ | ကျပ် | ၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀ | ကျပ် | ၈၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၀၅ | ကျပ် | ၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၅ | ကျပ် | ၉၈၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၁၁၀ | ၁၀၃၄၀၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၁၆၄၀ | ၅၅၉၅၇၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၁ | ၇၆၄၄၀၀ |
| FPB | – | – | – | – |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁ | ၂၇၅၀ |
| EFR | ၃၃၀၀ | ၃၃၀၀ | ၂ | ၆၆၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လမ်းပေါ်ထွက်ပြီး ရှေ့တန်းရောက်နေသော လူငယ်များသို့

## ရွှေယွန်း

မြန်မာနိုင်ငံကို ငယ်ရွယ်သောနိုင်ငံဟု တင်စားခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ့လူဦးရေအချိုးအစားအရ လူငယ်အသက်အပိုင်းအခြားများပြားသောကြောင့်ပင်။ လူငယ်နှင့် ပတ်သက်၍ "ယနေ့ လူငယ် နောင်ဝယ်လူကြီး" ဆိုသည့် ဆိုရိုးစကားသည် မြန်မာနိုင်ငံတွင် ထင်ရှားသည်။ ထို့ပြင် "လူငယ်တို့သည် တိုင်းပြည်၏ အနာဂတ်ဖြစ်သည်" ဆိုသည်ကို နိုင်ငံရေးသမားတိုင်း ထပ်တလဲလဲ အသုံးပြုများ၍ ရင်းနှီးကျွမ်းဝင်လှသည့် စကားတစ်ခု။

> "အသိပညာ၊ အတတ်ပညာရှာဖွေရင်း ဘဝအောင်မြင်ရေး ကြိုးပမ်းရမည့်လူငယ်များသည် ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသုံးသပ်၍ မှန်သည်၊ မှားသည်ကို ကိုယ်တိုင်သာ ဆုံးဖြတ်ကြရမည် ဖြစ်သည်။ လူငယ်အများစု အသုံးပြုရာ ဖေ့စ်ဘွတ်သည် လူငယ်များအတွက် မှန်ကန်သည့် ရှေ့ဆောင်လမ်းပြ မဖြစ်နိုင်ပါ။ ထို့အတူ ဖေ့စ်ဘွတ်ပေါ်မှ အကြောင်းအရာတိုင်းသည် မှန်ကန်မှု မရှိနိုင်ပါ။ လူငယ်များအတွက် အရာရာတိုင်းကို အဘက်ဘက်မှ လေ့လာသုံးသပ်စဉ်းစားပြီးမှသာ ဆုံးဖြတ်လုပ်ကိုင်သင့်သည့် အချိန်ဆိုလျှင်လည်း မမှားပေ"

သို့သော် လူငယ်များ တောက်ပသည့် အနာဂတ်ပိုင်ဆိုင်နိုင်ရန်အတွက် မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတို့၏ လမ်းပြဆုံးမမှုက အရေးကြီးသည်ကိုလည်း မေ့ထား၍ မရပါ။ ယနေ့ မြန်မာ့နိုင်ငံရေးအခြေအနေတွင် လူငယ် Generation Z ၏ အခန်းကဏ္ဍကို အရေးတယူရှိလှ၏။ လူငယ်များ လမ်းပေါ်တက်စေ၍ နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်စေမှုက နေရာပေး၊ အရေးပေး ပါဝင်စေသည်ဟု ထင်ရသော်လည်း ရာနှုန်းပြည့် မှန်ကန်မှု မရှိနိုင်ပါ။

### အတတ်ပညာ ရှာဖွေရမည့်အရွယ်

လူငယ်တို့သည် တက်ကြွသည်၊ သင်ယူလေ့လာမှု အားကောင်းသည်၊ ဖန်တီးနိုင်မှု အားကောင်းသည်မှန်သော်လည်း အတွေ့အကြုံအားဖြင့် အားနည်းပါသေးသည်။ အတုမြင် အတတ်သင်ဆိုသလို အတတ်မြန်ဆိုသော်လည်း မြင်သမျှ မှန်သည်ဟု ဆုံးဖြတ်မှု မရှိစေလိုပါ။ "ပထမအရွယ် ပညာရှာ" ဆိုသည့် စကားအတိုင်း လူငယ်အရွယ်သည် ဘဝဖြတ်သန်းမှုတွင် မပင်မပန်း မတောင့်မတ နေထိုင်ရှင်သန်နိုင်ရန် အသိပညာ၊ အတတ်ပညာ အားကောင်းအောင် ရှာဖွေရမည့် အရွယ်သာဖြစ်သည်။

အသိပညာ၊ အတတ်ပညာရှာဖွေရင်း ဘဝအောင်မြင်ရေး ကြိုးပမ်းရမည့် လူငယ်များသည် ယနေ့ ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို ကိုယ်တိုင်လေ့လာသုံးသပ်၍ မှန်သည်၊ မှားသည်ကို ကိုယ်တိုင်သာ ဆုံးဖြတ်ကြရမည်ဖြစ်သည်။ လူငယ်အများစု အသုံးပြုရာ ဖေ့စ်ဘွတ်သည် လူငယ်များအတွက် မှန်ကန်သည့် ရှေ့ဆောင်လမ်းပြ မဖြစ်နိုင်ပါ။ ထို့အတူ ဖေ့စ်ဘွတ်ပေါ်မှ အကြောင်းအရာတိုင်းသည် မှန်ကန်မှု မရှိနိုင်ပါ။ လူငယ်များအတွက် အရာရာတိုင်းကို အဘက်ဘက်မှ လေ့လာသုံးသပ်စဉ်းစားပြီးမှသာ ဆုံးဖြတ်လုပ်ကိုင်သင့်သည့် အချိန်ဆိုလျှင်လည်း မမှားပေ။

### သတိချပ်စေချင်

လက်ရှိ မြန်မာ့နိုင်ငံရေး မတည်ငြိမ်သေးသည့် အချိန်ကျမှ လူငယ်များကို ပွဲထုတ်၍ ဒိုင်းကာများ သဖွယ် အသုံးပြုကာ ဆန္ဒပြမှုများသည် မှန်ကန်သည်ဟု မထင်။ သို့သော် ဆန္ဒပြမှုများအတွင်း လူငယ်များသည် မိမိကိုယ်ကိုယ် ထင်ပေါ်စေလိုသည့် ဝတ်စားဆင်ယင်မှုများဖြင့် တွေ့မြင်နေရသည်မှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ ဤနေရာတွင် လူငယ်များကို အသုံးချသည့် ခါတော်မီ ကြီးပွားရေးသမားများ၏ အတ္တကလည်း မသေးပေ။ မိမိကြီးပွားရေး တစ်ခုသာ တွေးခေါ်ရာ လူတချို့သည် ယခုအချိန်တွင်ပင် ဦးထုပ်များ၊ (ဒေါင်း) အလံများ၊ အိတ်များ စသဖြင့် ပုံစံအမျိုးမျိုးထုတ်လုပ်၍ ကိုယ်ကျိုးစီးပွားရှာနေသည်ကိုလည်း တွေ့မြင်ရ၏။ ဖေ့စ်ဘွတ်ပေါ်မှာသာ စိတ်မကောင်းဟန်၊ ဝမ်းနည်းဟန်ပြ၍ စီးပွားရှာသည့် ခါတော်မီ ကြီးပွားရေးသမားများ၏ စီးပွားရှာနည်းကိုလည်း သတိချပ်စေချင်ပါသည်။

### နောက်ကွယ်ကသာ တည်ရှိနေ

ထို့အတူ ဖေ့စ်ဘွတ်ပေါ်မှာသာလျှင် နိုင်ငံနှင့်လူမျိုးကို ချစ်တတ်သည့် လူတစ်စုကလည်း လူငယ်များကို လမ်းပေါ်ထွက်လာစေရန် မပြတ်လှုံ့ဆော်၍ ၎င်းတို့ ကိုယ်တိုင်က နောက်ကွယ်ကသာ တည်ရှိနေသည်ကိုလည်း ဆင်ခြင်သတိပြုစေလိုပါသည်။ ပုံစံအမျိုးမျိုးဖြင့် လူငယ်များ လမ်းပေါ်တက်၍ ဆန္ဒပြစေရန် လှုံ့ဆော်ကာ ရှေ့တန်းကျကျ နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ဆုံလာစေမှု အခြေအနေများသည် လူငယ်များ၏ အနာဂတ် ရည်မှန်းချက်များ ပျက်ပြားစေမည်ကို အားပေး သည့် နည်းလမ်းတစ်ခုသာဖြစ်နေသည်။

ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်လိုသည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများကို လူငယ်များ လေးစားလိုက်နာတန်ဖိုးထားမှုရှိရန် အရေးကြီးသည်။ အခွင့်အရေးအတွက် ဒီမိုကရေစီဟု သုံးနှုန်းပြီး လိုက်နာရမည့် စည်းကမ်းများကို မသိကျိုးကျွန်ပြုလျှင် အနှစ်သာရပြည့်ဝမှု မရှိနိုင်ပါ။ ဒီမိုကရေစီနှင့် ဆန့်ကျင်၍ စည်းကမ်းမလိုက်နာမှုများကြောင့် ရရှိလာမည့် အကျိုးဆက်များကိုလည်း စဉ်းစားရမည်ဖြစ်ပါသည်။ ဥပဒေပြင်ပ၊ စည်းကမ်းပြင်ပမှ ဆောင်ရွက်မှုများသည် အကျိုးရလဒ်ကောင်း ထွက်နိုင်မည် မဟုတ်ပါ။

ဒီမိုကရေစီနည်းလမ်းအရ ဆန္ဒထုတ်ဖော်ပြောဆိုခွင့်သည် လူတိုင်းတွင် အပြည့်အဝရှိသည်။ ဒီမိုကရေစီစံနှုန်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်များကို လူငယ်များ လုပ်ဆောင်နိုင်သော်လည်း ဒီမိုကရေစီစံနှုန်းများကို လိုက်နာကျင့်သုံးမှု မရှိသူများ၏ ပါဝင်မှုများကြောင့် အကြမ်းဖက်အရိုင်းဆန်သည့် အခြေအနေသို့ အချိန်မရွေး ရောက်ရှိသွားနိုင်ပါသည်။

### ဒီမိုကရေစီကို သွေဖည်နေ

လက်ရှိအခြေအနေတွင် တစ်လကျော်ကြာမြင့်လာပြီဖြစ်သည့် CDM လှုပ်ရှားမှုများနှင့် အတူ ဒီမိုကရေစီကို သွေဖည်နေသည့် လုပ်ရပ်များက တွဲဖက်ပါလာပြီဖြစ်သည်။ ထိုသို့သော အခြေအနေ အချိန်အခါတွင် ရှေ့တန်းက ပါဝင်နေသည့် လူငယ်ထုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိပ်တိုက်တွေ့ဆုံမှု ပိုမိုများပြားလာမည်ဖြစ်သည်။ ထိပ်တိုက်တွေ့ဆုံမှုမှ မည်သည့်ကောင်းကျိုးတရားကိုမျှ ရရှိနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လူငယ်များအနေဖြင့် လူငယ်များ၏ အနာဂတ်ရည်မှန်းချက်များ ပျက်ပြားစေနိုင်သည့် အပြုအမူ၊ လှုပ်ရှားဆောင်ရွက်မှုများကို စဉ်းစားဆင်ခြင်သင့်ပါသည်။ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျှင် ကျန်ရစ်သူကိုယ့်မိသားစုအတွက် ရင်ကျိုးဖွယ်ရာဖြစ်သည်။ ထို့ပြင် သူရဲကောင်းအဖြစ် ဖန်တီးမြှောက်ပင့်အားပေးမှုများကို နားယောင်ပြီး လူငယ်များ၏ လုပ်ရပ်ကို သွန်သင်ဆုံးမလမ်းမှန်ပြခြင်း၊ တားဆီးဟန့်တားခြင်းမရှိသည့် မိဘမောင်ဖွားများအနေဖြင့်လည်း မထင်မှတ်ဖွယ်ရာများနှင့် တွေ့ကြုံရသည့်အခါ ဒေါသကို သူတစ်ပါးအပေါ် မပုံချဘဲ မိမိတို့အပြစ်အတွက် မိမိတို့သာ တာဝန်ယူရမည် ဖြစ်ပါသည်။

### နောက်ကျောထိုးမည့် ဓားများ

လူငယ်များကိုယ်တိုင်လည်း ရှေ့တန်းရောက်အောင် နောက်ကွယ်မှ လှုံ့ဆော်နေမှုများ၊ ဥပဒေနှင့်မညီသော ချိုးဖောက်မှုများ ဖြစ်အောင် မြှောက်ပင့်ပေးနေမှုများကို သတိထားကြည့်မြင်တတ်ရန်လိုပါသည်။ လူငယ်များကို နောက်ကွယ်ကသာ မြှောက်ပင့်လှုံ့ဆော်၍ လမ်းပေါ်ထွက်မလာသူများသည် နောက်ကျောထိုးမည့် ဓားများသာ ဖြစ်ပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် သတိတရား၊ အသိတရား၊ အရှိတရားတို့ဖြင့် ပစ္စုပ္ပန်အခြေအနေများကို စဉ်းစားသုံးသပ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

> "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ထောင်လိုသည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများကို လူငယ်များ လေးစားလိုက်နာတန်ဖိုးထားမှုရှိရန် အရေးကြီးသည်။ အခွင့်အရေးအတွက် ဒီမိုကရေစီဟု သုံးနှုန်းပြီး လိုက်နာရမည့် စည်းကမ်းများကို မသိကျိုးကျွန်ပြုလျှင် အနှစ်သာရပြည့်ဝမှု မရှိနိုင်ပါ။ ဒီမိုကရေစီနှင့် ဆန့်ကျင်၍ စည်းကမ်းမလိုက်နာမှုများကြောင့် ရရှိလာမည့် အကျိုးဆက်များကိုလည်း စဉ်းစားရမည်ဖြစ်ပါသည်။ ဥပဒေ ပြင်ပ၊ စည်းကမ်းပြင်ပမှ ဆောင်ရွက်မှုများသည် အကျိုးရလဒ်ကောင်း ထွက်နိုင်မည်မဟုတ်ပါ"

# မြောက်ဦးမြို့နယ် တိမ်ညိုတိုက်ပွဲရှောင်စခန်း၌ မီးလောင်မှုဖြစ်ခဲ့သည့် မီးဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများထောက်ပံ့

**နေပြည်တော် မတ် ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် တိမ်ညိုတိုက်ပွဲရှောင်စခန်းရှိ ဒေါ်ဖြူနှင်းချေ(ဘ) ဦးကျော်ဇံလှ နေထိုင်သည့် အခန်းအတွင်း၌ မတ် ၁၇ ရက် ည ၈ နာရီ ၅ မိနစ်ခန့်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားရာနေရာသို့ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါတိုက်ပွဲရှောင်စခန်းရှိ နေအိမ်အခန်းပေါင်း ၇၀၀ ခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် ဒေါ်ဖြူနှင်းချေ၏ အစ်မဖြစ်သူ ဒေါ်သိန်းမေတွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် တိမ်ညိုတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ခဲ့သည့် တိမ်ညိုတိုက်ပွဲရှောင်စခန်းသို့ ယနေ့တွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး မီးဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။ (ဓာတ်ပုံ)

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏ဒေသအသီးသီးသို့ပြန်လည်နေထိုင်နိုင်ရေးအတွက် နယ်မြေများအား မိုင်းရှင်းလင်းပေးခြင်း၊ အိမ်ဆောက် ပြုပြင်ရန်လိုအပ်မှုများနှင့် လုပ်ကိုင်စားသောက်ရန် လိုအပ်ချက်များအတွက် ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်အတွင်း တိုက်ပွဲရှောင်ဒေသအသီးသီးအတွက်လည်း စုဖွဲ့ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၈၃၂၃ ဦး၊ အတွင်းလူနာ ၄၁၄၈ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၃၆၀၅ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၉၀၆ ဦး စုစုပေါင်း ၅၅၁၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။



၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၉၉၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၀၃၁ ဦးကို သာမန်မွေးဖွား ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၀၂၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# စစ်တွေမြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ ဒုတိယအကြိမ် တိုက်၊ အခန်းသော့များ လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ ဒုတိယအကြိမ် တိုက်၊ အခန်းသော့များ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါအိမ်ရာ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ နေထိုင်ခွင့်လက်မှတ်နှင့် အခန်းသော့များ၊ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(စစ်တွေ) ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အိမ်ရာဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်တွင် မတ်လ ၁၅ ရက်က အကြမ်းဖက်သူများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည့် အမျိုးသမီးအား သေဆုံးလျက် ပြန်လည်တွေ့ရှိ

**နေပြည်တော် မတ် ၁၈**

လှိုင်သာယာမြို့နယ်တွင် မတ် ၁၅ ရက်က အကြမ်းဖက်သူများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသော အမျိုးသမီးအား သေဆုံးလျက် ပြန်လည်တွေ့ရှိရကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်မေတ္တာရပ်ကွက်၌ အိမ်ငှားနေထိုင်သူ အမျိုးသမီးတစ်ဦးအား မတ် ၁၄ ရက် ည ၉ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူ အရပ်အခေါ် ဝက်ကြီး (အမည်ရင်းနှင့် နေရပ်လိပ်စာစိစစ်ဆဲ) ဦးဆောင်သည့် အင်အား ၂၀ ဦးခန့်မှ တုတ်၊ ဓားများ ကိုင်ဆောင်ပြီး အမျိုးသမီးနေအိမ်သို့ ရောက်ရှိလာကာ ညဘက်သံပုံးမတီးခြင်းအတွက် “သူလျှို”၊ “ဒလန်”အဖြစ် စွပ်စွဲ၍ စစ်ဆေးမည်ဟုဆိုကာ ဖမ်းဆီးသွားခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူတစ်ဦး ဖမ်းဆီးရမိသည့် သတင်းအား ထုတ်ပြန်ပြီးဖြစ်ကြောင်း။

အဆိုပါဖြစ်စဉ်တွင် လူပျောက်ဆုံးမှုနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အပူတပြင်း နေ့ညမပြတ် ရှာဖွေဖော်ထုတ် ဆောင်ရွက်လျက်ရှိရာ မတ် ၁၅ ရက်နေ့ မွန်းလွဲပိုင်းတွင် တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအုပ်စု ဗျောက်ရိုးကျေးရွာသို့သွားသည့်လမ်းဘေးတွင် ထိုးသွင်းဒဏ်ရာများဖြင့် အမျိုးသမီးတစ်ဦး သေဆုံးနေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ သွားရောက်စစ်ဆေးရာ ဝဲယာနံ့အုံကြား ပေါက်ပြဲသွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေပြီး လှိုင်သာယာမြို့နယ် ဖြစ်စဉ်တွင် ပျောက်ဆုံးနေသည့် အမျိုးသမီးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့၍ တွံတေးမြို့ ပြည်သူ့ဆေးရုံ၊ ၎င်းနယ်မြေရဲစခန်းတို့က သေမှုသေခင်းအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

### ပဏာမစိစစ်ဖော်ထုတ်ရမိ

သေဆုံးသူ ဒေါ်ဝင်းသန္တာဆွေ (၃၀) နှစ် (ဘ) ဦးချစ်ဆွေသည် ရပ်ကွက်အတွင်း သဇင် အမျိုးသမီးဖက်ရှင် အဝတ်အထည်များ အရောင်းဆိုင်ဖွင့်လှစ်လျက် သမ္မာအာဇီဝ စီးပွားရေးလုပ်ကိုင်နေသူတစ်ဦး ဖြစ်ကြောင်း၊ ရပ်ကွက်အတွင်း ရိုးသားစွာ၊ အေးဆေးတည်ငြိမ်စွာ နေထိုင်သူတစ်ဦး ဖြစ်သည့်အပြင် တပ်မတော်အရာရှိတစ်ဦးနှင့်လည်း အိမ်ထောင်ပြုရန် စီစဉ်ထားပြီးဖြစ်သည့် ဇနီးလောင်းတစ်ဦးလည်းဖြစ်ကြောင်း သိရှိရသည့်အပြင် CDM ပါဝင်မှုမရှိခြင်း၊ ရပ်ကွက်အတွင်း အိမ်တိုင်း အဓမ္မသံပုံးတီး ခိုင်းမှုအပေါ် မိမိစိတ်ဆန္ဒမရှိမှုကြောင့် ပါဝင်ခြင်းမရှိမှုတို့အပေါ် အငြိုးအတေးထားလျက် ယခုကဲ့သို့ မူလနေအိမ်နေရာမှ ကိုးမိုင်ခန့် ဝေးကွာသည့်နေရာသို့ ရက်စက်စွာ သတ်ဖြတ်ပို့ဆောင် စွန့်ပစ်ထားမှုအပေါ် သိရှိသူတိုင်းမှ စက်ဆုတ်ရွံရှာပြင်းထန်ရှုတ်ချမှု ရှိနေကြကြောင်းနှင့် မသင်္ကာသူများဖြစ်သော လှမျိုး(ဘ) ဦးထွန်းရီ သောင်ကြီးကျေးရွာ၊ လှိုင်သာယာအနောက်မြို့နယ်၊ ကိုလင်း(ခ) လင်းလင်း (ဘ) ဦးလှအုန်း (၇)ရပ်ကွက်၊ လှိုင်သာယာအရှေ့မြို့နယ်၊ အောင်ထွဋ်ထွဋ်(ခ) ကိုထွဋ် (ဘ) ဦးထွန်းထွန်းငါးသိုင်းချောင်းမြို့နယ်၊ ဝင်းသူစိုး (ခ) ချစ်မင်းနိုင် (ဘ) ဦးသောင်းရင် ကဝမြို့နယ်၊ ဝေဖြိုးစံ (ခ) ကုလားမ (ဘ) ဦးစံဝင်း၊ မိုးသီတာ (ဘ) ဦးမြင့်သိန်း၊ တင်ထွန်းအောင် (ဘ) ဦးထွန်းဆန်၊ လှိုင်သာယာအနောက်မြို့နယ်၊ မြင့်မြင့်အေး (ဘ) ဦးငွေငြိမ်း ဓနုဖြူမြို့နယ်၊ နန်းခင်ခင်ဝင်း (ဘ) ဦးစံသိန်းတို့အား ပဏာမစိစစ်ဖော်ထုတ်ရမိခဲ့ကြောင်း။

### အမြန်ဆုံးဖော်ထုတ်

ဆက်စပ်တရားခံများ ဖမ်းဆီးရမိရေးနှင့် ပြင်းထန်စွာ ပြစ်ဒဏ်စီရင်ချက်ချနိုင်ရေးအတွက် လူသတ်တရားခံများအား မြို့နယ်နေပြည်သူများက ဖော်ထုတ်သတင်းပေးကြနိုင်ရေးလည်း သက်ဆိုင်ရာမှ နှိုးဆော်မေတ္တာရပ်ခံထားကြောင်း၊ သက်ဆိုင်ရာ မိသားစုများမှ လည်း မည်သို့ပင်ဖြစ်စေ၊ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် ဆန္ဒပြုမှုအပေါ် ကျန်ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် လူသတ်တရားခံ ၄ ဦးနှင့် ပါဝင်ဆက်စပ်သူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး သက်ဆိုင်ရာမှ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးအား ဆူပူအကြမ်းဖက်သူတစ်ဦးက ဓားဖြင့် ဝင်ရောက်ထိုးနှက်ရန် ကြိုးပမ်းလာသဖြင့် ခြောက်လှန့်ပစ်ခတ်

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၁၆ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးလုပ်ငန်းများနှင့် လမ်းမပေါ်ရှိ အတားအဆီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်၍ည ၇ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့် ထုတ်ပြန်ထားမှုအား ပြည်သူများသိရှိလိုက်နာဆောင်ရွက်ရန် Hand Speaker ဖြင့် အကြိမ်ကြိမ်ပြောဆိုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ပြောဆိုကြေညာနေစဉ် အမှတ်(၂၅)ရပ်ကွက် မြိတ်လမ်းနှင့် စည်ပင်လမ်းဆုံ (ဂိတ်ဟောင်းမှတ်တိုင်)အရောက် အတားအဆီးများအား စက်များဖြင့် ဖယ်ရှားနေစဉ် မြိတ်လမ်းရှိ အမျိုးသားတစ်ဦးက အရှိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းအား ကိုင်ဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်ရန်ပြုလာသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ၁၂ ဗို့သေနတ်ဖြင့် ခြောက်လှန့်ပစ်ဖောက်ခဲ့သော်လည်း ရပ်တန့်သွားခြင်းမရှိဘဲ ၎င်းကိုင်ဆောင်ထားသည့် ဓားမြှောင်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား အတင်းဝင်ရောက်ထိုးနှက်ရန် ကြိုးပမ်းလာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၁၂ ဗို့သေနတ်ဖြင့် အနီးကပ်ပစ်ခတ်တားဆီးခဲ့ရာမှ ၎င်းအမျိုးသားတွင် ယာဘက်ရင်ညွန့် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အဆိုပါအကြမ်းဖက်သူ အမျိုးသားအလောင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် နယ်မြေခံရဲစခန်းမှ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအား ဆူပူအကြမ်းဖက်သူလူတစ်စုက ဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို မလိုလားသည့် လူစုလူဝေးများအနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံးလှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက် အကြမ်းဖက်ရန်ပြုခြင်းများကို လုပ်ဆောင် လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မတ် ၁၅ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အတွင်း အများပြည်သူ စိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီး ဖြိုးဝေကျော်၊ အငယ်တန်းစာရေး ဝေမင်းထက်၊ ရုံးအကူ ထွန်းထွန်းနောင်နှင့် ယာဉ်မောင်း ရန်နိုင်စိုးတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ မော်တော်ယာဉ်များဖြင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ၎င်းတို့စီးနင်းလာသော မော်တော်ယာဉ်သည် ကင်မလင်းကျွန်း မီးပွိုင့်သို့အရောက်၌ စက်ချို့ယွင်းခဲ့သဖြင့် လိုအပ်သည်များ ဆောင်ရွက်ပြီး ဆက်လက်ထွက်ခွာလာစဉ် အမှတ်(၁၃)ရပ်ကွက်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးအနီးသို့အရောက် ဆူပူအကြမ်းဖက်သူ အင်အား ၃၀ ခန့်က မော်တော်ယာဉ်အားတားဆီးပြီး သံတုတ်ဖြင့်ရိုက်ခြင်း၊ ယာဉ်ပေါ်ပါလာသူများအား ထိုးကြိတ် ရိုက်နှက်ခြင်း၊ ဓားဦးချွန်ဖြင့် ထိုးခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆူပူအကြမ်းဖက်သူများ၏ လုပ်ဆောင်မှုကြောင့် ဝေမင်းထက်(ဘ) ဦးသန်းလွင်(အငယ်တန်းစာရေး)တွင် ဦးခေါင်းနောက်စေ့ ဖူးရောင်ပေါက်ပြဲဒဏ်ရာ၊ ယာလက်ဖျံ/နှုတ်ခမ်း ပေါက်ပြဲဒဏ်ရာနှင့် ကျောပြင် ပေါက်ပြဲ ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မင်းမဲ့စရိုက်ဆန်စွာ ဥပဒေမဲ့လုပ်ဆောင်ကြသည့် ဆူပူအကြမ်းဖက်သူ လူတစ်စုအား အမြန်ဆုံးဖမ်းဆီးရမိရေး သက်ဆိုင်ရာမှ အသေးစိတ် စိစစ်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အချို့ရှိ အများပြည်သူ အသုံးပြုသည့် လမ်းများပေါ်၌ ပိတ်ဆို့ထားသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်အတူ ဖယ်ရှားရှင်းလင်း

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ဆူပူဆန္ဒပြသူအချို့က ဆူပူဆန္ဒပြခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အကြမ်းဖက်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းများပေါ်၌ အတားအဆီးများ ချထား၍ ပိတ်ဆို့ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်းများပေါ် ပိတ်ဆို့ခြင်းများ ပြုလုပ်ခြင်းကြောင့် အေးချမ်းစွာလုပ်ကိုင်စားသောက်လျက်ရှိသော ပြည်သူများ၏ သွားလာရေး အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိသည့်အပြင် ယခုအခါကာလသည် ပူပြင်းခြောက်သွေ့သည့် ရာသီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကျရောက်ချိန်တွင် လည်းကောင်း၊ ပြည်သူလူထု၏ အရေးပေါ်ကျန်းမာရေးအခြေအနေ ပေါ်ပေါက်ချိန်တွင် လည်းကောင်း ဆက်သွယ်သွားလာမှုတွင် များစွာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် အများပြည်သူများ၏ သွားလာရေးအဆင်ပြေစေရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ဆက်သွယ်သွားလာရေး အဆင်ပြေစေရန်တို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကားလမ်းများပေါ်ရှိ အတားအဆီးများကို ဖယ်ရှားရှင်းလင်းပေးကြပြီး တာဝန်သိပြည်သူများကလည်း ဝိုင်းဝန်းကူညီ ဖယ်ရှားရှင်းလင်းပေးကြသည်။

အများပြည်သူ အသုံးပြုလျက်ရှိသော လမ်းများပေါ်တွင် ပိတ်ဆို့ထားသည့် အတားအဆီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိ ပြည်သူများနှင့်အတူ ဆက်လက်ဖယ်ရှားရှင်းလင်းပေးမည် ဖြစ်ကြောင်းနှင့် ခရီးသွားပြည်သူများ အခက်အခဲဖြစ်စေရန်နှင့် ဘေးအန္တရာယ်များ ကျရောက်ရာတွင် ကူညီပေးရာ၌ အခက်အခဲဖြစ်စေရန် အတားအဆီးများ ချထား၍ ပိတ်ဆို့မှုများအား ဆက်လက်လုပ်ဆောင်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သီပေါ သီတဂူစက္ခုဒါနဆေးရုံသို့ ဒေသခံများ ကျန်းမာရေးစောင့်ရှောက်မှုခံယူ

**သီပေါ မတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဒေသခံပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်နှင့် အရေးပေါ်ကုသမှုခံယူနိုင်ရန်အတွက် မဟာမြတ်မုနိပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါန အထွေထွေရောဂါကု ပြင်ပလူနာဌာနသို့ လာရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

ယနေ့တွင် ဝေဒနာရှင်လူနာ ၂၁ ဦးကို ကုသပေးခဲ့ကြောင်း မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော်၊ သီတဂူစက္ခုနဆေးရုံတာဝန်ခံ အရှင်ပညာသီရိသူမြတ်ထံမှ သိရသည်။

**စိုင်း(သီပေါ)**



● *ကျော်ဖုံးမှ*

နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်ရန် အာရုံစိုက်ကစားလာခဲ့သည့်အတွက် အကြိတ်အနယ်ရှိသည့်ပွဲကောင်းတစ်ပွဲဖြစ်လာခဲ့သည်။ ချယ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ဝါနာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဇီယက်က သွင်းယူပေးနိုင်ခဲ့သည်။ အေတီမက်အနေဖြင့် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အေတီမက်အသင်းသည် ကစားကွက်အပြောင်းအလဲပြုလုပ်ကာ လူစားလဲမှုပြုလုပ်လာခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို မြင်တွေ့ခဲ့ရခြင်း မရှိပေ။ ပွဲချိန် ၈၂ မိနစ်တွင် အေတီမက်အသင်းမှ ဆာဗစ် အနီကတ်ပြထုတ်ပယ်ခံခဲ့ရသည်။ ဆာဗစ်၏ အဆိုပါ အနီကတ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ တတိယမြောက်ပြသခံခဲ့ရသည့် အနီကတ်ဖြစ်ကြောင်း သိရသည်။

ဒုတိယပိုင်းပွဲချိန်ပြီးခါနီးတွင် ချယ်ဆီးအသင်း ဒုတိယဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ပူလီဆစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် အီမာဆင်က သွင်းယူပေးနိုင်ခဲ့သည်။ ချယ်ဆီးအသင်းသည် အေတီမက်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး- ဂိုးမရှိဖြင့် အနိုင်ယူပြီး ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ ၂၀၁၃-၂၀၁၄ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့သည်။

အခြားသောပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် လာဇီယို အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-နှစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်အသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ ချယ်ဆီး၊ ဘိုင်ယန် မြူးနစ်အသင်းတို့နှင့်အတူ ဒေါ့မွန်၊ လီဗာပူး၊ မန်စီးတီး၊ ပီအက်စ်ဂျီ၊ ပေါ်တိုနှင့် ရီးရဲမက်ဒရစ် အသင်းတို့ တက်ရောက်နိုင်ခဲ့သည်။

**အောင်ဇော်**

# အသွင်ကူးပြောင်းမှုနှင့် နိုင်ငံ့အခြေအနေ အမှန်/အမှား ခွဲခြားရှုမြင်

**— — မောင်သောမန — —**

**“ရခိုင်ပြည်နယ် ပဋိပက္ခဖြေရှင်းရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်နှစ်ရပ်ကို စိတ်ကြိုက်ရွေးချယ်အသုံးပြုခဲ့သည်။ ပထမအကြိမ် ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် ၃၆၈ သန်း၊ ဒုတိယအကြိမ် ဖိလစ်ပိုင်သံအမတ်ကြီး ခေါင်းဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် သန်း ၂၉၀ လွှတ်တော်တွင် အတည်ပြုခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည်။ ICJ တွင် တရားရင်ဆိုင်နိုင်ရန်အတွက် ပြည်ပရှေ့နေငှားရမ်းခ၊ တည်းခိုခ၊ ထွက်ဆိုစာတမ်းပြုစုခ စသည့်သုံးစွဲကုန်ကျစရိတ် ကျပ်သန်း ၆၈၀ အပြင် အသွားအပြန်ခရီးစရိတ် ကျပ်သန်း ၃၅၀ ကျခံသုံးစွဲခဲ့သည်။ ICJ အမှုသည် လုံခြုံရေးတပ်ဖွဲ့များနှင့် သက်ဆိုင်ပြီး အမှုရင်ဆိုင်ရန် ရက်ပေါင်း ၈၀ ကျော် အချိန်ရသော်လည်း တပ်မတော်နှင့်သော်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း ညှိနှိုင်းတိုင်ပင်ခဲ့ခြင်း မရှိကြောင်း သိရသည်”**

နိုင်ငံတစ်နိုင်ငံ၏ အသွင်ကူးပြောင်းမှုဖြစ်စဉ်များအနက် အဓိကအားဖြင့် နိုင်ငံရေးအသွင်ကူးပြောင်းမှု (Political Transition) ဖြစ်စဉ်သည် အရေးအကြီးဆုံးဖြစ်ပါသည်။ မျက်မှောက်ကာလတွင် ဒီမိုကရေစီကို လူတိုင်းလူတိုင်း၊ နိုင်ငံအများစု ထောက်ခံအားပေးလာကြသည်။ ဒီမိုကရေစီသည် သဘောတရားအားဖြင့် အာဏာရှင်စနစ်ကျင့်သုံးမှုမှ ဒီမိုကရေစီဘက်သို့ ကူးပြောင်းလာခြင်း၊ ဒီမိုကရေစီမဟုတ်သည့် အခြေအနေမှ ဒီမိုကရေစီအခြေအနေသို့ ပြောင်းလဲလာခြင်းကို ဆိုလိုကြသည်။

၂၀ ရာစုနှောင်းပိုင်းကာလတွင် ကမ္ဘာပေါ်၌ ဒီမိုကရေစီအပြောင်းအလဲများ သိသိသာသာ ဖြစ်ထွန်းလာပါသည်။ ၁၉၇၀ ပြည့်နှစ်လယ်ပိုင်းက အနောက်ဥရောပ၌ လက်ယာစွန်းအာဏာရှင် (ပေါ်တူဂီ၊ ဂရိ၊ စပိန်) အပြောင်းအလဲ၊ ၁၉၈၀ ပြည့်နှစ်တွင် လက်တင်အမေရိကနိုင်ငံများ၏ ဒီမိုကရေစီအပြောင်းအလဲ၊ ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် အရှေ့ဥရောပနှင့် ဆိုဗီယက်အပြောင်းအလဲ စသည်ဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့ပါသည်။

**အရွေ့တစ်ခုသို့ ပြောင်းလဲ**

၁၉၇၄ ခုနှစ်၌ ကမ္ဘာပေါ်တွင် နိုင်ငံ ၃၉ နိုင်ငံသာ ဒီမိုကရေစီနိုင်ငံဖြစ်ခဲ့ရာမှ ယနေ့ကာလတွင် ဒီမိုကရေစီနိုင်ငံပေါင်း တစ်ရာကျော်ရှိလာပြီဖြစ်သည်။ Freedom House အဖွဲ့၏ သတ်မှတ်တိုင်းတာမှုအရ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာပေါ်၌ နိုင်ငံပေါင်း ၁၂၅ နိုင်ငံသည် ရွေးကောက်ပွဲဖြင့် တည်ထောင်သော ဒီမိုကရေစီစနစ် ရှိနေပြီဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများမှာ ခက်ခဲကြမ်းတမ်းကြသော်လည်း ကောင်းမွန်သော အရွေ့တစ်ခုအဖြစ်ပြောင်းလဲခဲ့သည်ကို ယနေ့ကာလတွင် လက်တွေ့မြင်တွေ့နေရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီအပြောင်းအလဲ၏ နောက်ဆက်တွဲအဆက်ဟု ဆိုရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးဖြင့် ဖြစ်ပေါ်လာခဲ့သော မြန်မာ့နိုင်ငံရေးအခြေအနေသည် ကမ္ဘာ့ဒီမိုကရေစီ အပြောင်းအလဲတွင် စိန်ခေါ်မှုကြီးမားစွာဖြင့် လိုက်ပါလာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ပြည်သူလူထုစီးပွားရေးကျပ်တည်းမှုကို အကြောင်းပြု၍ တစ်ပါတီစနစ်ကို ဖြိုဖျက်ရာမှ ကမ္ဘာ့နိုင်ငံများနည်းတူ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

**ဒီမိုကရေစီ စတင်အသက်ဝင်**

မြန်မာနိုင်ငံတွင်ဖြစ်စေ၊ ကမ္ဘာ့နိုင်ငံများတွင်ဖြစ်စေ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အစိုးရဟောင်းခေါင်းဆောင်များက စတင်အုတ်မြစ်ချပေးခဲ့ပြီး နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ (အတိုက်အခံ အင်အားစုများအပါအဝင်)တို့က တောင့်တင်းခိုင်ခံ့သည့် ဒီမိုကရေစီအိမ်ကြီးဖြစ်အောင် ဆက်လက်တည်ဆောက်ကြရပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ် ရှေ့ပိုင်းကာလများက ပြည်သူများအနေဖြင့် ဒီမိုကရေစီနှင့် အလှမ်းဝေးခဲ့ပြီး ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစ၍ ဒီမိုကရေစီစနစ်ကို စတင်ထိတွေ့လာခဲ့သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို အကျယ်ဖွင့်ဆိုလျှင် ကျမ်းတစ်ဆူမက ရှုပ်ထွေးများပြားကျယ်ပြန့်လှသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်အကောင်အထည်ဖော်သည့် ၂၀၁၀ ပြည့်နှစ်မှစ၍ အကျဉ်းချုပ်မျှ စေ့ငုကြည့်သင့်ပေသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ယခင်ဆိုဗီယက်ယူနီယံ၏ ခွဲထွက်နိုင်ငံများ တော်လှန်ရေး၊ မဝေးလှသောကာလများက ဖြစ်ပေါ်ခဲ့သည့် နိုင်ငံအပြောင်းအလဲအရေး၊ အာရပ်နွေဦး ဒီမိုကရေစီ ပြောင်းလဲရေးတို့ကို ညွှန်းဆိုသော်လည်း မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်နှင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနောက်ခံများအရ ပြောင်းလဲလာခဲ့ခြင်းဖြစ်ပါသည်။

**ရိုးသားစွာအာဏာတည်**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ၂၁ ရာစု မြန်မာ့ဒီမိုကရေစီ အကူးအပြောင်း၏ အစဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု အောင်မြင်မှုရှိသည်၊ မရှိသည်ကို ဒီမိုကရေစီကနဦး ဆောင်ရွက်မှုဖြစ်စဉ်များအား အကဲဖြတ်ရှုမြင်နိုင်ပါသည်။ ဦးစွာ ဒီမိုကရေစီစနစ်ကို စနစ်တကျထိန်းကျောင်း မောင်းနှင်ပေးနိုင်ရေး၊ လွတ်လပ်ပွင့်လင်းပြီး သန့်ရှင်း၊ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ စိတ်ရင်းစေတနာမှန်ကန်ပြီး ရိုးသားဖြောင့်မတ်သည့် အာဏာရပါတီဖြစ်ရေးတို့သည် အရေးကြီးသောအချက်များဖြစ်ပါသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရသည့် ဒီမိုကရေစီအသွင်ကူးပြောင်းပေးမည့် အစိုးရလက်ထက်တွင် ပြည်ပရောက် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအရေး လှုပ်ရှားခဲ့ကြသူများ အိမ်ပြန်လာနိုင်ကြသည်။ လမ်းမပေါ်ထွက် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်လာနိုင်ကြသည်။ အသင်းအပင်းဖွဲ့စည်းမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ခဲ့သည်။ သမဂ္ဂများ ဖွဲ့စည်းခွင့်ရလာကြသည်။ “စာပေကင်ပေတိုင်”ဟု ကင်ပွန်းတပ်ခေါ်ဝေါ်ကြသည့် စာပေစိစစ်ရေးအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။ နှစ်ပေါင်း ၅၀ ခန့်ကင်းကွာခဲ့သည့် လွတ်လပ်သည့် သတင်းစာများ၊ ဂျာနယ်များ အမြောက်အမြား ပေါ်ထွက်လာခဲ့သည်။ အစိုးရနှင့် လူပုဂ္ဂိုလ်တို့ကို ပွင့်ပွင့်လင်းလင်းဝေဖန်သည့်စာများ ရေးသားလာနိုင်ကြသည်။

**အခွင့်အရေးများနှင့် ကူးပြောင်း**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ပြုလုပ်လာနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်ပေါက်လာသည်။ ဥပဒေပြုရေးနှင့် ပြည်သူ့ရေးရာမူဝါဒဆွေးနွေးမှုများတွင် ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများထံမှ တိုင်ပင်နှီးနှော အကြံဉာဏ်ရယူနိုင်ခဲ့သည်။ နိုင်ငံရေးအကျဉ်းသားများ မရှိသလောက် လျော့နည်းကျဆင်းလာခဲ့သည်။ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်၊ သက်သာခွင့်များ ပေးနိုင်ခဲ့သည်။ ဝန်ထမ်းများကို လစာတိုးပေးနိုင်ခဲ့သည်။

စီးပွားရေးတွင် ကာလရှည်ကြာထိန်းချုပ်ထားသော မိုဘိုင်းဖုန်းဝန်ဆောင်မှုများ ပေးနိုင်ခဲ့သည်။ လက်ကိုင်ဖုန်းဆင်းကတ်တစ်ကတ်လျှင် ကျပ်တစ်ထောင့်ငါးရာဖြင့် ပြည်သူအားလုံး သုံးစွဲနိုင်ခဲ့သည်။ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုဒဏ်ကိုခံကာ ကားတင်သွင်းခွင့်မူဝါဒကို ဖွင့်ပေးခဲ့သည်။ အလယ်အလတ်လူတန်းစားများအထိ အားလုံးကားစီးနိုင်ကြသည်။ သံတမန်များ၊ နိုင်ငံတကာခေါင်းဆောင်များ မြန်မာနိုင်ငံသို့ ရောက်လာကြသည်။ နိုင်ငံတကာအထောက်အပံ့အကူအညီများ ကမ်းလှမ်းလာခဲ့ သည်။ ပြည်သူအများစုမနှစ်သက်၊ လက်မခံသော မြစ်ဆုံစီမံကိန်းကို ရပ်တန့်ခဲ့သည်။ နိုင်ငံတကာပိတ်ဆို့မှုများ၊ ဒဏ်ခတ်မှုများ ရပ်ဆိုင်း၍ ပုံမှန်ဆက်ဆံမှုများ ထူထောင်လာကြသည်။ နောက်ဆုံးတွင် ရွေးကောက်ပွဲတွင် အနိုင်ရသည့် NLD ပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အနှောင့်အယှက်မရှိ ချောမွေ့ဖြောင့်ဖြူးစွာ အာဏာလွှဲပြောင်းပေးခဲ့သည်။

**ပြဿနာများဖြင့်စခန်းသိမ်း**

NLD ပါတီ၏ နောက်ခံသမိုင်းကြောင်းကို အားလုံးသိကြပြီးဖြစ်၍ အကျယ်မရှင်းပြလိုတော့ပါ။ အာဏာရအစိုးရဘဝတွင် ဖြစ်ပေါ်ခဲ့သည့် အရေးကြီးကိစ္စအချို့ကို အကျဉ်းမျှ တင်ပြလိုပါသည်။ တိုတောင်းလှသည့် ငါးနှစ်တာကာလအတွင်းမှာ NLD သည် နိုင်ငံတော်အား မည်သို့ဖြတ်သန်းခဲ့သည်ကို လူပုဂ္ဂိုလ်မျက်နှာမကြည့်ဘဲ လက်တွေ့အခြေအနေမှန်ကို စေ့ငုကြည့်လျှင် မှတ်မှတ်ထင်ထင် တွေ့မြင်နိုင်မည်ဖြစ်သည်။ NLD သည် တာထွက်လည်း မကောင်း၊ ပန်းဝင်လည်း မကောင်းခဲ့ပါ။ NLD ပါတီ စတင်နိုင်ငံ့တာဝန်ယူသည့် ၂၀၁၆ ခုနှစ်မှစတင်၍ ပြဿနာဆိုးနှင့်ကြုံခဲ့ရပြီး သက်တမ်းကုန်ဆုံးပြီး ရွေးကောက်ပွဲဝင်ပြီးသည့်အခါတွင်လည်း ပြဿနာများနှင့် စခန်းသိမ်းခဲ့ရပါသည်။

၂၀၁၆ ခုနှစ်မှစတင်၍ အရှေ့အလယ်ပိုင်းဒေသအစွန်းရောက်များ ကျောထောက်နောက်ခံပြုထားသည့် အကြမ်းဖက်သမားများက မြန်မာနိုင်ငံအနောက်ဘက် နယ်စပ်လုံခြုံရေးကင်းစခန်းများကို တိုက်ခိုက်လာခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ ထိခိုက်သေဆုံးခဲ့ကြသည်။ ထို့နောက် လူ့အသိုက်အဝန်း နှစ်ခုအကြားတွင် ကြီးမားသည့် ပဋိပက္ခများဖြစ်ပေါ်လာပြီးနောက် အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ ကူးပြောင်းထွက်ခွာသွားကြသည့် ဒုက္ခသည်ပြဿနာကြီး ပေါ်ပေါက်လာခဲ့သည်။ ယင်းကို အကြောင်းပြု၍ အနောက်နိုင်ငံများနှင့် OIC နိုင်ငံများက ဝင်ရောက်စွက်ဖက်လာခဲ့သည်။ ရခိုင်ပြည်နယ်အရေးကို တောက်လျှောက်ဖြေရှင်းလာခဲ့ရသည်။ ထိုသို့ဖြေရှင်းရသည့်အထဲတွင် မြန်မာနိုင်ငံနှင့် မိုင်ပေါင်း ၂၀၀၀ ကျော်ဝေးသည့် ဂမ်ဘီယာနိုင်ငံငယ်လေးက တရားစွဲသဖြင့် ICJ ခုံရုံးတွင် သွားရောက်ဖြေရှင်းခဲ့ရသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

*စာမျက်နှာ ၂၄ သို့*

**“နိုင်ငံခြားသားစီးပွားရေးပညာရှင် အကြံပေးချက်အရ အခွန်တိုးကောက်ရေး၊ မီတာခတိုးကောက်ရေးတွင် အလုပ်ဖြစ်ခဲ့သည်။ နိုင်ငံခြားသား ၉၂ ယောက်အတွက် တစ်လစားစရိတ် ကျပ်သန်း ၃၀၀၀၀ ပေးချေရသည်။ လစာ၊ အသုံးစရိတ်၊ ထောက်ပံ့ကြေး ကုန်ကျငွေများအားလုံးကို နိုင်ငံတော်၏ ဘတ်ဂျက်နှင့် အရေးပေါ် ပြည်ပချေးငွေများမှ ကျခံရသည်ဟု သိရသည်။ အများအမြင်တွင် နိုင်ငံတော်ကို မြန်မာများက အုပ်ချုပ်စီမံနေသည်ဟု ဆိုသော်လည်း လက်တွေ့တွင် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်ဖြင့် အုပ်ချုပ်စီမံနေသည်ကို ပြည်သူများအနေဖြင့် သိမြင်နိုင်ခြင်း မရှိပေ။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်အရ သိရှိကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက် ထိရောက်သောအကျိုးစီးပွားမဖြစ်ဘဲ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးခဲ့ရသည်။ တိုင်းတစ်ပါး နိုင်ငံခြားသားများ အကျိုးဖြစ်ခဲ့သည်။ တိုင်းပြည်ကို စီမံအုပ်ချုပ်မှုညံ့ဖျင်းမှုများ၊ မိမိကိုယ်ကို အထင်ကြီးမှုနှင့် တိုင်းပြည်အပေါ်ထားရှိသည့် သဘောထားမှန်ကန်မှု မရှိမှုတို့ကြောင့် တိုင်းပြည်ပုံရိပ် ကျဆင်းစေခဲ့သည်”**

# ကျောက်ပန်းတောင်းမြို့နယ်တွင် မြေသားမိုးရေလှောင်ကန်များ ကုသိုလ်ဖြစ်ဆယ်ယူသူ များပြားလာ

**ကျောက်ပန်းတောင်း မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နွေဦးပေါက်ရာသီရေမရှိချိန် ရေကန်များ ဆယ်ယူမှုအား ကုသိုလ်ဖြစ်ဆယ်ယူသူ များပြားလာကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးလက်ဒေသရှိ မြေသားရေလှောင်ကန်များ ဆောင်းရာသီကုန်ဆုံးချိန်မှစတင်ကာ ရေခန်းခြောက်သွားခဲ့ပြီး တောထဲလွတ်ကျောင်းသည့် တိရစ္ဆာန်များမြေသားရေလှောင်ကန်များရေမရှိခြင်းကြောင့် ရေအခက်အခဲဖြစ်ပေါ်နေခြင်းကို မြေသားရေလှောင်ကန်များ မိုးမကျမီ ရေကန်များ ပြန်ဆယ်ယူခြင်းဖြင့် မိုးရွာသွန်းချိန် ရေဝင်စေပြီး ရေနေစေရန် ကုသိုလ်ဖြစ်ရေကန်များ ဆယ်ယူသူ များပြားလာကြောင်း၊ ရေကန်ဆယ်ယူရာတွင် လူဖြင့် ဆယ်ယူမှုများရှိခဲ့ရာမှ စက်ယန္တရားလုပ်အားဖြင့် ပိုမိုဆယ်ယူလာနေကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ဝွေးကုန်းကျေးရွာနှင့် လဲဂွကျေးရွာကြားတွင် မြေသားသောက်သုံး ရေလှောင်ကန်များကို ကျေးရွာ ပြည်သူများမှ နှစ်စဉ်နှစ်တိုင်း ဆယ်ယူကာ လူနှင့်တိရစ္ဆာန်များသောက်သုံးရန် ရေခန်းခြောက်ချိန်တွင် ရေကန်ပေါင်ဆင့်ခြင်း၊ ရေကန်အတွင်း ဆယ်ယူခြင်းများ ဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

ယခုအခါ မြေသားရေလှောင်ကန်ဆယ်ယူခြင်းများအား ထွန်စက်များငှားရမ်းကာ ကုသိုလ်ဖြစ်ဆယ်ယူလာမှု များလာကြောင်း ထွန်စက်ဖြင့်ဆယ်ယူမှု တစ်နာရီ ငွေကျပ်နှစ်သောင်းမှ နှစ်သောင်းနှစ်ထောင် အထိသာပေးရခြင်းကြောင့် မြေသား ရေလှောင်ကန်များ ဆယ်ယူ ကန်ဆင့်ခြင်း၊ ကန်တွင်းဆယ်ယူခြင်းများ လုပ်အားထိရောက်မှုရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကန်ပတ်လည်အုပ်စုအတွင်းရှိ လူနှင့်တိရစ္ဆာန် သောက်သုံးရေကန်များဖြစ်သည့် ငွေတွင်းတောင်မြေသားရေလှောင်ကန်၊ ငွေတွင်းတောင် အောက်ကန်၊ ကန်နှစ်ဆင့်အပေါ်ကန်၊ ကန်နှစ်ဆင့်အောက်ကန်၊ ဖိုးသူတော်ကန်၊ ငါးရံ့တောင်တန်းကန်၊ အရှေ့ကုန်းကန်များကို ကုသိုလ်ဖြစ် ဆယ်ယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း



မြန်မာပြည်အရပ်ရပ်ရှိ မြေသားရေလှောင်ကန်များ ကုသိုလ်ဖြစ်ပါဝင်ဆယ်ယူလိုပါက ဦးဝင်းထိန် ဖုန်း-၀၉-၂၅၆၀၀၉၈၅၅၊ ဦးဝင်းထွန်းအောင် ဖုန်း-၀၉-၂၆၅၇၆၈၁၂၃ တို့သို့ ဆက်သွယ်၍ ထွန်စက်ဖြင့် ကန်ဆယ်ယူမှု တစ်နာရီ ငွေကျပ်နှစ်သောင်းဖြင့် မြေသားရေလှောင်ကန်များ ဆယ်ယူကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မိုင်းဆတ်မြို့၌ ဝမ်ပြန့်-ဝမ်အင်ကျေးရွာချင်းဆက် ကျောက်ခင်းလမ်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းဆတ် မတ် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်၌ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် အဲန်တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝမ်ပြန့်- ဝမ်အင်ကျေးရွာချင်းဆက် ကျောက်ခင်းလမ်း ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၄၄ ဒသမ ၃၄ သန်းဖြင့် ဝမ်ပြန့် - ဝမ်အင်ကျေးရွာချင်းဆက် ကျောက်ခင်းလမ်း အရှည် ၁ မိုင် ၄ ဖာလုံအား တင်ဒါအောင်မြင်သည့် ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းတိုင်းတာ စစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပါက ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဝမ်အင်ကျေးရွာရှိ အဲန် တိုင်းရင်းသား အိမ်ခြေ ၁၉ အိမ်နှင့် ဝမ်ပြန့်ကျေးရွာရှိ အိမ်ခြေ ၇၆ အိမ်၊ လူဦးရေ၄၇၄ ဦး တို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော် (မိုင်းဆတ်)**

# ကျောက်စီမြေထိန်းနံရံ တည်ဆောက်မှုလုပ်ငန်း စစ်ဆေး

**မြင်းမူ မတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ညောင်မြစ်ကျေးရွာတွင်(မူးမြစ်) ကမ်းပြိုကာကွယ်ရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်တာဝန်ရှိသူများ မတ် ၁၇ ရက်က ကြည့်ရှုစစ်ဆေးသည်။

ကျောက်စီမြေထိန်းနံရံတည်ဆောက်မှုလုပ်ငန်းကို တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၇ ဒသမ ၄၀ ဖြင့် ရွှေလင်းထက်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ ကျောက်စီမြေထိန်းနံရံမှာ အလျား ပေ ၄၀၀၊ အမြင့်ပေ ၂၀ ရှိပြီး လက်ရှိလုပ်ငန်းဆောင်ရွက်မှုမှာ ၅၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

ကျောက်စီမြေထိန်းနံရံတည်ဆောက်ပေးသည့်အတွက် နှစ်စဉ်မူးမြစ်တိုက်စားကာစိုက်ပျိုးမြေများဆုံးရှုံးခြင်း၊ မူးမြစ်နှင့်နီးကပ်လျက်ရှိသည့်ကျေးရွာဖြစ်သောကြောင့် နှစ်စဉ်အိုးအိမ်ပျက်စီးခြင်း၊ ပြောင်းရွှေ့ရခြင်းဒုက္ခများမှ လွတ်ကင်းတော့မည်ဖြစ်ကြောင်း ကျေးရွာ ပြည်သူများထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**



*စာမျက်နှာ ၂၃ မှ*

## ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲ

ရခိုင်ပြည်နယ် ပဋိပက္ခဖြေရှင်းရေးအတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်နှစ်ရပ်ကို စိတ်ကြိုက်ရွေးချယ်အသုံးပြုခဲ့သည်။ ပထမအကြိမ် ကိုဖီအာနန် ဦးဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် ၃၆၈ သန်း၊ ဒုတိယအကြိမ် ဖိလစ်ပိုင်သံအမတ်ကြီး ခေါင်းဆောင်သည့် ကော်မရှင်အတွက် ကုန်ကျငွေကျပ် သန်း ၂၉၀ လွှတ်တော်တွင် အတည်ပြုခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာငွေမှ ကျခံသုံးစွဲခဲ့သည်။ ICJ တွင် တရားရင်ဆိုင်နိုင်ရန်အတွက် ပြည်ပရှေ့နေငှားရမ်းခ၊ တည်းခိုခ၊ ထွက်ဆိုစာတမ်းပြုစုခ စသည့် သုံးစွဲကုန်ကျစရိတ်ကျပ်သန်း ၆၈၀ အပြင် အသွားအပြန်ခရီးစရိတ် ကျပ်သန်း ၃၅၀ ကျခံသုံးစွဲခဲ့သည်။ ICJ အမှုသည် လုံခြုံရေးတပ်ဖွဲ့များနှင့် သက်ဆိုင်ပြီး အမှုရင်ဆိုင်ရန် ရက်ပေါင်း ၈၀ ကျော် အချိန်ရသော်လည်း တပ်မတော်နှင့်သော်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့်သော်လည်းကောင်း ညှိနှိုင်းတိုင်ပင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

## နိုင်ငံခြားအကြံပေးများခန့်ထား

၂၀၁၉ ခုနှစ် မေလ ၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်တစ်ဦး ရှင်းလင်းပြောကြားခဲ့သည်များကို မှတ်မိကြဦးမည်ဖြစ်သည်။ တိုင်းပြည်ခေါင်းဆောင်တစ်ဦးတည်း ဆုံးဖြတ်ချက်ဖြင့် နိုင်ငံခြားသားအကြံပေး ၉၂ ယောက်ကို နိုင်ငံ့ဘဏ္ဍာငွေဖြင့် ခန့်အပ်ခဲ့သောကိစ္စ ဖြစ်သည်။ ထိုအကြံပေးများအတွက် တစ်နှစ်လျှင် အသုံးစရိတ် ကျပ် ၂ ဒသမ ၅ ဘီလီယံကျော်၊ ငါးနှစ်အတွက် ကျပ် ၁၀၂ ဒသမ ၅ ဘီလီယံကျော်သုံးစွဲခဲ့သည်။ ထိုသို့သုံးစွဲခဲ့သော်လည်း နိုင်ငံအတွက် ထူးထူးခြားခြား ဖြစ်ဖြစ်မြောက်မြောက် တိုးတက်မှုရှိ/မရှိကို ယထာဘူတကျကျ ဝေဖန်ပိုင်းခြားတတ်သည့် စာဖတ်သူများ အသိဆုံးပင်ဖြစ်မည်။

နိုင်ငံခြားသားစီးပွားရေးပညာရှင် အကြံပေးချက်အရ အခွန်တိုးကောက်ရေး၊ မီတာခ တိုးကောက်ရေးတွင် အလုပ်ဖြစ်ခဲ့သည်။ နိုင်ငံခြားသား ၉၂ ယောက်အတွက် တစ်လစားစရိတ် ကျပ်သန်း ၃၀၀၀၀ ပေးချေရသည်။ လစာ၊ အသုံးစရိတ်၊ ထောက်ပံ့ကြေး ကုန်ကျငွေများအားလုံးကို နိုင်ငံတော်၏ ဘတ်ဂျက်နှင့် အရေးပေါ် ပြည်ပချေးငွေများမှ ကျခံရသည်ဟု သိရသည်။ အများအမြင်တွင် နိုင်ငံတော်ကို မြန်မာများက အုပ်ချုပ်စီမံနေသည်ဟု ဆိုသော်လည်း လက်တွေ့တွင် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်ဖြင့် အုပ်ချုပ်စီမံနေသည်ကို ပြည်သူများအနေဖြင့် သိမြင်နိုင်ခြင်းမရှိပေ။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်အရ သိရှိကြရမည်ဖြစ်သည်။ တိုင်းပြည်အတွက် ထိရောက်သောအကျိုးစီးပွားမဖြစ်ဘဲ ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးခဲ့ရသည်။ တိုင်းတစ်ပါး နိုင်ငံခြားသားများ အကျိုးဖြစ်ခဲ့သည်။ တိုင်းပြည်ကို စီမံအုပ်ချုပ်မှုညံ့ဖျင်းမှုများ၊ မိမိကိုယ်ကိုယ် အထင်ကြီးမှုနှင့် တိုင်းပြည်အပေါ်ထားရှိသည့် သဘောထား မှန်ကန်မှုမရှိမှုတို့ကြောင့် တိုင်းပြည်ပုံရိပ် ကျဆင်းစေခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စဉ်းစားချင့်ချိန်တတ်စေချင်ပါသည်

**ကိုသံချောင်း - မစာဥ တစ်ခန်းရပ်စကားပြောခန်း (၇)**

## ဒေါင်

မစာဥတို့ အိမ်ဦးခန်းမှာ ဓာတ်ပုံတွေ ချိတ်ဆွဲထားပါတယ်။ ဘွဲ့ဝတ်စုံနဲ့ မစာဥက ဓာတ်ပုံထဲမှာ လွတ်ကိုကြည့်ကောင်းနေတော့တာပဲလို့ ကိုသံချောင်းက မစာဥတို့အိမ်ကိုရောက်တိုင်း တွေးမိတယ်။ ထိုစဉ် မစာဥက "လမ်းထိပ်မှာ ကိုယ့်လမ်းကိုယ် လုံခြုံရေးယူထားတဲ့ အတားအဆီးတွေက သွားလာရေးကို အနှောင့်အယှက်ဖြစ်နေတယ်ရှင့်။ ကျွန်မဖြင့် မကြိုက်ပါဘူး"

"အမှန်ပဲဗျာ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ရှေးရှုတယ် ပြောပြီး ကိုယ့်လမ်းကိုယ်ပိတ်ထားတယ်။ တစ်ခါများ အပြင်က ပြန်လာတော့ တော်တော်နဲ့ဖွင့်မပေးလို့ ခက်ရပြီအောက်မေ့တာ။ လမ်းသားချင်း ဒလန်ထင်နေပြီး စစ်လားဆေးလားနဲ့ဆိုတော့ ခံရခက်နေတာဗျ"

"ဒါနဲ့ ရှင်ခုနက ကျွန်မဘွဲ့ဓာတ်ပုံကြီးကို အကြာကြီးစိုက်ကြည့်နေတာ ဘာဖြစ်လို့လဲရှင့်။ ကျွန်မက ဘွဲ့ဝတ်စုံနဲ့မို့ မမှတ်မိလို့များလား"

"ဂုဏ်ယူပြီးကြည့်နေတာပါဗျ။ မိသားစုမှာ ဘွဲ့ဓာတ်ပုံလေးတွေ စီတန်းချိတ်ထားကြရတာက အင်မတန်ဂုဏ်ယူစရာပဲမဟုတ်လားဗျ။ ပညာတတ်ဘွဲ့ရဆိုတာက ဘယ်လိုနေနေ လူရာဝင်တာပေါ့ဗျာ"

"အမလေးရှင်။ အခုခေတ်မှာ ဘွဲ့ရပညာတတ်တွေ ပေါမှပေါ ရှိပါတယ်။ အခမဲ့ ပညာရေးစနစ်နဲ့မို့ ပညာတတ်တွေအတော်လေး ထွက်လာခဲ့ပြီလေ"

"ဒီရက်ပိုင်း ကျွန်တော်စဉ်းစားနေတာ ဒီကိစ္စပဲဗျို့။ ဘွဲ့တော့ရထားပါလျက် ပညာမဲ့လုပ်ရပ်တွေလုပ်နေကြတဲ့ ပညာတတ်လူတန်းစားတွေကို မြင်တွေ့ပြီး သံဝေဂရမိပါတယ်ဗျာ"

"ဆိုပါဦးရှင့်။ ဘွဲ့ရပြီဆိုမှတော့ ဘယ်လိုလုပ် ပညာမဲ့ပါ့မလဲရှင့်။ ပညာရွှေအိုး လူမခိုးတဲ့ ရှင်မကြားဖူးဘူးလား"

"ပညာမှာ အသိပညာ၊ အတတ်ပညာရှိတယ်ဗျာ။ ဥပမာ လက်သမားပညာကိုတတ်တယ်၊ အဲဒါ အတတ်ပညာပေါ့ဗျာ။ အသိပညာကတော့ လက်တွေ့ဆည်းပူးကျွမ်းကျင်လာတဲ့အခါ အသိဉာဏ်နဲ့ပေါင်းစပ်ပြီး ပိုကောင်းတဲ့လက်ရာတွေ တီထွင်ဆန်းသစ်ကြတာမျိုးပေါ့။ အတတ်ပညာဆိုတာက ခုနက ခင်ဗျားပြောသလို တက္ကသိုလ်တွေ၊ ကောလိပ်တွေကနေ ဘွဲ့တွေပေးအပ်ပြီး ဒီလူကတကယ်ကို ပညာတွေ ရသွားပါပြီဆိုပြီး သင်ကြားပေးလိုက်တာပေါ့ဗျာ။ အသိပညာဆိုတာကတော့ ကျောင်းတွေတက်ပြီး သင်လို့ရတာ မဟုတ်ဘူးဗျ။ ဘဝတစ်လျှောက်လုံး ဆည်းပူးလေ့လာပြီး ထပ်မံပေါင်းစပ်၊ ဖြည့်စွက်ပြီး ဆင်ခြင်တုံတရားနဲ့ ရယူရတာဗျ။ အဲဒီလို အသိပညာမရှိရင် လူတစ်ရပ်လောက်ရှိတဲ့ ဘွဲ့လက်မှတ်မျိုးစုံကိုင်ထားရင်တောင် အတွေးအခေါ် အယူအဆမှန်ကန်တဲ့ ပညာရှင်မျိုးတော့ မဖြစ်လာနိုင်ဘူးပေါ့ဗျာ"

"စေ့စေ့တွေး ရေးရေးပေါ်ဆိုသလို ရှင်ပြောတာ ကျွန်မသိသလိုလိုပဲ"

"ခင်ဗျားပဲကြည့်လေ ကျွန်တော်တို့လေးစားရတဲ့ ဆရာဝန်ကြီးတွေဟာ ဆေးကုသပေးတဲ့နေရာမှာ ထိပ်တန်းပဲ။ ကိုဗစ်ရောဂါဖြစ်နေတဲ့လူတွေအပေါ်မှာလည်း သူတို့ကို ကျောင်းတော်ကြီးက သင်ပေးလိုက်တဲ့ အတတ်ပညာတွေနဲ့ စေတနာအပြည့် ကုသပေးကြတယ်။ ဒါပေမယ့် အခုလည်းကျရော ပြည်သူအားကိုးရတဲ့ ဆရာဝန်ကြီးတစ်ဦးဆိုရင် တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူတွေ အေးချမ်းသာယာမှုပျက်ပြားအောင် ခံစားချက်ကို လောင်စာလို သဘောထားပြီး မီးတင်ရှို့နေတာမြင်ရတော့ အတော်လေး ဝမ်းနည်းမိတယ်ဗျာ။ မှန်ကန်တဲ့အသိ၊ မှန်ကန်တဲ့အတွေး ရှိစေချင်လိုက်တာဆိုတဲ့ ခံစားမှုနဲ့ပေါ့ဗျာ"

"ဒါတော့မှန်တယ်ရှင့်။ ဘွဲ့တွေတစ်သီတစ်တန်းကြီးရထားပြီး တိုင်းပြည်ကို အဆိပ်သင့်အောင်၊ ပြည်သူကို လမ်းပေါ်ဆွဲထုတ်၊ မဟုတ်မမှန်တဲ့သတင်းတွေ ဖြန့်ချိ၊ ဒေါသမှိုင်းတိုက်ပြီး ကလေးတွေ သေဆုံးတဲ့အခါ မသေအောင်ကာကွယ်မပေးတဲ့အပြင် ဝမ်းနည်းပါတယ်တို့၊ နွေဦးသူရဲကောင်းတို့ဆိုပြီး မြှောက်ပေးနေတဲ့အထဲ ဘွဲ့ရပညာမတတ်တွေ ပါလာတာတော့ စိတ်ပျက်မိတယ်ရှင့်"

"လူငယ်တွေကို လမ်းမှန်ညွှန်ပြနေတဲ့ ဆရာ၊ ဆရာမအချို့ဆိုရင် နိုင်ငံမတည်ငြိမ်ဖို့ လွယ်လွယ်လေးပြောနေကြတာ ကြားရတယ်။ ဆရာဝန်တွေက ဆေးမကုဘဲ နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်နေကြတယ်။ ပြည်သူတွေကို ခွန်အားပေးတဲ့ စာရေးဆရာတွေလို့ ထင်ထားသူအချို့ဆိုရင်လည်း ခွန်အားပေးတဲ့၊ အသိဉာဏ်ပေးတဲ့စာတွေ ပိုရေးရမယ့်အချိန်မှာ ပြည်သူထိခိုက်အောင် မြှောက်ပေးနေတဲ့ အဆိပ်သင့်စာတွေ ရေးနေတာမြင်ရတယ်။ ဖေ့စ်ဘွတ်မှာ ဆရာဝန်တစ်ယောက် ကလေးတွေကို တောခိုဖို့ မြှောက်ပေးနေတာ၊ ပြည်သူတွေကို လက်နက်ပုန်းလုပ်နည်းတွေ မျှဝေတာ၊ မဟုတ်မမှန်တဲ့ ကောလာဟလသတင်းတွေကို တွင်တွင်ကြီး မျှဝေပေးနေတာတွေ မြင်နေရတယ်။ ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးနေတယ်လို့ ကျွန်တော်ကတော့ ထင်တာပဲ"

"ပညာတတ်တွေ မျက်စိကန်းရင် ရိုးရိုးမကန်းဘူး စုံလုံးကန်းတော့တာပဲ။ ပညာတတ်ဆိုပြီး မာန်နဲ့ခံနေတော့ အမှားအမှန်ထောက်ပြလည်း သိပ်ပြီးလက်သင့်မခံတတ်ကြဘူးလေ။ အချိန်လွန်မှ နောင်တတွေရကြမှာမျိုး မဖြစ်စေချင်ဘူး"

"လက်ရှိအခြေအနေကိုသုံးသပ်ရရင် ဆေးစက်ကျရာ အရုပ်ထင်တာပဲလေ။ မဲမသမာမှုကနေစတဲ့ ဓာတ်လမ်းဆိုတာ လက်ခံရမှာပဲမဟုတ်လား။ အစကတည်းက အမြော်အမြင်ရှိရှိနဲ့ စနစ်ကျနခဲ့မယ်ဆိုရင် တပ်မတော်အနေနဲ့ လက်မခံစရာ ဘာမှမရှိတာကို ပြီးခဲ့တဲ့ အစိုးရက ကမောက်ကမလုပ်ချင်တိုင်း လုပ်ခဲ့ကြတာလေဗျာ။ ဒီလိုအခြေအနေမှာ တည်ငြိမ်မှုရှိအောင်၊ အေးချမ်းအောင်၊ ရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီလမ်းကြောင်း မတိမ်းမယွင်းအောင် နိုင်ငံတော်ကို တာဝန်ယူထားတဲ့ပုဂ္ဂိုလ်တွေနဲ့အတူတူ လက်တွဲထိန်းသိမ်းပေးကြရမှာက ပညာတတ်တွေ ဖြစ်သင့်တာပေါ့ဗျာ"

"ထိခိုက်မှုအနည်းဆုံးနဲ့ အရေးပေါ်ကာလကို ဖြတ်သန်းပြီး မြန်မြန်ဆန်ဆန်ကြီး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီး ကျင်းပစေချင်လှပါပြီရှင်။ ကေန္တပညာတတ်တွေကို ခါးပိုက်ထဲထည့်ထားပြီး နောက်ကွယ်ကနေ မြှောက်ပေးနေတဲ့ ပြည်ပအုပ်စုတွေ လက်ချက်လားမသိဘူးနော်"

*စာမျက်နှာ ၂၆ သို့*

"ပညာမှာ အသိပညာ၊ အတတ်ပညာရှိတယ်ဗျာ။ ဥပမာ လက်သမားပညာကို တတ်တယ်၊ အဲဒါ အတတ်ပညာပေါ့ဗျာ။ အသိပညာကတော့ လက်တွေ့ဆည်းပူးကျွမ်းကျင်လာတဲ့အခါ အသိဉာဏ်နဲ့ ပေါင်းစပ်ပြီး ပိုကောင်းတဲ့လက်ရာတွေ တီထွင်ဆန်းသစ်ကြတာမျိုးပေါ့။ အတတ်ပညာဆိုတာက ခုနက ခင်ဗျားပြောသလို တက္ကသိုလ်တွေ၊ ကောလိပ်တွေကနေ ဘွဲ့တွေပေးအပ်ပြီး ဒီလူက တကယ်ကို ပညာတွေရသွားပါပြီဆိုပြီး သင်ကြားပေးလိုက်တာပေါ့ဗျာ။ အသိပညာဆိုတာကတော့ ကျောင်းတွေတက်ပြီး သင်လို့ရတာမဟုတ်ဘူးဗျ။ ဘဝတစ်လျှောက်လုံး ဆည်းပူးလေ့လာပြီး ထပ်မံပေါင်းစပ်၊ ဖြည့်စွက်ပြီး ဆင်ခြင်တုံတရားနဲ့ ရယူရတာဗျ။ အဲဒီလို အသိပညာမရှိရင် လူတစ်ရပ်လောက်ရှိတဲ့ ဘွဲ့လက်မှတ်မျိုးစုံကိုင်ထားရင်တောင် အတွေးအခေါ် အယူအဆမှန်ကန်တဲ့ ပညာရှင်မျိုးတော့ မဖြစ်လာနိုင်ဘူးပေါ့ဗျာ"

"လူငယ်တွေကို လမ်းမှန်ညွှန်ပြနေတဲ့ ဆရာ၊ ဆရာမအချို့ဆိုရင် နိုင်ငံမတည်ငြိမ်ဖို့ လွယ်လွယ်လေးပြောနေကြတာ ကြားရတယ်။ ဆရာဝန်တွေက ဆေးမကုဘဲ နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်နေကြတယ်။ ပြည်သူတွေကို ခွန်အားပေးတဲ့ စာရေးဆရာတွေလို့ ထင်ထားသူအချို့ဆိုရင်လည်း ခွန်အားပေးတဲ့၊ အသိဉာဏ်ပေးတဲ့စာတွေ ပိုရေးရမယ့်အချိန်မှာ ပြည်သူထိခိုက်အောင် မြှောက်ပေးနေတဲ့ အဆိပ်သင့်စာတွေ ရေးနေတာမြင်ရတယ်။ ဖေ့စ်ဘွတ်မှာ ဆရာဝန်တစ်ယောက် ကလေးတွေကို တောခိုဖို့မြှောက်ပေးနေတာ၊ ပြည်သူတွေကို လက်နက်ပုန်းလုပ်နည်းတွေ မျှဝေတာ၊ မဟုတ်မမှန်တဲ့ ကောလာဟလသတင်းတွေကို တွင်တွင်ကြီးမျှဝေပေးနေတာတွေ မြင်နေရတယ်။ ဆင်ခြင်တုံတရားတွေ ပျောက်ဆုံးနေတယ်လို့ ကျွန်တော်ကတော့ ထင်တာပဲ"

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် မတ် ၁၈**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်နေ့မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးမြို့ပေါ်ရှိ ဈေးများနှင့် ယာဉ်ရပ်နားစခန်းများတွင် အများပြည်သူများ အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှားလျက်ရှိ



**နေပြည်တော် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့တွင် CDM လှုပ်ရှားမှုကို အခြေခံ၍ ဆူပူအကြမ်းဖက်မှုလုပ်ငန်းများ ဆောင်ရွက်၍ လူထုအုံကြွမှုများ ဖြစ်ပေါ်စေရေး နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူများ လုံခြုံမှုရှိပြီး စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း လှုပ်ရှားသွားလာနိုင်ရေးအတွက် နေ့ညမပြတ် ပတ်ကင်း၊ လှည့်ကင်းများဖြင့် စနစ်တကျဆောင်ရွက်ခြင်း၊ ဆူပူအကြမ်းဖက်သူများကို တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းခြင်း၊ လမ်းများတွင် ပိတ်ထားသည့် အတားအဆီးများကို တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လူအင်အား၊ စက်အင်အားများဖြင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ရပ်ကွက်၊ ကျေးရွာများတွင် အုပ်ချုပ်မှုယန္တရား ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာ စီမံအုပ်ချုပ်ရေးရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် မန္တလေးမြို့ပေါ်နှင့် မြို့နယ်များအတွင်း၌ ယခုအခါတွင် အေးချမ်းတည်ငြိမ်လျက်ရှိသဖြင့် အများပြည်သူများမှာ စိတ်အေးချမ်းသာစွာဖြင့် ဈေးများ၊ ခရီးသွားလာမှုများနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ ပုံမှန်လုပ်ကိုင်လျက်ရှိသောကြောင့် ဈေးများတွင် ဈေးသည်များနှင့် ဝယ်ယူသူများဖြင့်လည်းကောင်း၊ ယာဉ်ရပ်နားစခန်းများရှိ မန္တလေးမြို့တွင်းခရီးသည်တင် မော်တော်ယာဉ်အသင်း ၂၄ သင်းရှိသည့်အနက် ရှစ်သင်းမှ မော်တော်ယာဉ် ၃၄ စီးဖြင့်လည်းကောင်း၊ ချမ်းမြရွှေပြည်၊ သီရိမန္တလာ၊ ပြည်ကြီးမျက်ရှင်၊ ဒေါနဘွား၊ မဟာအောင်မြေ အစရှိသည့်အဝေးပြေးကားဝင်းများတွင် အဝေးပြေးယာဉ် အသင်း ၅၀၈ သင်းရှိသည့်အနက် ၂၀၁ အသင်းမှ မော်တော်ယာဉ် ၃၇၁ စီးဖြင့်လည်းကောင်း ပြေးဆွဲလျက်ရှိရာ ခရီးသွားလာပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် ပုံမှန်အတိုင်း လှုပ်ရှားသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၅ မှ*

“ဒါကိုလည်း ကြိုတင်မြော်မြင်လို့ နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီက အရေးယူဆောင်ရွက်နေတာပေါ့ဗျာ။ ဘဏ်စာရင်းတွေ စစ်ဆေးတယ်၊ အချိတ်အဆက်တွေကို စိစစ်ဖော်ထုတ်နေတယ်။ ပညာတွေမိုးပျံအောင်တတ်ပေမယ့် အသိဉာဏ်မျက်စိကို အမှောင်ဖုံးနေတဲ့ ဘွဲ့ရပညာမတတ်သူတွေကိုလည်း သတိပေးတာတွေ၊ ဖမ်းဝရမ်းထုတ်တာတွေကို ဆောင်ရွက်နေပါပြီဗျ”

“ဖေ့စ်ဘွတ်မှာ ကြေညာချက်တွေ အမျိုးမျိုးထုတ်တဲ့အထဲ အဲဒီလိုလူတွေရဲ့တရားမဝင်ကြေညာချက်တွေက ရယ်စရာလည်းကောင်းတယ်ရှင့်။ CDM တံခါးကြီးပိတ်မယ်ပြောလို့ ကျွန်မဖြင့် စိတ်ပူလိုက်ရတာ။ နောက်ရက်လည်းကျရော တံခါးဆက်ဖွင့်ထားမယ်တဲ့။ ပိတ်ရက်တွေပေးလိုက်တယ် ရုံးမတက်နဲ့တဲ့။ ပြီးတော့ ဝန်ထမ်းအိမ်ရာတွေကနေ ဖယ်စရာမလိုဘူးတဲ့။ ဖယ်ခိုင်းရင် ပြည်သူက ဝန်းရံတိုက်ထုတ်ကြတဲ့လေ။ ပညာရှိတစ်ယောက်ဟာ အခုတစ်မျိုး၊ တော်ကြာတစ်မျိုး ပြောနေတော့ ဘယ်လိုယုံစားရတော့မလဲရှင့်။ ပြီးတော့ လက်နက်၊ တိုက်ခိုက်မှုပညာ ဘာတစ်ခုမှမရှိတဲ့ပြည်သူကို တိုက်ထုတ်ဖို့မြှောက်ပေးနေတော့ လုံခြုံရေးတွေကိုချမယ် တီးမယ်ဖြစ်ရော၊ တိုင်းပြည်ဆူဆူပူပူနဲ့ မတည်မငြိမ်ဖြစ်လာရင် အဓိကရုဏ်းကြားမှာ တောကြောင်တွေ ပါလာနေတာကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ထိန်းသိမ်းရပြီလေ။ အဲဒီကျတော့ RIP ပါ ကလေးတို့ဆိုပြီး နောက်ထပ်အသေခံမယ့် သူရဲကောင်းဆိုပြီး ထပ်ထွက်လာအောင် မြှောက်ပေးကြပြန်ရောနဲ့ တော်တော်ကို ခက်ရချည်သေးရဲ့”

“ဒါကြောင့် ဘွဲ့ရပြီးရင် စာတတ်ဖို့လည်း လိုတယ်ဗျ။ စာဆိုမှ အလွတ်ကျက်ပြီး ကြက်တူရွေးလိုဆိုတတ်တဲ့ စာကိုပြောတာတော့ မဟုတ်ဘူးနော်။ ဝေဖန်ပိုင်းခြားနိုင်တဲ့ ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်ပညာကိုပြောတာပါ။ ကဲ ..ကဲ စကားလည်းကောင်းပေမယ့် ကျွန်တော်လည်း ဘွဲ့လက်မှတ်ကလေးတွေ ဖုန်ပြန်သုတ်ထားလိုက်ဦးမယ်”

“ကောင်းပါပြီရှင်။ ဘွဲ့လက်မှတ်အောက်မှာ **“ဘွဲ့ရပညာမတတ် မဟုတ်ပါ”** လို့ စာတန်းလေးပါ ဆွဲထားလိုက်ပေါ့ရှင်”

ကိုသံချောင်းကတော့ မစာဥရဲ့ စကားကို အပြုံးမျက်နှာဖြင့် ခံယူရင်း အောင်ကိုလတ်၏ ကိုဘီအေသီချင်းဖြစ်တဲ့ “...အောဘီစီဒီမတတ်ဘဲနဲ့ အရပ်ထဲ ကိုဝင်၊ မေရယ် ရှောင်ဖယ်၊ ခက်တယ်သက်လှယ်...” ကို ညည်းဆိုရင်း ပြန်သွားခဲ့ပါကြောင်း။ ။

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ်၊ မြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သောလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှုအခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရှင်းရှင်းနီးနီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒီမိုကရေစီကို ခုတုံးလုပ်ပြီး မင်းမဲ့စရိုက်ဆန်တဲ့ လုပ်ရပ်တွေ လုပ်နေတာဟာ အတော်လေးကို ဆိုးရွားတယ်လို့ အဒေါ်ကတော့ မြင်တယ်

ဒေါ်မြင့်သူဇာဝင်း

အင်တာဗျူး - ထိုက်အောင်ဝင်း

**တိုင်းပြည် အေးချမ်းတည်ငြိမ်မှုကို မလိုလားသော လူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ လူငယ်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သွေးထိုးပေးခဲ့သည့် CDM လှုပ်ရှားမှုသည် အောင်မြင်မှုမရှိခဲ့၍ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ ပြည်သူအများ သွားလာနေသော လမ်းမများပေါ်တွင် ပိတ်ပင်တားဆီးမှုများ လုပ်ဆောင်နေခြင်း၊ ရုံးတက်နေသော ဝန်ထမ်းအများစုနှင့် ပြည်သူများအား အနှောင့်အယှက်ပေးနေခြင်းစသည့် အဖျက်အမှောင့် လုပ်ရပ်များပြုလုပ်နေခြင်းနှင့်ပတ်သက်၍ လတ်တလော ကြုံတွေ့ခံစားနေရသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ပြန်လည်မျှဝေရေးသား ဖော်ပြလိုက်ပါသည်။**

### ပိုပြီးအရုပ်ဆိုးအကျည်းတန်မှုတွေဖြစ်

"အခုရက်ပိုင်းအတွင်း CDM လှုပ်ရှားမှုရယ်လို့ လမ်းမတွေပေါ်မှာ ဆူပူအုံကြွမှု တဖြည်းဖြည်း နည်းလာပေမယ့် မင်းမဲ့စရိုက်ဆန်ဆန် လမ်းတွေပိတ်ဆို့လာတာကို တွေ့မြင်နေရသေးတယ်။ ရပ်ကွက်လုံခြုံရေးကို အကြောင်းပြုပြီး ရပ်ကွက်အတွင်း လမ်းသွယ်တွေသာမက အများသူငါ သွားလာတဲ့လမ်းမတွေကိုပါ ပြောင်ပြောင်တင်းတင်း ပိတ်ဆို့လာကြတယ်။ အခုဆို ကားတွေ၊ လူတွေက ရှောင်ကွင်းပြီးသွားနေရတာ။ တချို့လမ်းမကြီးတွေပေါ်မှာဆို မိန်းကလေးထဘီတွေပါ ကြိုးတွေ တန်းပြီး သွားလာလို့အဆင်မပြေအောင် လုပ်နေကြတာတွေ ရှိနေသေးတယ်။ ဒါတွေက တကယ်တော့ CDM လှုပ်ရှားမှုကို ပိုပြီး အရုပ်ဆိုး အကျည်းတန်မှုတွေဖြစ်ပေါ်စေတာ အမှန်ပါပဲ။ အဲဒီလို လုပ်ဆောင်နေကြတာတွေဟာ ပြည်သူတွေကိုပဲ ထိခိုက်စေတာပါ။ ဒီလုပ်ရပ်တွေဟာ CDM လှုပ်ရှားမှုနောက်ကွယ်က မင်းမဲ့စရိုက်ဆန်မှု လုပ်ရပ်တွေလို့ပဲ မြင်ပါတယ်။

### တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ လုပ်ရပ်

" အခု ပြည်သူတွေ အခက်အခဲဖြစ်နေကြရတာ အဲဒီလို လုပ်ဆောင်နေတဲ့သူတွေကို ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်စေချင်တယ်။ ဆက်သွယ်တိုင်ကြားသတင်းပို့နိုင်တဲ့ ဖုန်းတွေ ထုတ်ပြန်ထားပေမယ့် ဖုန်းဆက်လိုက်ရင် တစ်ဆင့်လွှဲတာတွေက များနေတယ်။ တရားဥပဒေနဲ့အညီ မြေပြင်မှာ တကယ်ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းစေချင်တယ်။ အဲဒီလမ်းမတွေပေါ် ပိတ်ဆို့မှုတွေမှာ ဦးဆောင်လုပ်တဲ့သူတွေကို ထိထိရောက်ရောက် အရေးမယူတော့ ခုဟာက မထိရောက်ဘူးဖြစ်နေတာ။ အခုဟာက လမ်းတွေမှာဖြတ်သန်းသွားလာနေတဲ့ ကားတွေကိုတောင် သူတို့က တာဝန်ရှိယာဉ်ထိန်းရဲတွေလို ပြောင်ပြောင်တင်းတင်း သွားမရဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ လုပ်နေကြတာတွေဟာ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့လုပ်ရပ်တွေ ဖြစ်နေပြီ။ အဲဒီလို ရပ်ကွက်တွေထဲက အများသူငါသွားတဲ့လမ်းတွေ ပိတ်တာတွေကို သေသေချာချာကိုင်တွယ် ဖြေရှင်းသင့်နေပြီလို့ မြင်ပါတယ်" ဟု တာမွေမြို့နယ်အတွင်း နေထိုင်သည့် ဦးထွန်းလင်း(အမည်လွှဲ)က CDM လှုပ်ရှားမှုအကြောင်းပြကာ လမ်းမကြီးများပေါ်၌ ပိတ်ဆို့တားဆီးနေမှုများနှင့် ပတ်သက်၍ သူ့အမြင်ကို ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင်း၌ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ လမ်းပိတ်ဆို့မှုများကို တရားဝင်ခွင့်ပြုထားသကဲ့သို့ ပေါ်ပေါ်တင်တင် လုပ်ဆောင်လာကြသည်။ ရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေးမှ ဝန်ထမ်းများက ပိတ်ဆို့နေသောလမ်းများကို အလျဉ်းသင့်သလို ဖယ်ရှားဆောင်ရွက်ပေးနေသော်လည်း ပိတ်ဆို့မှုများကို ထပ်ခါထပ်ခါ ပြုလုပ်နေခြင်းကြောင့် လုပ်ဆောင်ချက်တိုင်းမှာ မထိရောက်ဘဲဖြစ်ပေါ်လျက်ရှိနေသည်။

### သူတို့လိုချင်တဲ့ ဒီမိုကရေစီကို ခုတုံးလုပ်

လသာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတစ်ခုတွင် ဦးစီးမှူးတာဝန်ထမ်းဆောင်နေသော ဒေါ်မြင့်သူဇာဝင်း (အမည်လွှဲ)က " အခုရက်ပိုင်းအတွင်း ရုံးသွား/ရုံးပြန် ဝန်ထမ်းကြိုပို့ (ဖယ်ရီ)ကားကို အေးအေးချမ်းချမ်းနဲ့ ကောင်းကောင်းမွန်မွန်ကို စီးရတယ်မရှိဘူး။ ဟိုလမ်းက ပိတ်လိုက်၊ ဒီလမ်းကြားက ပိတ်လိုက်နဲ့။ အများသူငါ သွားတဲ့လမ်းကို အခုလို ပိတ်ပင်တားမြစ်ရင်၊ သူတစ်ပါးကို အကြောင်းမဲ့ ဒုက္ခပေးရင် ဘယ်လိုတွေ ပြန်ခံစားရမယ် ဆိုတာကို လုပ်တဲ့သူ တွေကိုယ်တိုင် မသိတာလည်း မဟုတ်ဘူး။ သိသိကြီးနဲ့ လုပ်နေကြတာ။ တကယ်တော့ ဒီမိုကရေစီကို ခုတုံးလုပ်ပြီး မင်းမဲ့စရိုက်ဆန်တဲ့လုပ်ရပ်တွေ ကျူးလွန်နေတာဟာ အတော်လေးကို ဆိုးရွားတယ်လို့ အဒေါ်ကတော့ မြင်တယ်။

### နောက်ကွယ်ကနေ ကြိုးကိုင်ပြီး လူငယ်တွေကို မြှောက်ပေး

"နိုင်ငံရေးစိတ်ဝင်စားလို့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်စိတ်နဲ့ကိုယ် နိုင်ငံရေးလှုပ်ရှားမှုမှာ ပါဝင်တာကို မပြောလို၊ မဝေဖန်လိုပါဘူး။ ဒါပေမယ့် အဲဒီလို အေးအေးချမ်းချမ်းလမ်းထွက် ဆန္ဒထုတ်ဖော်တဲ့သူတွေက အခုလိုလမ်းတွေပိတ်ဆို့တဲ့ မင်းမဲ့စရိုက်ဆန်တဲ့လုပ်ရပ်တွေ မလုပ်ဘူး။ နောက်ကွယ်ကနေ ကြိုးကိုင်ပြီး လူငယ်တွေကို မြှောက်ပေးနေတဲ့ သူတချို့က လမ်းတွေပိတ်အောင် တချို့လူငယ်တွေကို ငွေနဲ့မက်လုံး အမျိုးမျိုးပေးပြီး စေခိုင်းနေတာကို အဒေါ်တို့ ကိုယ်တိုင်ကြားသိနေရတယ်။ လူငယ်တချို့ကလည်း ကိုဗစ်- ၁၉ ကာလအတွင်း ကတည်းက အလုပ်တွေကလည်း ရပ်ထားကြတော့ ငွေပြတ်နေကြတယ်။ ငွေရမယ်ပြောတော့ အကောင်း၊ အဆိုးမဝေခွဲနိုင်တော့ဘဲ ငွေမျက်နှာတစ်ခုတည်းကြည့်ပြီး လုပ်တော့တာပဲ။ တချို့လူငယ်တွေကျတော့လည်း အမြင်မှန်ရပြီး CDM လှုပ်ရှားမှုထဲတောင် မပါဝင်တော့တာတွေ့ရတယ်" ဟု ရန်ကုန်မြို့တွင်း အဖျက်အမှောင့်လုပ်ရပ်များနှင့် ပတ်သက်၍ သူမအမြင်ကို ဖွင့်ဟသည်။

### အဖျက်အမှောင့် လုပ်ရပ်တွေက

"ဒီလမ်းတွေပိတ်တာတွေ၊ ရပ်ကွက်လမ်းတွေ လုံခြုံရေးအကြောင်းပြပြီး လူတစ်စုက အမျိုးမျိုး ခြယ်လှယ်နေတာတွေကို ကျွန်တော် မနှစ်မြို့တော့ဘူး။ ကျွန်တော်တို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေက အတော်လေးကို အကျပ်ရိုက်နေပြီ။ တကယ်ဆို ကျွန်တော်တို့ ရုံးဖွင့်ရက်ကလေးတွေကို ဦးစားပေး ငွေရှာရတာ။ ကိုဗစ်- ၁၉ ကပ်ရောဂါက တစ်မျိုး၊ ဒီ CDM လှုပ်ရှားမှုက တစ်ဖုံနဲ့ အလုပ်လုပ်ရတယ်ကို မရှိတော့ဘူး။ ခုဆိုရင် ဆန္ဒပြတာ နည်းနည်းငြိမ်တော့ လမ်းပိတ်တဲ့ အဖျက်အမှောင့်လုပ်ရပ်တွေက ဆက်လုပ်လာပြန်ရော၊ မနေ့ကဆို မြို့တွင်းကနေ တာမွေဘက်ကို ခရီးသည်နှစ်ယောက်ရလို့ လိုက်ပို့ပေးပါတယ်။ ခရီးသည်တွေကို လမ်းထိပ်အထိပဲ ချပေးခဲ့ရတယ်။ တော်တော်စိတ်မကောင်းဖြစ်ရတယ်။ ပြည်သူထဲက ပြည်သူတစ်ယောက် အနေနဲ့ တောင်းဆိုချင်တာက လမ်းတွေပိတ်တဲ့ အဖျက်အမှောင့် လုပ်ရပ်တွေကို အမြန်ဆုံး ရပ်စေချင်ပါတယ်"

### ပြည်သူတွေကို အမျိုးမျိုး ဒုက္ခရောက်အောင်

" ဒီနေ့လည်း မြောက်ဥက္ကလာပဘက် ခရီးသည်ရလို့ သွားအပို့ လမ်းတစ်ဝက်ရောက်မှ သွားလို့မရဘူး။ အဲဒါနဲ့ အခြားလမ်းဘက်ကနေ ပြန်ကွေ့မောင်းရတော့ ခရီးသည်လည်း မလိုအပ်ဘဲ အချိန်တွေကြန့်ကြာမှုဖြစ်သလို ကျွန်တော်တို့ တက္ကစီသမားတွေဘက်လည်း ကုန်ကျစရိတ်ပို ကျတာသွားတာပေ့ါ။ အခုနောက်ပိုင်း အတော်ဆိုးလာတယ်။ တစ်ဦးအပေါ်တစ်ဦး ကိုယ်ချင်းစာတရား တကယ်မရှိတော့တာ။ အခုလို လမ်းတွေလိုက်ပိတ်တော့လည်း သူတို့အတွက် ဘာမှထူးလာမှာ မဟုတ်ဘူး။ ပြည်သူတွေကို အမျိုးမျိုး ဒုက္ခရောက်အောင် တမင် ရည်ရွယ်လုပ်နေသလိုပဲ။ အဲဒါတွေကို သက်ဆိုင်ရာအနေနဲ့ ဥပဒေနဲ့အညီ အမှန်တကယ်ဖြေရှင်းကိုင်တွယ် ပေးသင့်နေပြီ" ဟု ရန်ကုန်မြို့တွင်း အငှားယာဉ်မောင်းတစ်ဦးဖြစ်သူ ဦးသူရဌေး (အမည်လွှဲ)က လမ်းများပိတ်ဆို့နေမှုများနှင့် ပတ်သက်၍ ကြုံတွေ့ ခံစားခဲ့ရသမျှကို ရင်ဖွင့်ခဲ့သည်။

ယခုအခါ နိုင်ငံတစ်ဝန်း CDM လှုပ်ရှားမှုမှ ဆင့်ပွားလာသော အဖျက်အမှောင့်လုပ်ရပ်များသည် ဒီမိုကရေစီလမ်းကြောင်းနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ အထူးသဖြင့် ရန်ကုန်မြို့ကဲ့သို့ လူဦးရေထူထပ်များပြားသော မြို့ကြီး၏ လမ်းမများပေါ် ယခုကဲ့သို့ တားဆီးပိတ်ဆို့မှုလုပ်ရပ်များသည် သူတို့ထိခိုက်စေချင်သူများကို မထိခိုက်စေဘဲ ခရီးသွားပြည်သူအများစုကိုသာ ကြီးမားသော ဂယက်ရိုက်ခတ်မှုဖြစ်ပေါ်စေကြောင်း ရေးသားလိုက်ရပါသည်။ ။

---


# ကော့သောင်းမြို့ (၁၀)မိုင်ကျေးရွာရှိ ဆူပူအကြမ်းဖက်သူတစ်စုက ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်နေသူအား ဓားဖြင့် ခုတ်သတ်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ နှစ်ဦးအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် (၁၀) မိုင် ကျေးရွာရှိ အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်အား မတ် ၁၂ ရက် ည ၉ နာရီ ၃၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူ တစ်စုက ဓားဖြင့် ဝင်ရောက်ခုတ်ခဲ့သဖြင့် သေဆုံးသွားခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ ၆ ဦးကို လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည့် သတင်းများအား မတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ထုတ်ပြန်ပြီးဖြစ်သည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီး ရရှိရေး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ မတ် ၁၇ ရက် ညနေ ၅ နာရီခွဲခန့်တွင် အဆိုပါကျူးလွန်မှုတွင် ပါဝင်ခဲ့သူ (၁၀)မိုင်ကျေးရွာနေ စိုင်းသူ(ဘ) ဦးစောနိုင်နှင့် ကျော်ဇင်ဝေ (ဘ)ဦးစောနိုင်တို့ ၂ ဦးအား ၎င်းကျေးရွာ၏ အပြင်ဘက် လက်ရိုက်အုတ်ဖိုနေရာ၌ ဓား ၂ ချောင်း၊ ဂတ်စ်ဘူးဖြင့်ထည့်၍ ပစ်ရသည့် လက်လုပ်သေနတ် ၁ လက်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ၁ လက်တို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။





စိုင်းသူနှင့် ကျော်ဇင်ဝေတို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အဆိုပါ ဖမ်းဆီးရမိသူအား တရားဥပဒေအရ အရေးယူနိုင်ရေး နှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ထပ်မံဖမ်းဆီးရမိရေး လိုအပ်သည်များ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တန်းဆင်းဇုန်အတွင်းက ဖူလ်ဟမ်ကို လိဒ်စ်အသင်းအနေနဲ့ ကျော်ဖြတ်သွားနိုင်မလား

## ပါးမားနဲ့တွေ့တိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ချိုးဖျက်ဖို့ ကြိုးစားလာမယ့် ဂျီနိုအာ





■ မိုးဇော်-စုစည်းသည်

**ဖူလ်ဟမ်** VS **လိဒ်စ်**

ပထမအကျော့ရလဒ် လိဒ်စ် ၄-၃ ဖူလ်ဟမ်

ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် ဖူလ်ဟမ်အသင်းနဲ့ လိဒ်စ်အသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် နံနက် ၂ နာရီခွဲမှာ ဖူလ်ဟမ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ဖူလ်ဟမ်အသင်းက ၂၉ ပွဲကစားပြီး ၂၆ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေပါတယ်။ လိဒ်စ်အသင်းက ၂၈ ပွဲကစားပြီး ၃၆ မှတ်နဲ့ အဆင့် (၁၂) နေရာမှာ ရပ်တည်နေပါတယ်။ ဖူလ်ဟမ်အသင်းရဲ့ လက်ရှိခြေစွမ်းက ပြီးခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲနိုင်ပြီး နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် တည်ငြိမ်မှုမရှိပါဘူး။ ပြိုင်ဘက် လိဒ်စ်အသင်းကလည်း ပြီးခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲသရေကျပြီး နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။

### ရလဒ်မကောင်းခဲ့

ဖူလ်ဟမ်အသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှ အမှတ်ပေးဇယားဦးဆောင်သူ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ပြီး သုံးဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားပါတယ်။ ဖူလ်ဟမ်အသင်းအနေနဲ့ အဆိုပါပွဲစဉ်မှာ ရှုံးနိမ့်ခဲ့တယ် ဆိုပေမယ့် ခြေစွမ်းကောင်းမွန်ခဲ့တာကို တွေ့ရတယ်။ အထူးသဖြင့် ခံစစ်မှ အန်ဒါဆင်၊ အဒါရာဘီယိုအို၊ တီတီတို့ ခြေစွမ်းပြသနိုင်ခဲ့တာကို တွေ့ရတယ်။ လိဒ်စ်အသင်းအနေနဲ့လည်း ပြီးခဲ့တဲ့ပွဲစဉ်မှာ အသင်းကြီး ချယ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဂိုးမရှိသရေကျခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့ပွဲစဉ်မှာ နှစ်သင်းစလုံး အသင်းကြီးတွေနဲ့ တွေ့ဆုံခဲ့ပြီး ရလဒ်မကောင်းခဲ့တာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ ယနေ့ပွဲစဉ်မှာတော့ ဖူလ်ဟမ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ ပွဲစဉ်မှ ရှုံးနိမ့်မှုကို ချေဖျက်ဖို့ ကြိုးစားလာမှာ ဖြစ်သလို လိဒ်စ်အသင်းကလည်း နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုကို ချေဖျက်ဖို့ကြိုးစားလာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဖူလ်ဟမ်အသင်းအနေနဲ့ အမှတ်ပေးဇယားမှာ တန်းဆင်းဇုန်အတွင်း ကျရောက်နေတာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် အသေအချာပြင်ဆင်လာမှာပါ။ လိဒ်စ်အသင်းကလည်း အနိုင်ရရှိအောင် အာရုံစိုက်ကစားလာမှာဖြစ်တာကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ ယနေ့ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းမှ ရိဒ်၊ ရိုဒက်ခ်၊ ကာနေတို့ ဒဏ်ရာကြောင့် ပါဝင်ကစားဖို့ မသေချာသလို လိဒ်စ်အသင်းမှလည်း ဖော်ရှော၊ ဟာနန်ဒက်ဇ်၊ ဘမ်းဖို့ဒ်တို့ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိပါဘူး။ ဖူလ်ဟမ်ရဲ့ ရုန်းအားကို ကြည့်ရမယ်။

**ပါးမား** VS **ဂျီနိုအာ**

ပထမအကျော့ရလဒ် ဂျီနိုအာ ၁-၂ ပါးမား

အီတလီစီးရီးအေပွဲစဉ် (၂၈) အဖြစ် ပါးမားအသင်းနဲ့ ဂျီနိုအာအသင်းတို့ပွဲစဉ်ကို မတ် ၂၀ ရက် နံနက် ၂ နာရီခွဲမှာ ပါးမားအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ပါးမားအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲတစ်ပွဲသာ ရရှိထားလို့ ခြေစွမ်းကျဆင်းနေပါတယ်။ အမှတ်ပေးဇယားမှာလည်း ၂၇ ပွဲကစားပြီး ၁၉ မှတ်နဲ့ တန်းဆင်းဇုန်အတွင်း ကျရောက်နေပါတယ်။ ပါးမားအသင်းအနေနဲ့ အဆိုပါ ၂၇ ပွဲမှာ တိုက်စစ်က ၂၅ ဂိုးသာရရှိထားပြီး ခံစစ်က ၅၂ ဂိုးအထိ ခွင့်ပြုပေးထားရတာကို တွေ့ရတယ်။ ဒါကြောင့် ပါးမားအသင်းအနေနဲ့ ယခုနှစ်ရာသီ စီးရီးအေမှာ တိုက်စစ်ရော ခံစစ်ပါ အားနည်းတဲ့အသင်းအဖြစ် ရှိနေတာဖြစ်ပါတယ်။

### ရမှတ်ကွာဟမှုကျဉ်းမြောင်း

ဂျီနိုအာအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲရရှိထားခြင်း မရှိဘဲ သုံးပွဲသရေကျထားပြီး နှစ်ပွဲရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျဆင်းနေပါတယ်။ အမှတ်ပေးဇယားမှာ ဂျီနိုအာအသင်းက ၂၇ ပွဲကစားပြီး ၂၈ မှတ်နဲ့ အဆင့် (၁၄) နေရာမှာ ရပ်တည်နေပါတယ်။ ဒါပေမယ့် တန်းဆင်းဇုန်အတွင်းမှ အသင်းများနဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာ သတိပြုရမယ်။ ဂျီနိုအာအသင်းအနေနဲ့ အူဒီးနိစ်အသင်းကို တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့တဲ့ပွဲစဉ်မှာ ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာနဲ့ ကစားထားနိုင်တာကို တွေ့ရတယ်။ ဒီနှစ်သင်း တွေ့ဆုံခဲ့တဲ့ ပထမအကျော့ ဂျီနိုအာအိမ်ကွင်းမှာ ပါးမားအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဒါ့အပြင် ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံခဲ့တဲ့ ငါးကြိမ်မှာလည်း ငါးကြိမ်စလုံးကို ပါးမားအသင်းက အနိုင်ရရှိထားတာကို တွေ့ရတယ်။ ဒါကြောင့် ဂျီနိုအာအသင်းအနေနဲ့ ပါးမားအသင်းနဲ့ တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်တာကို သတိပြုရမယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာတော့ ဂျီနိုအာအသင်းက ပါးမားအသင်းထက်မှာ ရပ်တည်ထားနိုင်တာကို တွေ့ရတယ်။ ယနေ့ပွဲစဉ်မတိုင်မီ ပါးမားအသင်းတွင် ကော်နီလီယပ်စ်၊ ဂါဗင်ဟို၊ ဗလင်နီ၊ ဂတ်လီအိုလို၊ အင့်ဂ်လိစ်တို့ ဒဏ်ရာကြောင့် ယနေ့ပွဲစဉ်ကို ပါဝင်ကစားဖို့ မသေချာပါဘူး။ ဂျီနိုအာအသင်းမှာ ပယ်လီဂရီနီတစ်ဦးလောက်သာ ဒဏ်ရာရကစားသမားအနေနဲ့ ရှိပါတယ်။ မည်သို့ပင်ဆိုစေ တန်းဆင်းဇုန်အတွင်းက ရုန်းထွက်ဖို့ကြိုးစားလာမယ့် ပါးမားအသင်းရဲ့ အနေအထားကို စောင့်ကြည့်ရမယ်။

## နောက်ဆုံးရ သတင်းတိုများ

■ ဒေါ့မွန်အသင်းသည် လီဗာပူးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား အိုရီဂီ (၂၅နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေပြီး နွေရာသီတွင် အဆိုပါ ကစားသမားကို ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း သိရသည်။ အိုရီဂီသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် လီဗာပူးအသင်းအတွက် ကိုးပွဲသာ ပါဝင်ကစားခွင့် ရရှိထားသေးသည်။

■ အာဆင်နယ်နှင့် အီဂျစ်ကွင်းလယ်ကစားသမား အယ်နီနီ (၂၈နှစ်) သည် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အယ်နီနီသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် အာဆင်နယ်အသင်းအတွက် ၁၆ ပွဲ ပါဝင်ကစားခွင့် ရရှိထားသူဖြစ်သည်။

■ စပိန်လာလီဂါ ပွဲစဉ် (၂) ပွဲကျန်အဖြစ် ဆီဗီလာအသင်းနှင့် အယ်ချီအသင်းတို့ပွဲစဉ်ကို မတ် ၁၈ ရက် နံနက်အစောပိုင်းက ဆီဗီလာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဆီဗီလာအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဆီဗီလာအသင်းအတွက် ဂိုးများကို နက်စ်ရီနှင့် ဗက်စ်ကွက်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ယခုအနိုင်ပွဲကြောင့် ဆီဗီလာအသင်းသည် လာလီဂါ ၂၇ ပွဲ ကစားပြီး ၅၄ မှတ်နဲ့ အဆင့် (၄) နေရာတွင် ရပ်တည်လာနိုင်ခဲ့သည်။




■ ချယ်ဆီးနှင့် ဂျာမနီခံစစ်ကစားသမား ရူဒီဂါ (၂၈နှစ်) က ပီအက်စ်ဂျီနှင့် စပါးအသင်းတို့အနေဖြင့် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ၎င်းကို အငှားဖြင့် ခေါ်ယူရန် ဆန္ဒရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

■ ဂျူဗင်တပ်စ်အသင်းသည် အသင်းမှ အာဂျင်တီးနားတိုက်စစ်ကစားသမား ဒိုင်ဘာလာ (၂၇နှစ်) ကို ရောင်းထုတ်ရန် ပြင်ဆင်နေကြောင်း၊ အဆိုပါ ကစားသမားကို စပါးနှင့် ချယ်ဆီး အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

■ လီဗာပူးအသင်းနည်းပြ ကလော့ပ်သည် ၎င်းအနေဖြင့် လီဗာပူးအသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက ဘောလုံးလောကမှ တစ်နှစ် အနားယူဖွယ်ရှိသည်ဟု ထုတ်ဖော်ပြောကြားလိုက်သည်။ ကလော့ပ်၏ လီဗာပူးအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေသည့် အသင်းဖြစ်သည်။

# စိစစ်ဆဲအကြမ်းဖက်အဖွဲ့က ဘောနတ်ကြီးကျေးရွာရှိ နယ်မြေခံအမြောက်တပ်ရင်းများသို့ ၁၀၇ မမ ရှော့တိုက်ဗုံးများဖြင့် နှောင့်ယှက်ပစ်ခတ်၊ မော်လမြိုင်မြို့ရှိ လူနေရပ်ကွက်များကို ချိန်ကိုက်စနစ်ဖြင့် ပစ်ခတ်ရန်ချိန်ရွယ်ထားသည့် ၁၀၇ မမ ရှော့တိုက်ဗုံးများတွေ့ရှိ

**နေပြည်တော် မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးတိုက်နယ် ဘောနတ်ကြီးကျေးရွာအုပ်စုဘောနတ်ကြီးကျေးရွာရှိ နယ်မြေခံတပ်ရင်းသို့ ယနေ့ နံနက်စောပိုင်းတွင် ခေါင်းဆောင်နှင့် အင်အား(စိစစ်ဆဲ)အကြမ်းဖက်အုပ်စုများက မြို့ပြများ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်ခြင်း၊ ဆူပူအကြမ်းဖက်မှုကို မလိုလားသော ပြည်သူများကို အထိတ်တလန့်ဖြစ်စေရေး ရည်ရွယ်ချက်များဖြင့် ရန်ကုန်- မန္တလေးအဝေးပြေးလမ်းမကြီးဘေးရှိ ဝါးကတုတ်ဆည်ပေါ်နှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်မှ နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ပစ်ခတ်မှုကြောင့် နယ်မြေခံတပ်ရင်းနှင့် အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ ၁၀၇ မမ ရှော့တိုက်ဗုံးသီး ၄ လုံး ကျရောက်ပေါက်ကွဲခဲ့သော်လည်း လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

အဆိုပါအကြမ်းဖက်အဖွဲ့သည် အများပြည်သူ ထိတ်လန့်တုန်လှုပ်စေရန်၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး ၎င်းတို့ ဆုတ်ခွာရာနောက်သို့ တပ်မတော် စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိကြောင်းနှင့် ပစ်ခတ်ခဲ့သည့်အနီးပတ်ဝန်းကျင်နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ပစ်ခတ်ရန် အသင့်ဖြစ်နေသည့် ၁၀၇ မမ ရှော့တိုက်ဗုံးသီး ၂ ခုအား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မော်လမြိုင်မြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့နံနက် ၈ နာရီခွဲခန့်တွင် (စိစစ်ဆဲ)အကြမ်းဖက်အဖွဲ့က မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ပေါ်တွင် လူနေရပ်ကွက်များကို ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် အချိန်ကိုက်စနစ်ဖြစ် ပစ်ခတ်ရန် စီမံထားသော ၁၀၇ မမ ရှော့တိုက်ဗုံး ၂ လုံးတွေ့ရှိခဲ့ရသဖြင့် အများပြည်သူများ အန္တရာယ်



ချိန်ကိုက်စနစ်ဖြင့် ပစ်ခတ်ရန် ချိန်ရွယ်ထားသည့် ၁၀၇ မမ ရှော့တိုက်ဗုံးများကို တွေ့ရစဉ်။

မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ် သိမ်းဆည်းနိုင်ခဲ့ကြောင်းနှင့် တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူမြို့ မြို့မရဲစခန်းအတွင်းရှိ အိမ်ထောင်သည် လိုင်းခန်းများကို မီးရှို့ရန်လုပ်ဆောင်သူ ၂ ဦးဖမ်းဆီးရမိ၊ တောင်သာမြို့နယ် မင်းကန်ကျေးရွာနှင့် မကျီးရိုးကျေးရွာကြားရှိ မီးတိုင်များကို ဖျက်ဆီး

**နေပြည်တော် မတ် ၁၈**

နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုမလိုလားသည့် လူစုလူဝေးများအနေဖြင့် မသမာသူတို့၏ နောက်ကွယ်မှ သွေးထိုးစည်းရုံး လှုံ့ဆော်မှုများဖြင့် လမ်းမပေါ်သို့ လူအုပ်စုများရောက်ရှိအောင် ဆူပူအကြမ်းဖက်မှုများ မဖြစ်



ဆူပူအကြမ်းဖက်သူများ ဖြိုလှဲခဲ့သည့် မီးတိုင်များအား ပြန်လည်စိုက်ထူပြင်ဆင်ကြစဉ်။

ဖြစ်အောင် ဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိပ်တိုက်ရန်ပြု၍ မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်မှုများနှင့် ရဲတပ်ဖွဲ့စခန်းများသို့ စီးနင်းဝင်ရောက်အကြမ်းဖက် ရန်ပြုခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၇)ရပ်ကွက် ပခုက္ကူမြို့မရဲစခန်းအတွင်းရှိ အိမ်ထောင်သည်လိုင်းခန်းအနီးသို့ အမည်မသိအကြမ်းဖက်လူ ၂ ဦးက ပုလင်းအတွင်း ဓာတ်ဆီထည့် မီးစာတပ် မီးရှို့၍ ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေဖမ်းဆီးရာ အဆိုပါ ရပ်ကွက်အတွင်းရှိ တပ်မလမ်း၌ ငြိမ်းချမ်းအောင်(ဘ) ဦးကျော်ဇင်ဌေး အသက် ၂၄ နှစ်နှင့် စိုးသီဟ(ဘ)ဦးဘိုလေး အသက် ၂၇ နှစ်တို့ ၂ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ အကြမ်းဖက်သူများကို ပခုက္ကူမြို့မရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



မီးရှို့ရန်လုပ်ဆောင်သူတစ်ဦး။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် မင်းကန်ကျေးရွာနှင့် မကျီးရိုးကျေးရွာကြားရှိ ဓာတ်မီးတိုင် ၆ တိုင်ကို မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ဆူပူအကြမ်းဖက် လူတစ်စုက မင်းမဲ့စရိုက်ဆန်စွာ ဖျက်ဆီးဖြိုလှဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖျက်ဆီးခဲ့သည့် ဓာတ်မီးတိုင်များကို အစားထိုးပြင်ဆင်နိုင်ရေးအတွက် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးအရေးယူ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသော ဓား၊ လေးခွ၊ ဂျင်ကလီ၊ လေသေနတ်နှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

လယ်ဝေးမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန်ရည်ရွယ် ပြုလုပ်ထားသော ဓား၊ လေးခွ၊ ဂျင်ကလီ၊ လေသေနတ်နှင့် ဆက်စပ်ပစ္စည်းများ လက်ဝယ်ထားရှိသူနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ နေပြည်တော်၊ လယ်ဝေးမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၃)ရပ်ကွက်၊ ပေတောကုန်း(၁)လမ်း၊ အိမ်အမှတ်(၃/၄၇၈)နေ စိန်လှိုင်ဦး(ခ) ရှမ်းလေး (၄၃)နှစ် (ဘ)ဦးဘမောင်၏ နေအိမ်တွင် ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုရန်အတွက် ဂျင်ကလီများပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြောင်း။

ထိုသို့ ရှာဖွေစစ်ဆေးရာတွင် စိန်လှိုင်ဦး(ခ) ရှမ်းလေး၏ နေအိမ်အောက်ထပ် အိပ်ခန်းအတွင်းမှ အလျား ၆ လက်မခန့်ရှိ အဖျားချွန် ငါးမျှားချိတ်ပုံသဏ္ဌာန်ဂျင်ကလီ ၁၈ ချောင်း၊ လေထိုးတံပါ အလျား ၃ ပေ ၅ လက်မခန့်ရှိသစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသော လေသေနတ် ၁ လက်၊ အရိုးအသွား ၂၉ လက်မခန့်ရှိ ဓားဦးချွန် ၁ ချောင်း၊ လေးခွ ၁ လက်၊ လက်ကိုင်လျှပ်စစ်သံဖြတ်စက် ၁ လုံး၊ လက်ကိုင်လျှပ်စစ်ဖောက်စက် ၁ လုံး၊ လေးခွဖြင့် ပစ်ခတ်ရသည့် ကုံးသီးနှင့် လောက်စာလုံးများ၊



စိန်လှိုင်ဦး(ခ) ရှမ်းလေးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လက်သမားသုံးပစ္စည်းများကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း။ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ လက်ဝယ်တွေ့ရှိသူ စိန်လှိုင်ဦး(ခ) ရှမ်းလေးကို ဥပဒေအရအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ ဆူပူအကြမ်းဖက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသည့် မီးပုလင်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၈**

ပဲခူးမြို့၌ ဆူပူအကြမ်းဖက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ရည်ရွယ် ပြုလုပ်ထားသည့် မီးပုလင်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်အတွင်း တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး လုပ်ငန်းများအပြင် ဆူပူအကြမ်းဖက် ဆန္ဒပြသူများမှ လမ်းမကြီးများ အသုံးပြု၍မရအောင် ပိတ်ဆို့ထားရှိသည့် အတားအဆီးများကို ဖယ်ရှား၍ လမ်းများ ပြန်လည်အသုံးပြုနိုင်ရေးအတွက် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဆူပူအကြမ်းဖက်ဆန္ဒပြမှုများကို မလိုလားသည့် တာဝန်သိ ပြည်သူများနှင့်အတူ ယာဉ်/ယန္တရားများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းတို့အား မြို့၊ ရွာ၊ ရပ်ကွက် အများအပြားတွင် ဆောင်ရွက်လျက်ရှိကြောင်း။

မတ် ၁၈ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ ဥဿာမြို့သစ် (၇) လမ်းမှစတင်၍ ရွှေမော်ဓောဘုရားတောင်ဘက်မုခ်အထိ ဆူပူအကြမ်းဖက်ဆန္ဒပြသူများ ပိတ်ဆို့ထားရှိသော အတားအဆီးများကို ဖယ်ရှားရှင်းလင်းခဲ့ကြောင်း။



သိမ်းဆည်းရမိသော မီးပုလင်းများ



ဆူပူအကြမ်းဖက်ဆန္ဒပြသူများပိတ်ဆို့ထားသည့် အတားအဆီးများအား ဖယ်ရှားရှင်းလင်းစဉ်။

ထိုသို့ ဖယ်ရှားရှင်းလင်းစဉ် ကျိုက်ပွန်ဘုရားမုခ်ဦး အပေါက်ဝအရှေ့ ရန်ကုန်- မန္တလေး ကားလမ်းမကြီး လမ်းလယ်ကျွန်း၌ Sting အချိုရည်ပုလင်းခွံနှင့် Tiger ဘီယာပုလင်းခွံတို့ထဲတွင် ဓာတ်ဆီနှင့် အင်ဂျင်ဝိုင်ရော၍ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန် ရည်ရွယ်ပြုလုပ်ထားသည့် လက်လုပ်မီးပုလင်းများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ဘေးလွတ်ရာသို့ ယူဆောင်ဖျက်ဆီးခဲ့ရကြောင်း သိရသည်။ **သတင်းစဉ်**

# နတ်တလင်းမြို့နယ်၌ အမျိုးသားတစ်ဦးကို တူမီးသေနတ်နှစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

နတ်တလင်းမြို့နယ်၌ အမျိုးသားတစ်ဦးကို တူမီးသေနတ်နှစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၆ နာရီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်စဉ် နတ်တလင်းမြို့နယ် သဖန်းကျေးရွာနေ ဝင်းသန်း (၅၀)နှစ် (ဘ) ဦးမြစည်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြောင်း။

ထိုသို့ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် ပတ်ဝန်းကျင်ရှိ လူစုလူဝေးအင်အား ၂၀ ခန့်က တုတ်၊ ဓား၊ လေးခွတို့ကိုင်ဆောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပိတ်ဆို့ရန်ပြု တိုက်ခိုက်ရန်ကြိုးစားလာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးသေနတ်ဖြင့် ပြန်လည်ပစ်ခတ် လူစုခွဲခဲ့ရပြီး ဝင်းသန်း၏ နေအိမ်အတွင်း ရှာဖွေရန်ဆောင်ရွက်စဉ် ဥပဒေနှင့်အညီ စစ်ဆေးမှုအပေါ် ၎င်းမှ အသာတကြည် ခံယူမှုမရှိဘဲ တူမီးသေနတ်ဖြင့် ပြန်လည်ခုခံပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေး ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ ဝင်းသန်း၏ ဝဲလက်ခုံထိမှန်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ နေအိမ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ တူမီးသေနတ်နှစ်လက်ကို သိမ်းဆည်းရမိခဲ့ကြောင်း။

ထိခိုက်ဒဏ်ရာရရှိသူ ဝင်းသန်းကို အင်းမပြည်သူ့ဆေးရုံသို့ ဆေးဝါးကုသမှုခံယူနိုင်ရေး ပို့ဆောင်ထားရှိပြီး ၎င်းအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် ငွေကျပ်သိန်း ၅၇၃၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် နံနက် ၁၁ နာရီတွင် လဲချားမြို့နယ် လဲချား- မိုင်းကိုင်သွားကားလမ်း မိုင်တိုင်အမှတ်(၄၅)အနီးတွင် ခင်မောင်ကြည် (၄၀)နှစ် မောင်းနှင်ပြီး ဝင်းသန်း(၃၇)နှစ် လိုက်ပါလာသည့် ၆ ဘီးယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၅၇၃၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၁၈,၀၀၀ နှင့် ဘိန်းဖြူ ၁၇ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့သည်။



ခင်မောင်ကြည်နှင့် ဝင်းသန်းတို့နှစ်ဦးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်တွင်၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

| | |
|---|---|
| (က) မြန်မာစာ | (ဌ) စာကြည့်တိုက်နှင့်သုတပညာ |
| (ခ) အင်္ဂလိပ်စာ | (ဍ) ဓာတုဗေဒ |
| (ဂ) ပထဝီဝင် | (ဎ) ရူပဗေဒ |
| (ဃ) သမိုင်း | (ဏ) သင်္ချာ |
| (င) ဒဿနိကဗေဒ | (တ) သတ္တဗေဒ |
| (စ) စိတ်ပညာ | (ထ) ရုက္ခဗေဒ |
| (ဆ) ဥပဒေပညာ | (ဒ)ဘူမိဗေဒ |
| (ဇ) အရှေ့တိုင်းပညာ | (ဓ) ကုန်ထုတ်ဓာတုဗေဒ |
| (ဈ) နိုင်ငံတကာဆက်ဆံရေးပညာ | (န) ကွန်ပျူတာသိပ္ပံပညာ |
| (ည) မနုဿဗေဒ | (ပ) အဏုဇီဝဗေဒ |
| (ဋ) ရှေးဟောင်းသုတေသနပညာ | |

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၂၀၂၁ခုနှစ် ဇွန် ၁ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှမိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြ ရာထူးတွင် လုပ်သက် (၁) နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂) နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့် ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁) နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး **မဟာဘွဲ့အောင်မြင်သူ** ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်း ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့နယ်ပယ် မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့်ပါရဂူဘွဲ့ သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက် မပိုသော) ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၆-၄-၂၀၂၁)ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | ၂၁-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ | သက်ဆိုင်ရာဘာသာရပ် |
| (ခ) | ၂၂-၄-၂၀၂၁ရက် (ကြာသပတေးနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၄-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း ဖုန်း-၀၁-၇၅၃၄၃၉၀၊ ၀၁-၇၅၃၄၀၉၈ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာ**
**ရန်ကုန်တက္ကသိုလ်**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

# ဒေါ်ခင်စန်းမေ (ခ)Susan Kyaw San

### အထက(၁)ရန်ကင်း (ငြိမ်း)

### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၄-ရပ်ကွက်၊ ရန်နိုင်လမ်းသွယ်(၁၄)၊ တိုက်(၁၃၁/၈)နေ (ဦးကျော်ဖံ-ဒေါ်အုန်းတင်)တို့၏ သမီး၊ (ဦးစော Daniel-ဒေါ်မြစိန်)တို့၏ သမီးချွေးမ၊ (ဦးအောင်စိန်)၏ဇနီး၊ ဦးကျော်စွာအောင်-ဒေါ်အေးအေးစိုး၊ ဦးကျော်အေးနိုင်-ဒေါ်အေးဥမ္မာအောင်၊ ဦးလင်းအောင်ထွန်း-ဒေါ်ဇင်မေအောင်တို့၏ မွေးမိခင်၊ မောင်ပုညကျော်၊ မသွန်းနဒီနိုင်၊ မောင်ဟိန်းသစ်စွမ်း၊ မောင်သွင်သစ်စွမ်း၊ မောင်အောင်ဘုန်းခန့်တို့၏ အဘွားဖြစ်သူသည် ၁၈-၃-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၁:၀၀ နာရီ SSC ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၃-၂၀၂၁ ရက် (သောကြာနေ့) နံနက် ၀၉:၀၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်တွင် ဝတ်ပြုဆုတောင်း ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# ရန်ကုန်နည်းပညာတက္ကသိုလ်
# ပါရဂူ(PhD)သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့သင်တန်း(PhD)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-

- (က) မြို့ပြအင်ဂျင်နီယာ (Structural Engineering)
- (ခ) မြို့ပြအင်ဂျင်နီယာ (Water Resources Engineering)
- (ဂ) မြို့ပြအင်ဂျင်နီယာ (Geotechnical Engineering)
- (ဃ) မြို့ပြအင်ဂျင်နီယာ (Transportation Engineering)
- (င) စက်မှုအင်ဂျင်နီယာ (Industrial and Manufacturing Engineering)
- (စ) စက်မှုအင်ဂျင်နီယာ (Solid and Structural Mechanics/ Thermo-Fluids Engineering)
- (ဆ) အီလက်ထရောနစ်အင်ဂျင်နီယာ
- (ဇ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
- (ဈ) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်း အချက်အလက်နည်းပညာ
- (ည) မက္ကာထရောနစ်အင်ဂျင်နီယာ
- (ဋ) ဓာတုအင်ဂျင်နီယာ
- (ဌ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ (Textile Finishing)
- (ဍ) ဗိသုကာ

၂။ ပါရဂူဘွဲ့(PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၁ ခုနှစ် ဇွန်လ(၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့် စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြသရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူ ဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူ ဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ ၃ နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့် စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြသရုပ်ပြ (သို့မဟုတ်) ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသန အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ် အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ ၃ မျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၆-၄-၂၀၂၁ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပါရဂူဘွဲ့(PhD)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | ၂၁-၄-၂၀၂၁ (ဗုဒ္ဓဟူးနေ့) | ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ | သက်ဆိုင်ရာဘာသာရပ် |
| (ခ) | ၂၂-၄-၂၀၂၁ (ကြာသပတေးနေ့) | ၀၉:၀၀ နာရီမှ ၁၂:၀၀ နာရီ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၈-၄-၂၀၂၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့ စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမော်ကွန်းထိန်း (ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃/၀၁-၉၆၆၅၇၅၃ ) ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း/ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

ဇီဝမျိုးစုံမျိုးကွဲတွေ

ကြွယ်စေဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၆၇၉)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဒေါ်သန်းမြင့် အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်သန်းမြင့် (ကိုယ်စား) ဦးမောင်မောင်ရဲဝင်း (ဘ)ဦးရဲမြင့် ၉/မနမ(နိုင်)၁၀၈၈၁၄ မှ မြေချစလစ်၊ နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ် စည်ပင်သာယာ တရားရုံးကျမ်းကျိန်လွှာအမှတ် (၃၃၇/၂၀၂၁) နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မှုရင်းများ တင်ပြပြီး မြေပေးမိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

# ဦးစိုးညွန့်(ခ)အရှည်ကြီး

### အားကစားဓာတ်ပုံသတင်းထောက်

### အသက် (၇၀)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ သိင်္ဂီ(၃)လမ်း၊ အမှတ် (၃၆၁)နေ (ဦးလှမြင့်-ဒေါ်မြသင်)တို့၏သား၊ ဒေါ်ရင်ရင်မြိုင်၏ခင်ပွန်း၊ ဒေါ်သန်းသန်းလှ၏မောင်၊ ဒေါ်ခိုင်ဝါစိုး၊ ဦးကိုကိုစိုးညွန့်-ဒေါ်ခင်သူဇာဝင်း၊ ဦးဇော်ဇော်စိုးညွန့်-ဒေါ်သီတာဝင်း၊ ဒေါ်အိဝါစိုးညွန့်၊ ဦးညီညီစိုးညွန့်တို့၏ဖခင်၊ မောင်သော်ဇင်စိုးညွန့်ဇော်၊ မယဉ်ဘုန်းသံသာ၊ မောင်စိုးညွန့်ဘုန်းသော်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၁ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီ ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၁ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြ ရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင်၊ နေပြည်တော်အုတ်စက်ရုံတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ကျောက်မီးသွေး ၃၀၀၀ တန်အား တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအစား | ဝယ်ယူမည့်တန် | ရေငွေ့ပါဝင်မှုနှုန်း | အပူဓာတ်ပေးသည့်နှုန်း |
|---|---|---|---|---|
| (က) | မကွေးတိုင်း ဒေသထွက် ကျောက်မီးသွေး | ၃၀၀၀တန် | ၁၂% | 5000 K Cal/kg,9150Btu/Lb |

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၀-၃-၂၀၂၁ရက်

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၀-၄-၂၀၂၁ရက် ညနေ ၄နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်-

- နေပြည်တော်အုတ်စက်ရုံ၊ ပျဉ်းမနား - တောင်ညိုကားလမ်း၊ မိုင်တိုင်၁၆/၄၊ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၄၃၁၃၂၇၄၉၊ ၀၉-၄၂၀၇၁၇၆၆၄

**တင်ဒါကော်မတီ**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက် ရွှေ့ဆိုင်းကြောင်းကြေညာခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမော် တော်ယာဉ်ဝင်းရှိ (၂)ထပ်ရုံး (၁)ရုံးအပါအဝင် အဆောက်အအုံ (၄)လုံးနှင့် မြေကွက်လွတ် (၆၅၇) စ/မီတာတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းခြင်းကို ၂၄-၃-၂၀၂၁ရက်နေ့ တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ၂၃-၂-၂၀၂၁ ရက်နှင့် ၂၄-၂-၂၀၂၁ရက်နေ့ထုတ် မြန်မာ့ အလင်းသတင်းစာတွင် ကြော်ငြာခဲ့ခြင်း အပေါ်ရုံးလုပ်ငန်းလိုအပ်ချက်အရ တင်ဒါယှဉ်ပြိုင်မည့်ရက်အား ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာ အပ် ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ ဦးပိုင်အမှတ် (၄၅/၂)၊ မြေဧရိယာ ၁ဒသမ၀၀ ဧက ရှိမြေကွက်ကို ဦးစိုင်းမောင်မောင်အမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့်မြေကွက်ဖြစ်ပြီး ၂၉-၃-၂၀၁၈ရက်တွင် ဦးစိုင်းမောင်မောင်ထံမှ ဦးမျိုးသီဟက နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကာ ဦးမျိုးသီဟ ၉/ပကခ(နိုင်)၀၀၆၈၉၄ အမည်ဖြင့် မြေငှား ဂရန်အသစ်ရရှိရေးအတွက် ၃-၁၂-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၄၆/၂၀၁၉)ကို ၉-၁၂-၂၀၁၉ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံ တင်အမှတ် (၇၈၉/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာ ဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ကွင်းအမှတ်(၇၂)၊ ဦးပိုင်အမှတ်(၄၅/၁)၊ မြေဧရိယာ(၁ဒသမ၇၉၆)ဧကရှိမြေကွက်ကို ဒေါ်အေးရင်အမည်ဖြင့် ပိုင်ဆိုင်ခဲ့သည့်မြေကွက်ဖြစ်ပြီး (၂၉-၃-၂၀၁၈) ရက်တွင် ဒေါ်အေးရင်ထံမှ ဦးမျိုးသီဟက နှစ်ဦးသဘောတူအ ရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြကာ ဦးမျိုးသီဟ ၉/ပကခ(နိုင်) ၀၀၆၈၉၄အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် (၃-၁၂-၂၀၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၃၄၇/၂၀၁၉)ကို (၉-၁၂-၂၀၁၉) ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၄၄/၂၀၁၉)အဖြစ် မှတ်ပုံတင်ပြုဆို တင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီ၊ ဦးပိုင်အမှတ်(၁၂)၊ ဧရိယာ (၀ဒသမ၀၇၆) ဧကရှိ ဦးဝင်းလွင်(ပါ) ၈ ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ဝင်း ၉/ပမန(နိုင်)၀၆၅၃၈၉ နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၃/၂၀၂၀။ ၂၀၄/၂၀၂၀ ရသူ ဦးအောင်ကိုဦး ၉/ပမန(နိုင်)၂၃၄၈၆၁ တို့မှ ဘိုးဘပိုင်မြေကွက် အမည်ပြောင်းမိန့် နိုင်ငံသားစိစစ်ရေးကတ် အိမ်ထောင်စု လူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ခင်ဝင်း ၉/ပမန(နိုင်) ၀၆၅၃၈၉ နှင့် အပြီးအပိုင်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

သွေးသည် အသက်

# ဦးတင်ဝင်း

### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၂၄)၊ အခန်း(C)၊ အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်နေ (ဦးရွှေလင်း-ဒေါ်ကျင်ယုံ)တို့၏သား၊ ဒေါ်မြမြသိန်း-(ဦးခင်မောင်ဝင်း)၊ ဦးအောင်ကျော်-ဒေါ်စီစီဝင်းတို့၏မောင်၊ ဒေါ်သန့်ဇင်-ဦးသန့်ရွှေ၊ ဒေါ်မေဇင်၊ ဦးစိုးနိုင်-ဒေါ်အေး မြင့်မြင့်အောင်၊ ဦးစိုးသိန်းတို့၏အစ်ကို၊ တူ တူမ (၆)ဦးတို့၏ဦးလေး ဦးတင်ဝင်းသည် ၁၅-၃-၂၀၂၁ ရက် (တနင်္လာနေ့) ည ၈:၄၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၂၁ ရက် (အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီး/ရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင် ခရိုင်ကြီးကြပ်ရေးအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့ရှိ နိုင်ငံတော်အရန်ရိက္ခာ စားအုန်းဆီ (၁၈ လီတာ၊ Jerry Can)နှင့် (2x9 Liter) Jerry Can With Box) (၁၁၂၀၉)ပုံးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ဤကြော်ငြာပါသည့်ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို (၅-၄-၂၀၂၁)ရက် ညနေ ၄နာရီနောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာမှာ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံး၊ မုံရွာမြို့ ဖြစ်ပါ သည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၇၁-၂၂၉၂၄၊ ၀၇၁-၂၃၆၃၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၆၉ နှင့် ဆက်နွယ်သည့်**
**၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ် - ၇**

ဦးခိုင်ဇော်လင်း **ဒီကရီအနိုင်ရသူ** **နှင့်** ဦးအောင်ဝင်း **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၁၆ လမ်း၊ (၁၅)ကွက်၊ အမှတ်(၁၁၁)နေ တရားရှုံး ဦးအောင်ဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးခိုင်ဇော်လင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် မတ် ၃၁ရက် (၁၃၈၂ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ ခုနှစ် မတ် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်စိုး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

# မသက်ဆိုင်တော့ပါကြောင်း

တောင်ကြီးမြို့၊ မြို့မရပ်၊ ပြည်တော်အေးလမ်း၊ အမှတ်(၃၅)နေ ဦးစိုင်းအောင်ကိုကို ၁၃/တကန(နိုင်)၁၄၃၇၆၃နှင့် ဒေါ်ခိုင်ဇင်နွယ် ၇/သနပ(နိုင်)၁၃၈၃၉၃တို့သည် (၁၅-၆-၂၀၁၉) ရက်မှစ၍ နှစ်ဦးသဘောတူကွာရှင်းခဲ့ကြပြီး ဖြစ်၍ ဒေါ်ခိုင်ဇင်နွယ်နှင့်ပတ်သက်သည့် ကိစ္စအဝဝအား ဦးစိုင်းအောင်ကိုကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်ကိုကို ၁၃/တကန(နိုင်) ၁၄၃၇၆၃**
**တောင်ကြီးမြို့**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**လားရှိုးမြို့နယ်တရားမရုံးတော်၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၃၆**
**၂၀၂၀ပြည့်နှစ် တရားမဇာရီမှုအမှတ်-၁၃**

ဦးအားဖာ ဒီကရီအနိုင်ရသူ နှင့် ဦးဖတ်ကြာ တရားရှုံး

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၇)၊ အိမ်အမှတ်(၂၆၅)နေ ဦးဖတ်ကြာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၆တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဦးအားဖာက လျှောက်ထား သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ ၂၀၂၁ ခုနှစ် ဧပြီ ၅ရက် မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၁ ခုနှစ် မတ် ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**လားရှိုးမြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

ကျောက်တော်မြို့၊ ကြက်ခပ်ပြင် ကျေးရွာနေ ဦးမောင်စိန်ဝင်း၏သမီး မအေးသန်းမေ ၁၁/ကတန(နိုင်)၁၃၇၃၆၉ ၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ (၁၃-၃-၁၉၉၉)ဖြစ်ပါကြောင်း။

## အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ မီးလောင်ထော့ကျေးရွာအုပ်စု၊ ကျီချောင်းဝကျေးရွာနေ ဦးငွေသင်၏သား ဦးချစ်ရွှေ ၁၁/မအန(နိုင်)၀၀၆၅၆၀၏ အမည်မှန်မှာ ဦးချစ်ဆွေဖြစ်ပါကြောင်း။

**ဦးချစ်ဆွေ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဗဟန်းမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲရုံပေါင်း ၂၁၁ ရုံ | ၁၇၄၇၅၁ | ၁၃၉၆၄၇ | ၁၁၁၁၉ | ၂၃၅ | ၈၈၆၀ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဲရုံပေါင်း ၆၅ ရုံ | ၆၇၂၂၂ | ၃၆၇၇၈ | ၁၄၁၁ | ၃ | ၁၃၀၂ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မဲရုံပေါင်း ၂၂၉ ရုံ | ၂၂၂၂၇၅ | ၁၇၆၄၅၄ | ၃၃၆၃၅ | ၆၇၅ | ၁၃၈၄၄ |
| ၄ | ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မဲရုံပေါင်း ၁၉၂ ရုံ | ၁၃၂၂၀၈ | ၁၁၃၆၅၁ | ၁၈၀၁၇ | ၁၁၈ | ၄၆၅၆ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မဲရုံပေါင်း ၁၇၅ ရုံ | ၁၉၉၄၇၄ | ၁၀၉၉၁၀ | ၂၆၂၈၀ | ၆၈၈ | ၁၃၁၀၂ |

စာမျက်နှာ ၁၀ ကော်လံ ၁ ❖

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၁၈**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို COVID-19 ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၇ ရက် နှင့် ယနေ့တို့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား မဏိဇောတိက ကျွဲရှင်းကျောင်းတိုက် ဓမ္မဝိစယဗိမာန်တော်၌ လည်းကောင်း၊ ကချင်ပြည်နယ် ဗန်းမော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အေးသာယာမြို့၊ ကလောမြို့၊ စာမျက်နှာ ၈ ကော်လံ ၁ ✻



# ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ ခုနစ်နှစ်အကြာတွင် ပထမဆုံးအကြိမ် တက်ရောက်ခဲ့တဲ့ ချယ်ဆီး



ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်ဆီးနှင့် အက်သလက်တီကို မက်ဒရစ်အသင်းတို့ပွဲစဉ်ကို မတ် ၁၈ ရက် နံနက်ပိုင်းက ချယ်ဆီးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်ဆီးအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-ဂိုးမရှိဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ ချယ်ဆီးအသင်းအတွက် ဂိုးများကို ဇီယက်နှင့် အီမာဆင်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ချယ်ဆီးအသင်းသည် အေတီမက်အသင်းကို အသာစီးရယူနိုင်ရန်အတွက် မန်ဒီ၊ အက်စ်ပီလီကျူတာ၊ ဇူးမား၊ ရူဒီဂါ၊ ဂျိမ်းစ်၊ ကန်တီ၊ ကိုဗာဆစ်၊ အလွန်ဆို၊ ဇီယက်၊ ဟာဗက်ဇ်၊ ဝါနာ စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ အေတီမက်အသင်းကလည်း ချယ်ဆီးအသင်းကို အသာရရှိရန်အတွက် အော့ဘလက်၊ လိုဒီ၊ ဂျီမီနက်ဇ်၊ ဆာဗစ်၊ ထရစ်ပီယာ၊ ကာရက်စ်ကို၊ နီဂွက်ဇ်၊ ကိုကီ၊ လော်ရန်တီ၊ ဖီးလစ်၊ ဆွာရက်ဇ်စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ စာမျက်နှာ ၂၂ ကော်လံ ၁ ●

**ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ဆေးတွေ အရှိန်မြှင့်တင် ထိုးပေးနေချိန်မှာ ကိုရိုနာဗိုင်းရပ်စ် တတိယအကျော့နဲ့ ရင်ဆိုင်နေရတဲ့ အီတလီ**

နိုင်ငံတကာရေးရာ စာ ၁၄